www.kantarawaddytimes.org

Monthly

KANTARAWADDY TIMES

Accurate *Reliable* *Trustworthy*

အတွဲ – ၇ ၊ အမှတ်စဉ် – ၁၈ ကွန္ရာရဝတီတိုင်း(မ်)ဂျာနယ် ဒီဇင်ဘာလ ၁ ရက်နေ့၊ ၂၀၁၉ ခုနှစ်

လူငယ် ၆ ဦးအပေါ် တရားရုံးက ချမှတ်တဲ့ပြစ်ဒဏ် ပြည်နယ်အစိုးရမကျေနပ်

စာ – ၉

အမျိုးသမီး အကြမ်းဖက်မှုပပျောက်ဖို့ လှုပ်ရှားသည့်ပွဲ တားဆီးပိတ်ပင်ခံရ
စာ – ၄

စစ်တပ်သိမ်း မြေတွေ ဥပဒေနှင့်မကိုက်ညီပါက ပြန်ပေးရမယ်လို့ တရားလွှတ်တော်ရှေ့နေပြော
စာ – ၁၅

လက်မှုတူရိယာဖြင့် အသက်မွေးဝမ်းကြောင်းပြုနေတဲ့ ဇနီးမောင်နှံ
စာ – ၇

“တောင်သူလယ်သမားတွေအတွက် နိုင်ငံတော်အစိုးရအနေနဲ့ အစီအစဉ်ရေးဆွဲချမှတ်ပြီး ဖြေရှင်းသင့်ပြီ”
စာ – ၁၈

၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလတွင် စတင်ဖြန့်ချိသည်။

ဒို့ကယန်းတောင်တန်းသည် ရွှေလိမ္မော်တောင်တန်းဖြစ်စေရမည်။
ရွှေသီး လိမ္မော်စိုက်ပျိုးရေးနှင့် ထောပတ် - သံပရာ- ကော်ဖီ (ပျိုးပင်) ရောင်းဝယ်ရေး
ဝန်ဆောင်မှုများ
၁။ မျိုးကောင်းမျိုးသန့် ပျိုးပင်များသာ ဖြန့်ချိရောင်းချသွားမည် ဖြစ်ပါသည်။
၂။ ပျိုးပင် (၃၀၀) ပင် အထက်ဝယ်ယူ အားပေးသူအား အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါသည်။
၃။ စိုက်၊ ပြုစုနည်း စနစ်များအား မျှဝေကူညီဆောင်ရွက်ပေးပါသည်။
၄။ ရာသီဥတုဒဏ်၊ ပိုးမွှားအန္တရာယ်များ ကာကွယ်ကူသသည့် စနစ်များ မျှဝေကူညီဆောင်ရွက်ပေးပါမည်။
၅။ စံချိန်မီသော သီးနှံအရည်အသွေး ၊ ဈေးနှန်း၊ ဈေးကွက် ရရှိစေရေးအတွက် မျှဝေကူညီဆောင်ရွက်ပေးပါသည်။
ဆက်သွယ်ရန် - ဦးချစ်ငွေ - ဆီးပူးပလော့ရွာ လိုဘာခိုအုပ်စု ၊ ဒီးမော့ဆိုမြို့နယ်
ဖုန်း - ၀၉-၇၈၂၈၅၀၀၉၇ ၊ ၀၉ ၄၄၈ ၅၂၅ ၂၈၂

ဒေသတွင်း သတင်း

NLD အစိုးရက ပြည်သူအရေးထက် တပ်မတော်ရင်ကြားစေ့ရေးပိုဦးစားပေးနေ

ကန္တာရဝတီတိုင်း(မ်)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အစိုးရ လက်ထက်မှာ ပြည်သူများအရေးအထက် တပ်မတော်နှင့် ရင်ကြားစေ့ရေးကိုပဲ ပိုဦးစားပေး ဆောင်ရွက်နေတယ်လို့ ကယန်းအမျိုးသမီး အစည်းအရုံးက သုံးသပ်ပြောဆိုလိုက်သည်။

နိုဝင်ဘာလ (၉) ရက်ကနေ (၁၀)ရက်နေ့မှာ ပြုလုပ်သွားကြတဲ့ ကယန်းအမျိုးသမီး အစည်းအရုံး၏ တတိယညီလာခံ၏ ပထမ ခြောက်လပတ် အစည်းအဝေးအပြီး ထုတ်ပြန်ကြေငြာလိုက်တာ ဖြစ်ပါတယ်။

ကရင်နီပြည်နယ် အတွင်းမှာဆိုရင်လက်ရှိ ကရင်နီလူငယ်အရေးတွေရှိမယ်၊ တောင်သူအရေးတွေရှိမယ်အဲဒါတွေကို အစိုးရကနေ သိနေပေမယ့်လို့ ပြည်သူဘက်ရပ်တည်မပေးဘူးလို့ ကယန်းအမျိုးသမီးအစည်းအရုံး ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် မူထရေးဇာကပြောလိုက်ပါတယ်။

"ဒါပေမဲ့ ဒီအပေါ်မှာ တစ်စုံတရာဘာမှမပြောဘူး ဒီအတိုင်းဘဲလွတ်ထားပေးတယ်။" လို့မူထရေးဇာက ပြောပါတယ်။

တောင်သူအမျိုးသမီးတွေလည်း တရားရင်ဆိုင်နေကြရတာတွေကြည့်မယ်ဆိုရင် အမျိုးသမီး အခွင့်အရေးဆုံးရှုံးနေတယ်လို့လည်း Future Women Association မှ ဒါရိုက်တာ ဒေါ်စန္ဒာဝင်းကပြောပါတယ်။

"အမျိုးသမီးတွေကို တရားစွဲနေတာမတရားမှန်း လူတိုင်းသိတယ်၊ အခုလို သူတို့တရားစွဲခံရပြီး အချုပ်ထဲကနေ အမှုရင်ဆိုင်နေရတော့ သူတို့အတွက်၊ သူတို့မိသားစုအတွက် အခက်အခဲတွေ အများကြီး ရှိနေတယ်။" လို့ ဒေါ်စန္ဒာဝင်းက ပြောထားပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်မှာ တပ်မတော်ကနေ အလိုကျဦးဆောင်နေခြင်းကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်ရှေ့ဆက်မတိုးနိုင်ခြင်း၊ လက်နက်ကိုင်အကြားအပြန်အလှန်လေးစားမှုမရှိခြင်းနှင့် တပ်မတော်မှ တိုင်းရင်းသား နယ်မြေတွင်စစ်အင်အားတိုးချဲ့နေခြင်း၊ တိုင်း ရင်းသားလူမျိုးတို့၏သမိုင်းကို ဖော်ထုတ်သည့် ကရင်နီ လူငယ်များကို ဖမ်းဆီးထောင်ချခြင်းနှင့်တောင်သူတို့၏ လယ်မြေများကို စစ်တပ်မှမတရား သိမ်းပိုက်နေခြင်းများကိုပြင်းထန်စွာရှုတ်ချကြောင်းနှင့်

မဟာလူမျိုးကြီးဝါဒကို ဆက်လက်တွန်းလှန်သွားမည်ဖြစ်ပြီး စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် မိမိတို့နှင့် ခံယူချက်တူညီသည့် မဟာမိတ် အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်သွားမည်လို့ ကယန်းအမျိုးသမီး အစည်းအရုံးက ထုတ်ပြန်ထားပါတယ်။

သီးနှံအမြန်ဆုံး ရိတ်သိမ်းရသည့်အတွက် တောင်သူများ အခက်တွေ့

ကန္တာရဝတီတိုင်း(မ်)

ကယား(ကရင်နီ)ပြည်နယ် ဒီးမော့ဆိုမြို့နယ် ဒေါဆိုရှေ့ကျေးရွာရှိတောင်သူတွေကို ရိတ်သိမ်းချိန် အမြန်ရိတ်သိမ်းဖို့ စစ်တပ်က ပြောလာတယ်လို့ အမည်မဖော်လိုတဲ့ တောင်သူတစ်ဦး နိုဝင်ဘာလ ၆ ရက်နေ့က ပြောပါတယ်။

ရွာမှာ တရားစွဲဆိုထားလို့ ထောင်ကျနေတဲ့ သူတွေကလည်းကျဖြစ်နေချိန်မှာ ရွာမှာအလုပ်လုပ်မည့်သူတွေ နည်းပါးနေပါတယ်။ ဒါကြောင့် အမြန်ဆုံး ရိတ်သိမ်းဖို့ ကြိုးစားလိုက်ရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ဒေါဆိုရှေ့တောင်သူ လက်ရှိတပ်သိမ်းမြေယာပေါ်တွင် အများစု ပြောင်းနှင့် တောင်ယာစပါးများ စိုက်ပျိုးထားကြပြီးဧက၃၀၀ကျော်စိုက်ပျိုးထားသည်ဟု သိရသည်။

လက်ရှိ ကယားပြည်နယ်အတွင်းတွင် စစ်တပ်မှ တရားစွဲဆိုခံထားရသည့် တောင်သူ ၂၂ ဦး ရှိပြီး ထောင်ချုပ်ကျနေသူ ၁၂ ဦးရှိသည်။

လက်မှုတူရိယာဖြင့် အသက်မွေးဝမ်းကြောင်းပြုနေတဲ့ ဇနီးမောင်နှံ

မော်ဦးမြို့ ရေးသားသည်။

ကိုယ်တိုင် ပြုလုပ်ထားတဲ့ လက်မှု တူရိယာတွေကို တစ်နေ့ပြီးတစ်နေ့ လက်ထဲကနေ မချနိုင်ပဲ လာရောက်လည်ပတ်တဲ့ ဧည့်သည်တော်တွေကို ဖျော်ဖြေပေးနေရတာကတော့ အသက် ၇၂ နှစ် အရွယ် ဦးမိရယ်နဲ့ အသက် ၇၀ အရွယ် ဇနီးဒေါ်စိုးမြာတို့ပဲ ဖြစ်ပါတယ်။

သူတို့ ဇနီးမောင်နှံနှစ်ဦးဟာ ဒီးမောဆိုမြို့နယ်၊ တနီးလားလဲကျေးရွာမှာ နေထိုင်ပါတယ်။ လက်ရှိမှာတော့ တနီးလားလဲကျေးရွာဟာ ပြည်နယ်အစိုးရမှ ခရီးသွားကျေးရွာအဖြစ် သတ်မှတ်ထားတဲ့ နေရာတွေထဲက တစ်နေရာအဖြစ် ပါဝင်နေပါတယ်။

ပြည်တွင်း၊ပြည်ပက ခရီးသွားဧည့်သည်တွေ လာရောက်လည်ပတ်တိုင်း သူတို့ဇနီးမောင်နှံက သူတို့ကိုယ်တိုင် ပြုလုပ်ထားတဲ့ ဝါးတူရိယာတွေကို တီးခတ်ပြပြီး ကယားရိုးရာတေးတွေကိုလည်း သီဆိုပြလေ့ရှိပါတယ်။

“ဘာအကျိုးတွေရလဲဆိုတော့ သူတို့ရောက်လာတော့ ကျတော်တို့ ငယ်ငယ်တုန်းကဆိုရင် မမြင်ဖူးဘူးလေ။ အခု အသက်ကြီးလာမှ မြင်ဖူးတာ။ သူတို့ကို ကြိုဆိုပါတယ်။ နေ့တိုင်းလာတယ်။ ကျတော်တို့က တီးပြဆိုပြတယ်။ဒါပေမဲ့ကျတော်တို့ရဲ့ရိုးရာတေးတွေပဲ ဆိုပြနိုင်တယ်လေ။ သူတို့တော့ နားမလည်ဘူးပေါ့။ သူတို့ အပျော်လောက်ပဲ နားထောင်မှာပေါ့။” လို့ ဦးမိရယ်က သူတို့ တီးခတ်၊ သီဆိုပြရတာတွေနဲ့ ပတ်သက်ပြီး လက်ထဲမှာ ဝါးဂီတာလေးကိုင်ကာ တီးခတ်ပြတချို့သော ဝါးဂီတာကိုတော့ ခေတ်ပေါ်တေးတွေမှာ တီးခတ်တဲ့ ဂီတာတွေမှာ အသုံးပြုတဲ့ သံကြိုးနဲ့ ပြုလုပ်ထားပါတယ်။ သံကြိုးနဲ့ ပြုလုပ်ထားတဲ့ ဝါးဂီတာတွေက ပိုပြီး အသံထွက်ကောင်းတယ်လို့ သိရပါတယ်။

ဦးမိရယ်ဟာ ဆယ်ကျော်သက် အရွယ်မှာ မိဘတွေရဲ့ လက်ဆင့်ကမ်းမှုကြောင့် ပြုလုပ်တတ်တာဖြစ်ပြီး တီးခတ်၊ သီဆိုလာနိုင်တာ ဖြစ်တယ်လို့ သိရပါတယ်။ ဦးမိရယ်တို့ ခေတ်တုန်းကဆိုရင် ဖုန်း၊ ရေဒီယို၊ ကက်စက်တွေ မရှိသေးတာကြောင့် အပျိုမတွေရဲ့ အိမ်ကို အလည်သွားတဲ့အခါမှာ လက်ဖြင့်ပြုလုပ်ထားတဲ့ တူရိယာတွေကို ယူသွားပြီး တီးခတ်၊ သီဆိုကာ ချစ်ရေးဆိုခဲ့ကြတယ်လို့ သိရပါတယ်။

ဦးမိရယ်ကတော့ ဇနီးဖြစ်သူ ဒေါ်စိုးမြာနဲ့ တွေ့ဆုံစဉ်မှာ ဝါးဂီတာလေးကို တီးခတ်ပြီး ချစ်ရေးဆိုခဲ့ရင်း ယနေ့အထိ လက်တွဲလာနိုင်တာ ဖြစ်တယ်လို့ သူတို့ နှစ်ဦးလုံးက ငယ်ဘဝအကြောင်းတွေကို ပြုံးရင်းရယ်ရင်း ပြန်ပြောင်းပြောပြပါတယ်။

“ပျော်တာပေါ့။ ကိုယ့်ဆီလာလည်ပြီးဒါတွေတီးတော့ တော်တော်လေးပျော်တယ်လို့ ခံစားမိခဲ့တယ်။” လို့ ဇနီးဖြစ်သူ ဒေါ်စိုးမြာက သူမဆီကို ဦးမိရယ် လာလည်ပြီး ဝါးဂီတာတီးကာ ချစ်ရေးဆိုခဲ့တဲ့ အချိန်က အကြောင်းတွေကို ရှက်ပြုံးပြုံးရင်း လက်ထဲက ဝါးဂီတာလေးကိုင်ကာ တီးခတ်ရင်း၊ စကားစမြည်ပြောရင်း ပြန်ပြောင်း ပြောပြပါတယ်။

လက်ရှိမှာတော့ သူ(ဦးမိရယ်)တစ်ယောက်ရာမှာ ကုမ္ပဏီတွေကနေတစ်ဆင့် ဒေသခံတွေကို ဆက်သွယ်ပြီး လာရောက် လည်ပတ်တဲ့သူတွေရှိသလို တိုက်ရိုက်ဝင်လာတဲ့ ပြည်တွင်းခရီးသွား ဧည့်သည်တွေလည်း ရှိပါတယ်။

“သက်ဆိုင်သူတွေကို ပြောချင်တာက ကျတော်တို့ကို လုပ်အားခလေး နည်းနည်း တိုးပေးပေါ့နော်။ စကားပြန်တို့ ပြီးတော့ တခြားသောဆက်သွယ်သူတွေက ပိုပြီးတော့ အများကြီး ရသွားတယ်လေ။ ကျတော်တို့ဒေသခံတွေကရတာ နည်းတာပေါ့အဲ့တာလေးပဲ ပြောချင်တာပါ။” လို့ ဦးမိရယ်ကသက်ဆိုင်တဲ့ ဆက်သွယ် ပေးသူတွေကို အခုလိုပဲ ပြောကြားသွားတာပါ။

လက်ရှိမှာတော့ ကယားပြည်နယ်မှာ လက်မှုတူရိယာ ပြုလုပ်သူတွေ ရိုးရာတေး သီဆိုနိုင်သူတွေ အလွန် နည်းပါးတဲ့အတွက် ယနေ့ခေတ်လူငယ်တွေကို သင်ယူစေလိုတယ်လို့ ဦးမိရယ်က ပြောပါတယ်။

“ဘယ်လိုဖြစ်စေချင်လဲဆိုတော့ သား၊သမီးမြေးတွေကို တတ်စေချင်တယ်။ သူတို့ကို တအားနဲ့ သင်ယူစေချင်တယ်။ ဒါတွေ မပပျောက်သွားဖို့အတွက် ပေါ့။ သူတို့ကို ခေါ်တယ်။ သင်ပေးမယ် ပြောလည်း မလာကြဘူးလေ။ ကျတော်တို့က အသက် ကြီးပြီလေ။ ကျတော်တို့ မရှိတော့ရင် ပျောက်သွားရုံပဲပေါ့။” လို့ ဦးမိရယ်က ပြောသွားပါတယ်။

ဦးမိရယ်တို့ ဇနီးမောင်နှံဟာ တခြားသော တောင်ယာ၊လယ်ယာ အလုပ်တွေကို မလုပ်နိုင်တော့တဲ့အတွက် အခုလို ကိုယ်တိုင်ပြုလုပ်ထားတဲ့ လက်မှုတူရိယာတွေနဲ့ ခရီးသွားဧည့်သည်တွေကို ဖျော်ဖြေပေးနေရတာကနေ အသက်မွေးဝမ်းကျောင်း ပြုနေရတယ်လို့ ဆိုရင်လည်းမမှားပါဘူး။

ဦးမိရယ်တို့ ဇနီးမောင်နှံတွေလိုပဲ တခြားသော လက်မှုပစ္စည်း ထုတ်လုပ်သူတွေ မြောက်များစွာ ရှိနေပါတယ်။ သူတို့အတွက် တစ်နိုင်တစ်ပိုင် ဝင်ငွေလေးတွေ ရရှိဖို့အတွက် ဈေးကွက်တွေလည်း အသက် ဝင်ဖို့ လိုအပ်နေပါတယ်။ ဒေသထွက် လက်မှုပစ္စည်းတွေကို အသိအမှတ်ပြုပြီး ဈေးကွက်တွေကို ဖော်ဆောင် ပေးနိုင်ဖို့ကတော့ အစိုးရကသာ တာဝန်အရှိဆုံး ဖြစ်ပါတယ်။

ရင်း ပြောပြနေပါတယ်။

ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်တွေ နေ့စဉ်လာရောက်လည်ပတ်တာကြောင့် တချို့သော ခရီးသွားဧည့်သည်တွေက ဝါးတူရိယာတွေကို အပြန်လက်ဆောင်ဖြစ် ဝယ်ပြန်လေ့ရှိကြတယ်လို့ ဦးမိရယ်က ပြောပါတယ်။

သူပြုလုပ်ထားတဲ့ လက်မှုတူရိယာတွေကတော့ ဝါးဂီတာ(ဗယ်ကလို့)၊ ဝါးပုလွေ(ပိကလက်)၊ တီ(ကြိုးလေးချောင်းပါတဲ့ ဂီတာအငယ်)၊ ဝါးဖြင့် ပြုလုပ်ထားတဲ့ လေးနဲ့မြွားစတာတွေကို ကိုယ်တိုင်ပြုလုပ်ပြီး ဧည့်သည်တွေကို တီးခတ်၊သီဆိုပြလေ့ရှိပါတယ်။ နေ့စဉ်တီးခတ်ပြရတဲ့အတွက် ဧည့်သည်များတဲ့နေ့တွေမှာဆိုရင် လက်ချောင်းတွေ နာတဲ့အထိ တီးခတ်ပြရတယ်လို့ သူတို့ ဇနီးမောင်နှံနှစ်ဦးက ပြောပါတယ်။

ဒီတူရိယာတွေကို ဝါးနဲ့ ပြုလုပ်ထားတာ ဖြစ်ပြီး ဝါးကို ခြောက်အောင်ထားမှသာလျှင် တီးခတ်တဲ့အခါမှာ ပိုပြီး အသံထွက်ကောင်းပါတယ်။ ဝါးဂီတာတွေမှာ မိမိနှစ်သက်တဲ့ အရွယ်အစားအလိုက် ပြုလုပ်နိုင်ပြီး ကြိုး ရှစ်ချောင်းပါဝင်ပါတယ်။

အသံကိုညှိဖို့အတွက် ကြိုးနဲ့ ထိန်းထားတဲ့ ဝါးနဲ့ ပြုလုပ်ထားတဲ့ အံစာတုံးလို ပုံစံမျိုးလည်း ပါဝင်ပါတယ်။ တည်းတီးခတ်တာ မဟုတ်ပဲ သူ့ရဲ့အမျိုးသမီးပါတီးခတ်ပြီး ရိုးရာတေးတွေကိုလည်း သီဆိုရင်း လာရောက်လည်ပတ်တဲ့ ဧည့်သည်တွေကို သူတို့ ဇနီးမောင်နှံနှစ်ဦးက ဖျော်ဖြေပြကြပါတယ်။

ဦမိရယ်ပြုလုပ်ထားတဲ့ လက်မှု တူရိယာတွေကို ကြိုက်နှစ်သက်တဲ့ ဧည့်သည်တွေကတော့ အပြန်လက်ဆောင်အဖြစ် ဝယ်ကြပါတယ်။ ဒီကနေ တစ်ဆင့် ဦးမိရယ်တို့ ဇနီးမောင်နှံဟာ တစ်ဖက်တစ်လမ်းကနေ ဝင်ငွေတွေ ရရှိနေတာပါ။

“ကျတော် တိုင်းရင်းသား ရိုးရာအမွေအနှစ်ကို ထိန်းသိမ်းတဲ့အတွက် ဝယ်တာပါ။ ကျတော့်ဆီမှာ ရိုးရာပစ္စည်းတွေအများကြီးရှိတယ်။ကျတော်ရောက်တဲ့ နေရာတိုင်းမှာ ကျတော်ဝယ်ပြီး သိမ်းပါတယ်။” လို့ ရန်ကုန်မြို့မှ လာရောက်လည်ပတ်သူ ဦးအောင်နိုင်က ဝါးနဲ့ ပြုလုပ်ထားတဲ့ ဝါးဂီတာကို ဝယ်ပြန်ရတဲ့ အကြောင်းရင်းကို ပြောပြပါတယ်။

ကယားပြည်နယ် NLD အစိုးရရဲ့ သုံးနှစ်တာ ဆောင်ရွက်ချက်တွေ ထဲမှာ ခရီးသွားလုပ်ငန်းက အဓောင်မြင်ဆုံး ဖြစ်တယ်လို့ ပြည်နယ်ဝန်ကြီးချုပ်က ပြီးခဲ့တဲ့အစိုးရသက်တမ်းသုံးနှစ်ပြည့်မှာပြောကြားသွားခဲ့ပါတယ်။ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း လုပ်ဆောင်

www.kantarawaddytimes.org
www.facebook.com/kantarawaddytimes

Vol:7, Issues: 18
December 1, 2019

Editor in Chief – ကယားထေ
News Editor – မူအောက်စတာ
Reporter– နော်ခွေးအယ်ခူ
Web developer - ဘိုကိတ်
Layout Designer - ခူးစေးရယ်
Copy Editor – ငွန်ပေါ်လေ

Video Team
Video producer – ခူးဖဲဘူး
Video Reporter – မော်ဦးပြာ

Radio Team
Radio Producer – ခူးပရက်ရယ်
Presenter – မော်ဒေးဒေး

Office Staff
Coordinator – ခူးဖဲဘီး
Finance Manager – မာတီးနာ
Admin & Accountant - ကျူလျားနာ
Marketing – မူဘူးမူ

ရုံးထိပ်စာ – ပြည်ထောင်စုလမ်းမကြီး၊ ညောင်ကိုင်း၊ ဒီးမော့ဆိုမြို့၊ ကယားပြည်နယ်။ ဖုန်း– ၀၈၃၄၀၃၄၁။

မြန်မာ့ရေးလေပစာ – ကန္တာရဝတီတိုင်း(မ်)၊ ပြည်ထောင်စုလမ်းမကြီး၊ ညောင်ကိုင်း၊ ဒီးမော့ဆိုမြို့၊ ကယားပြည်နယ်။

မြန်မာ့သည်နေရာ – ကယားပြည်နယ်။

ပုံနှိပ်တိုက် – သုဝဏ္ဏသိင်္ဂီ၊ ပုံနှိပ်တိုက်
မှတ်ပုံတင်အမှတ် (၀၀၄၃၁)
လိပ်စာ – No. 146/ 48th Street(apper)/ Botahtaung Township, Yangon
ဖုန်း – ၀၁၃၁၂၇၃၅၅၊ ၀၁၇၉၅၈၀၇၅၀၊ ၀၁၇၈၀၃၈၆၁၁၈
sunncolor1995@gmail.com

ထုတ်ဝေသူ – ဒေါ်စိုးစိုးထက်
မှတ်ပုံတင်အမှတ် – ၀၀၇၆၅
ဖုန်း – ၀၉၇ ၉၀၂၃ ၈၁၁၉၊ ၀၉၇ ၉၃၈၉ ၃၄၁၉။

ဆက်သွယ်ရန် လိပ်စာ –
ဒေါ်စိုးစိုးထက် – ဦးမြင့်ဆွေ၊ သ/၂၀၊ အောင်သပြေရပ်ကွက်၊ ငွေတောင်ကျေးရွာ၊ ဒီးမော့ဆိုမြို့၊ ကယားပြည်နယ်။
ဖုန်း – ၀၉၇ ၉၃၈၉ ၃၄၁၉။
အီးမေးလ် –
kayahhtet@kantarawaddytimes.org
kayahhtet@gmail.com
မူဘူးမူ – Marketing Manager
ဖုန်း – ၀၉၂၆၂၀၇၂၉၃၅ ။

ကန္တာရဝတီတိုင်း(မ်) ဂျာနယ်ထံသို့ သတင်း၊ ဆောင်းပါး၊ ကာတွန်း၊ ပေးစာနှင့် အကြံပြုစာများ ပေးပို့နိုင်ပါသည်။ ပေးပို့လာသည့် စာမူများကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

အယ်ဒီတာ့ အာဘော်

မလိုအပ်တဲ့ ဒေသန္တရအဓိန့်တွေကို ဖယ်ရှားသင့်ပါပြီ

နိုဝင်ဘာလ ၂၅ ရက်နေ့ဟာ နိုင်ငံတကာအမျိုးသမီးအကြမ်းဖက်မှု ပပျောက်ရေးနေ့ သတ်မှတ်ထားတဲ့နေ့ဖြစ်ပါတယ်။ ဒီလိုနေ့ရက်မျိုးတွေရောက်လာတိုင်း နှစ်စဉ်အရပ်ဘက် အမျိုးသမီး အဖွဲ့အစည်းတွေက ၁၆ ရက်တာလှုပ်ရှားမှုအနေနဲ့ အမျိုးသမီး အကြမ်းဖက်ခံရတာတွေ ပပျောက်ဖို့ ဟောပြောပွဲတွေ၊ အသိပညာပေးတဲ့ အစီအစဉ်တွေ လုပ်နေကြ ဖြစ်ပါတယ်။

ဒီတစ်နှစ်မှာတော့ ကယား(ကရင်နီ)ပြည်နယ်အတွင်းမှာ မျိုးနွယ်စုအလိုက် အမျိုးသမီးတွေဟာ သူ့ဒေသနဲ့အတူအသိပညာပေးတာတွေလုပ်ကြပါတယ်။ ကရင်နီအမျိုးသမီးအစည်းအရုံးအဖွဲ့(KNWO)အဖွဲ့ကလည်း အသိပညာပေးအစီအစဉ်ကို နိုဝင်ဘာလ ၂၄ရက်နေ့မှာ ဘော်လခဲမြို့နယ် ချိကွက်ရွာမှာစီစဉ်ခဲ့ပါတယ်။

အဲဒီမှာ အသိပညာပေးဟောပြောပွဲကိုလူထုတွေကော အရပ်ဖက်အဖွဲ့အစည်းတွေကော တက်ရောက်လာခဲ့ကြပေမယ့်လို့ အစီအစဉ်ကို ဆက်မလုပ်ဖို့ အာဏာပိုင်တွေက ပိတ်ပင်တားဆီးခြင်း ခံလိုက်ရပါတယ်။

ခွင့်ပြုမိန့်မရတာက တစ်ကြောင်း ကရင်နီအမျိုးသမီးအစည်းအရုံးအဖွဲ့ကအသင်းအဖွဲ့မှတ်ပုံတင်မထားတာက တစ်ကြောင်း ဒီလိုလုပ်ရှားမှုတွေပြုလုပ်ဖို့ ပိတ်ပင်ခြင်းခံလိုက်ရတာပါ။

ကရင်နီအမျိုးသမီး အစည်းအရုံး အဖွဲ့ဟာ ၁၆ ရက်တာ လှုပ်ရှားမှုအတွက် ပြည်နယ်အစိုးရဆီက ခွင့်ပြုချက်တောင်းခဲ့ပါတယ်။ အသင်းအဖွဲ့ မှတ်ပုံတင်မထားလို့ ခွင့်ပြုပေးလို့ အာဏာပိုင်တွေကို ပြောလာပြန်ပါတယ်။

၁၆ ရက်တာလှုပ်ရှားမှုဟာဆိုရင် တစ်ကမ္ဘာလုံးက အသိအမှတ်ပြုထားကြတဲ့ လှုပ်ရှားမှုတစ်ခုပါ။

ဒီလို အသိပညာပေးတဲ့ကိစ္စရပ်ကို ငြိမ်းစုစီးနဲ့ ဖမ်းမယ်ဆိုတာတွေ၊ စာမတင်လို့ လိုက်ဖမ်းမယ်ဆိုတာတွေက လုံးဝမဖြစ်သင့်တဲ့ကိစ္စပါ။

ဒီလိုအမျိုးသမီးအခွင့်အရေးအတွက် ပြုလုပ်နေတဲ့ လှုပ်ရှားမှုတွေကို လွတ်လွတ်လပ်လပ်လုပ်ခွင့်မရသေးတာတွေဟာ လွတ်တော်မှာ အမျိုးသမီးတွေအတွက် ကိုယ်စားပြုပေးနိုင်တဲ့ အမျိုးသမီး လွတ်တော်ကိုယ်စားလှယ်တွေမရှိသေးတာကြောင့်ဖြစ်တယ်လို့လည်း အမျိုးသမီးအဖွဲ့တွေက ဝေဖန်နေကြပြီဖြစ်ပါတယ်။

ဒါ့အပြင် သက်ဆိုင်ရာအစိုးရဝန်ထမ်းတွေမှာလည်း ဦးဆောင်မှုအပိုင်းတွေမှာ အမျိုးသမီးအသံတွေထွက်ပေါ်လာဖို့ပြောဆိုမည့်သူမရှိသေးတာကြောင့် လည်းဖြစ်ပါတယ်။

ဒေသန္တရခွင့်ပြုမိန့်ဟာဆိုရင် ပြည်နယ်လူထုအတွက် အမှန်တကယ်အရေးပါရဲ့လားဆိုတာ ပြန်ပြီးသုံးသပ်ဖို့လိုနေပါပြီ။

တချိန်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အစိုးရမတက်ခင်တုန်းက ရွေးကောက်ပွဲ စည်းရုံးရေးတွေမှာ အမျိုးသမီးထုတွေဟာ ရှေ့ကနေမားမားမတ်မတ် ဝန်းရံပေးခဲ့တဲ့အဖွဲ့တွေထဲမှာလည်း မီဒီယာတွေမှာ အတိအလင်းတွေ့ရမှာဖြစ်ပါတယ်။ အဲဒီတုန်းက ဒီလိုကန့်သတ်ချက်တွေမရှိခဲ့ပါဘူး။

ဒီလိုတရားဝင်အဖွဲ့အစည်းမှ ခွင့်ပြုမိန့် ရမှသာလျှင်လူထုတွေအကြား အသိပညာ ဟောပြောပွဲ လုပ်ရမယ် ဆိုပါက ၂၀၁၅ ရွေးကောက်ပွဲကနေ NLD ကိုယ်စားလှယ်တွေ ဒီလောက်အထိ အနိုင်ရလာစရာအကြောင်းမရှိဘူး။

အရင်အာဏာမရခင်တုန်းက ဝန်းရံခဲ့တဲ့ပြည်သူတွေ အရပ်ဖက်အဖွဲ့အစည်းတွေကို မျက်နှာထောက်ပြီး မလိုအပ်တဲ့ ဒေသန္တရအဓိန့်တွေကို ဖယ်ရှားသင့်ပါပြီလို့ ကန္တာရဝတီတိုင်း(မ်)က တိုက်တွန်းလိုက်ပါတယ်။

အမျိုးသမီး အကြမ်းဖက်မှုပပျောက်ဖို့ လှုပ်ရှားသည့်ပွဲ တားဆီးပိတ်ပင်ခံရ

ကန္တာရဝတီတိုင်း[မ်]

ဘောလခဲ မြို့နယ်ချိကွက်ကျေးရွာမှာ ကရင်နီအမျိုးသမီး အစည်းအရုံး အဖွဲ့ ရဲ့ ၁၆ ရက်တာ အမျိုးသမီးအကြမ်းဖက်မှု ပပျောက်ရေး အခမ်းအနားလှုပ်ရှားမှုအစီစဉ်ကို ဒေသအာဏာပိုင်တွေကတားဆီးပိတ်ပင်လိုက်ပါတယ်။

နိုဝင်ဘာလ (၂၄ ရက်)ရက်နေ့ အစီစဉ်ကို ဆက်လုပ်ခွင့်မရဘူးလို့ KNWO အတွင်းရေးမှူး ၃ မော်ဗျာမြာဦးက အခုလိုရှင်းပြသွားပါတယ်။

"လုံးဝ ဒီဟာကို မလုပ်ရဘူး သူပြောတယ်။ မလုပ်ရ ဘူးဆိုတော့ ဆရာလို့...အခုကလည်း အခမ်းအနားကလည်းစတော့မယ်။ ဒီမှာ လူထုကလည်း လာနေပြီဆိုတော့ ကျမတို့ စမယ်လို့ ပြောတော့ ၊ နှင်တို့က စင်ပေါ်တက်ပြီ နှင်တို့ ပြောပြီဆိုတာနဲ့ နှင်တို့ ကိုဖမ်းပြီ၊ ဖမ်းလိုက်မှာပေါ့နော၊ ငြိမ်းစုစီ နဲ့ ဖမ်းလိုက်မှာပေါ့။ နှင်တို့က ဘားမှ စာမတင်ဘူးဆိုတော့ ဖမ်းလိုက် မယ် ဆိုပြီးမှ သူပြောတယ်။" လို့ မော်ဗျာမြာဦးကပြောပါတယ်။

အခုလုပ်မယ့် ပွဲအတွက် ပြည်နယ် အစိုးရဆီကို ခွင့်ပြုချက် တောင်းခံဖို့ စာတင်ပြတောင်းဆိုမှု လုပ်ခဲ့ပေမဲ့လည်း အဖွဲ့အစည်းဟာ တရားဝင်မှတ်ပုံတင်ထားတဲ့ အဖွဲ့ ဖြစ်ရမယ်လို့ ဆိုတာကြောင့် စာတင်ခွင့်တောင် မရခဲ့ဘူးလို့ ဆိုပါတယ်။

အခမ်းအနားပြုလုပ်ခွင့် တားဆီးထားတဲ့ကိစ္စနဲ့ ပတ်သက်လို့ အစိုးရညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရတာဖြစ်တယ်လို့ ဘောလခဲမြို့နယ် ခေတ္တ ဒုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအာကာထွန်းက အခုလို ရှင်းပြသွားပါတယ။

"ဟုတ်တယ် ကျနော်တို့ တားထားတယ်ခင်ဗျ။ သူတို့က တရားဝင်ခွင့်ပြုချက်မရှိလို့ပါ။ အဓိကကတော့ ငြိမ်းစုစီနဲ့ တင်ရမှာပေါ့။ လျောက်လို့ရတာပေါ့။ ငြိမ်းစုစီနဲ့ လျောက်ရင်တော့ ခွင့်ပြုချက်ရမှာပေါ့။ ကျ နောတို့မှာက ဝန်ထမ်းတွေဗျ အစိုးရအဖွဲ့ရဲ့ညွှန် ကြားချက်နဲ့ပဲ လုပ်နေရတာကိုး နားလည်မှုဆိုတာအဆင် မပြေဘူးလေ။ ကျနော်တို့က အစိုးရဝန်ထမ်းကိုးဗျ။ အစိုးရဌာနဆိုတော့ နားလည်မှုဆိုတာက အချို့အကြောင်းအရာတွေပဲ အဆင်ပြေတယ်။ အခုက လူတွေ စုစည်းပြီးတော့ လုပ်ကြတာဆိုတော့ တခုခုဖြစ်သွားရင် ကျနော်တို့ တာဝန်ဖြစ်သွားမှာလေ။ "

ဒီလိုအမျိုးသမီးအခွင့်အရေးအတွက် ပြုလုပ်နေတဲ့ လှုပ်ရှားမှုတွေကို လွတ်လွတ်လပ်လပ်လုပ်ခွင့်မရသေးတာတွေဟာ လွတ်တော်မှာ အမျိုးသမီးတွေအတွက် ကိုယ်စားပြုပေးနိုင်တဲ့ အမျိုးသမီး လွတ်တော်ကိုယ်စားလှယ်တွေ မရှိသေးတာကြောင့် ဖြစ်တယ်လို့ ကယန်းအမျိုးသမီး အစည်းအရုံး (KyWO) မှ အထွေအထွေ အတွင်းရေးမှူး မူလားကော်ရက်တီက ပြောပါတယ်။

"ကျမတို့ အမျိုးသမီးတွေအတွက်စကားပြောပေးမဲ့ အမျိုးသမီးတွေအသံကို ဦးဆောင် ပေးမဲ့ ကိုယ်စားလှယ် အမျိုးသမီး ဝန်ထမ်းတွေ အစိုးရဝန်ထမ်းတွေ လွှတ်တော်တွေ မတက်နိုင်သေးတော့ ပိုပြီးတော့ ဆိုးရွားတဲ့ အခြေအနေတစ်ခုလို့ သုံးသပ်ပါတယ်။ " လို့ ပြောပါတယ်။

၁၆ရက်တာလှုပ်ရှားမှုဟာအမျိုးသမီးတွေအပေါ် အကြမ်းဖက်မှု ရပ်တန့်ရေး အသိပညာပေးတွေကို ဟောပြောတဲ့ လုပ်ရှားမှုဖြစ်ပြီး ကမ္ဘာ အဝန်းမှာ အသိမှတ်ပြုထားတဲ့ လှုပ်ရှားမှုတခုဖြစ်ပါတယ်။

ကရင်နီအမျိုး သမီးအစည်းအရုံးက ပြုလုပ်တဲ့ ၁၆ ရက်တာ လုပ်ရှားမှု ပိတ်ပင်ခံရတဲ့အတွက်သက်ဆိုင်ရာ ရဲဌာနကို ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်(ငြိမ်းစုစီ) တင်ပြီး ဆက်လက်ကျင်းပသွားမယ်လို့လည်း သိရပါတယ်။

ကရင်နီ (ကယား)ဘာသာဖြင့် ထုတ်လွှင့်တဲ့ ကန္တာရဝတီတိုင်း(မ်) သတင်းများကို လွတ်လပ်တဲ့အာရှအသံ **RFA** ရေဒီယို အသံလွှင့်ဌာန၏ အပတ်စဉ် ကရင်နီဘာသာ အစီအစဉ်တွင်လည်း ဖမ်းယူနားဆင်နိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

ဖမ်းယူနားဆင်ရန် – အင်္ဂါနေ့ မနက် ၇း၄၅ မိနစ်

လှိုင်းတိုမီတာ ၁၉ --- ကီလိုဟတ်စ် ၁၅၇၀၀၊
လှိုင်းတိုမီတာ ၂၅ --- ကီလိုဟတ်စ် ၁၂၁၅၊
လှိုင်းတိုမီတာ ၃၂ --- ကီလိုဟတ်စ် ၉၉၄၀

လွိုင်ကော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင် စီမံကိန်းစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်း ဖွင့်ပွဲ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကယားပြည်နယ်ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လွိုင်ကော်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးမှ ခရိုင်အဆင့် မြစိမ်းရောင်စီမံကိန်းစီမံခန့်ခွဲရေးနှင့် ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းအား ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေး ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အပါအဝင် သင်တန်းသူ/သား(၂၀)ဦးဖြင့် သင်တန်းအခမ်းအနားဖွင့်လှစ်ခဲ့ပြီး အဆိုပါသင်တန်းအား (၂၂.၇.၂၀၁၉)ရက်နေ့မှ(၂၆.၇.၂၀၁၉)ရက်နေ့အထိ (၅)ရက်ကာလဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး ဝန်ထမ်းများအား စီမံကိန်းနှင့်ပတ်သက်၍ ကျေးရွာများ သို့အကောင်အထည်ဖော်ရာတွင် အားနည်းချက်များပပျောက်စေရေး စွမ်းဆောင်ရည်မြှင့် စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပါသည်။

ကယားပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ “၂၀၁၉-၂၀၂၀ ခုဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများတင်ဒါစိစစ်ရွေးချယ်ခြင်း အခမ်းအနား ပြုလုပ်ခြင်း”

ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ခုဘဏ္ဍာရေးနှစ် ပြည်ထောင်စု၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများ တင်ဒါစိစစ်ရွေးချယ်ခြင်း အခမ်းအနားကို (၁၃.၁၁.၂၀၁၉)ရက်နေ့၊ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်နယ်ဝန်ကြီးမှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၊ ကိုယ်စားလှယ်မှ တင်ဒါ စိစစ်ရွေးချယ်ခြင်းနှင့် ပတ်သက်၍ အကျဉ်းချုပ်ရှင်းလင်း ပြောကြားခဲ့ပြီး တင်ဒါရွေးချယ်ရေးအဖွဲ့မှ Lot အလိုက် နည်းပညာ အဆိုပြုလွှာ ဖွင့်ဖောက်စစ်ဆေး၍ မှတ်တမ်း ရေးသွင်းခဲ့ပါသည်။

(၁၈.၁၁.၂၀၁၉)ရက်နေ့တွင် Lot အလိုက် ဈေးနှုန်းအဆိုပြုလွှာများ ဖွင့်ဖောက်စစ်ဆေးခြင်းအား ဆောင်ရွက်ခဲ့ပြီး Lot အလိုက် တင်ဒါစိစစ်မှုအခြေအနေအား တင်ဒါကော်မတီဝင်များ အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိပါသည်။

ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ခုဘဏ္ဍာရေးနှစ် တင်ဒါနှင့်ပတ်သက်သည့်စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း များအား တင်ဒါကော်မတီနှင့် တင်ဒါလာရောက်လျှောက်ထားသည့် ကုမ္ပဏီများအား ရှင်းလင်းခြင်း အခမ်းအနားပြုလုပ်ခြင်း

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တင်ဒါနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများအား တင်ဒါကော်မတီနှင့် တင်ဒါလာရောက် လျှောက်ထားသည့်ကုမ္ပဏီများအား သိရှိစေရန် ရှင်းလင်း တင်ပြခြင်းနှင့် ပွင့်လင်းမြင်သာမှု ရှိစေရေး ရှင်းလင်းခြင်း အခမ်းအနားအား ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၂၄၊ ၂၅)ရက်နေ့များတွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။

(၂၄.၁၀.၂၀၁၉)ရက် ပထမနေ့အခမ်းအနားတွင် ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး၊ ဦးစောဒီးဒီမှ အဖွင့်အမှာစကား ပြောကြားရာတွင်၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျေးလက် လယ်ယာကုန်ထုတ်လမ်း၊ တံတား၊ ရေပေးရေး၊ ရုံးအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာလုပ်ငန်းများအား တင်ဒါစနစ်ဖြင့် Lot (၂၄) ခုခွဲ၍ တင်ဒါခေါ်ယူလျှက်ရှိရာ တင်ဒါရောင်းချရေးနှင့်ပတ်သက်၍ပွင့်လင်းမြင်သာမှုရှိစေရေး၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း များအား ရှင်းလင်းခြင်းအခမ်းအနားတစ်ရပ်ဖြစ်ကြောင်း၊ တင်ဒါလာရောက်လျှောက်ထားသည့်ကုမ္ပဏီ များအနေဖြင့် တင်ဒါ စည်းမျဉ်းစည်းကမ်းများအား နားလည်အောင်ဖတ်ရှုပြီး သိရှိလိုသည်များ မေးမြန်းစေလိုကြောင်း၊ တင်ဒါဆွဲဝယ်ခွင့်ရရှိပါက လုပ်ငန်းများအားစံချိန်၊ စံညွှန်းနှင့် အရည်အသွေးပြည့်မီစွာ ဆောင်ရွက်သွားရန်နှင့် ဆောင်ရွက်နိုင်ခြင်းမရှိပါကတင်ဒါစည်းမျဉ်းစည်းကမ်းနှင့်အညီ အရေးယူခံရ မည်ဖြစ်ပါကြောင်း၊ ဌာနဝန်ထမ်းများ အနေဖြင့်လည်း ဆောင်ရွက်မည့် လုပ်ငန်းများအားကုမ္ပဏီများမှအရည်အသွေးပြည့်မီစွာ ဆောင်ရွက်မှုရှိ/မရှိ စနစ်တကျ စစ်ဆေးရန် စစ်ဆေးတွေ့ရှိချက်၊ အားနည်း ချက်များရှိပါက အထက်ဌာန အဆင့်ဆင့်သို့ အချိန်နှင့်တပြေးညီ တင်ပြရန် မြို့ပြနှင့် ကျေးလက်ကွာဟမှု ကျဉ်းမြောင်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအရှိန်အဟုန်ဖြင့်တိုးတက်အောင်အားလုံးမှ လက်တွဲညီညီ ဝိုင်းဝန်းကြံဆောင်၍ ပူးပေါင်း ဆောင်ရွက်ရန် ပြောကြားခဲ့ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)ကိုယ်စားလှယ်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဦးဇော်မြဝင်းမှ အိတ်ဖွင့်တင်ဒါတင်သွင်းသူများလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံး လုပ်နည်း များအား အခမ်းအနားတက်ရောက်သူများ တင်ဒါဝယ်ယူထားသည့် ကုမ္ပဏီများသို့ Power Point ဖြင့် ရှင်းလင်း ပြောကြားခဲ့ပါသည်။

(၂)

အခမ်းအနားအား (၂၅.၁၀.၂၀၁၉)ရက်နေ့တွင် ဆက်လက်ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူး၊ ဦးစောဒီးဒီမှ ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၏ လမ်းညွှန်မှာကြားချက်များအား ရှင်းလင်းတင်ပြ၍ တင်ဒါတင်သွင်းရာတွင် လိုက်နာရမည့် ငွေကြေးဆိုင်ရာ စည်းကမ်းချက်များအား Power Point ဖြင့် ရှင်းလင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ)၊ ဦးကျော်လင်းအောင်မှ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ် အိတ်ဖွင့် တင်ဒါစနစ်ဖြင့်ဆောင်ရွက်မည့် လယ်ယာကုန်ထုတ်လမ်း၊ တံတား၊ ရေပေးရေး၊ အဆောက်အဦများ၏ Lot ခွဲဝေမှုစာရင်းများ မြို့နယ်အလိုက် လုပ်ငန်းအမည်၊ အမျိုးအစား၊ အတိုင်းအတာ၊ ကုန်ကျငွေနှင့်အတူ လမ်းလုပ်ငန်းတွင်မြေပြင်အခြေအနေအရ Pipe Culvert ထပ်မံထည့်သွင်းတွက်ချက်နိုင်ရေးနှင့် အဆောက်အဦလုပ်ငန်း များတွင် လည်းလိုအပ်သော ဆက်စပ် လုပ်ငန်း များ ထည့်သွင်းတွက်ချက်နိုင်ရေး နည်းပညာ အဆိုပြုလွှာစိစစ်မည့် အခြေအနေနှင့် အမှတ်ပေးဇယားများ ရှင်းလင်းခြင်း၊ လမ်း၊တံတား၊အဆောက်အဦဆိုင်ရာတည်ဆောက်ရေး လုပ်ငန်း စံချိန်စံညွှန်းများ၊ ရေပေးရေးဆောင်ရွက်ရမည့် စည်းမျဉ်း စည်းကမ်းများအား Power Point ဖြင့် ရှင်းလင်း ပြောကြား ခဲ့ပါသည်။

အခမ်းအနားသို့တက်ရောက်လာသော ကုမ္ပဏီများမှ ကုမ္ပဏီ၏ငွေကြေးဆိုင်ရာ အထောက်အထားနှင့်ပတ်သက်၍ကုမ္ပဏီအသစ်ဖြစ်သည့်အတွက် ထောက်ခံချက်ရရှိနိုင်မှုရှိ/မရှိ မေးမြန်းရာ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဦးစီးအရာရှိ၊ ဦးရဲထက်မှ ကုမ္ပဏီမှ ဘဏ်စာအုပ်ပြသပြီး ဌာနမှ ပြန်လည် စစ်ဆေးကာ အခွန်ကင်းရှင်းပါက ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြပါသည်။

လွိုင်ကော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒေါ်အိအိခင်မှ လုပ်ငန်းသို့ ကွင်းဆင်းကြည့်ရှုရာ၌ (ကုမ္ပဏီ+ဌာန) အဆင်ပြေစေရေးအတွက် မေးမြန်းခဲ့ရာ ဒုတိယညွှန်ကြားရေးမှူး၊ ဦးစောဒီးဒီမှ ကွင်းဆင်းကြည့်ရှုခြင်းနှင့်ပတ်သက်၍ အပတ်စဉ် ဗုဒ္ဓဟူးနေ့(သို့)စနေနေ့နံနက်(၉း၃၀)အရောက် အချိန်မီစေရေး ဖြေကြားခဲ့ကြောင်း သတင်းရရှိပါသည်။

ကြော်ငြာ ကိစ္စ ဆက်သွယ်လိုပါက ..... ဖုန်း – ၀၉၂၆၂၁၇၂၉၃၅

ကော်ဖီစျေးကွက် ဝင်လာတာနှင့်အမျှ ကော်ဖီစိုက်တောင်သူတွေ ဝင်ငွေတိုးလာ နိုင်တော့မယ်

စိုးထိုက်အောင်

ဒီးမော့ဆိုမြို့ရဲ့အရှေ့ဘက် ဒေါ့ဗျာကူးကျေးရွာကို ရောက်ရင် နှစ်ရှည်ပင်တွေ၊ သစ်ပင်ကြီးတွေက အုပ်ဆိုင်းနေတာတွေ တွေ့ရမှာဖြစ်ပါတယ်။ အဲဒီသစ်ပင် အရိပ်ကောင်းလို့ အဲ့ဒီရွာမှာကတော့ တစ်ရွာလုံးနီးပါး ကော်ဖီ တစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်းကို အဓိကထားပီး လုပ်ကိုင်ကြပါတယ်။

ကော်ဖီပင်တွေကို မိရိုးဖလာစိုက်ပျိုးလာခဲ့ကြတာတွေရှိပေမဲ့ အခုနောက်ပိုင်းမှ စီးပွားဖြစ်စိုက်ပျိုးလာခဲ့ကြတာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်လောက်မှာ ဂျပန်က ပညာရှင်တွေလာပြီး ကော်ဖီကို စီးပွားဖြစ် စိုက်ပျိုးနိုင်ဖို့အတွက် နည်းလမ်းတွေကို သင်တန်းပေး ပို့ချပေးခဲ့ဖူးပါတယ်။ အဲ့ဒီနောက်ပိုင်းမှာတော့ ဒေသခံတွေက စီးပွားဖြစ်စိုက်ပျိုးသူ အရေတွက် တိုးတက်လာခဲ့ကြပါတယ်။

အခုဆိုရင် ကော်ဖီကို ကုန်ကြမ်းအဆင့်ကနေ ကုန်ချော အဆင့်ထိ ထုတ်လုပ်ပြီး ရောင်းချလာတဲ့ အဆင့်ထိလုပ်ငန်းတွေ လည်ပတ်လာနေကြတာကို တွေ့ရပါတယ်။

အစပိုင်းမှာတော့ ကော်ဖီတွေကိုလိုက်ရောင်းဖို့ အခက်အခဲရှိခဲ့လို့ ဂျပန်က ပညာရှင်တွေကိုယ်တိုင် နည်းပညာတွေ၊ စျေးကွက်တွေကအစ ကူညီပေးခဲ့တယ်လို့ ဒေသခံတွေဆီက သိရပါတယ်။

"ကျမတို့က တောမှာနေတာဆိုတော့ လိုက်ပီးတော့ မရောင်းရဲ၊ လိုက်လဲ မကြော်ညာရဲကျတော့ သူတို့ကိုယ်တိုင် လာလုပ်ပေးတယ်။ လို့ရပါပြီ။ အမျိုးဖောက်ဖို့အတွက်ကိုတော့ ရိုးရိုးမြေပေါ်မှာ မဖောက်ရပါဘူး။

အကြောင်းကတော့ မြေအောင်းပိုး တွေရှိတဲ့အတွက် အဲဒီရောဂါပိုးတွေ မဝင်အောင်စင်လုပ်ပြီးတော့ စင်ပေါ်မှာ မြေသားအရင် ခင်းရပါတယ်။ ပြီးတော့မှ ချောင်းထဲက သဲအလုံးလေးတွေကို ယူပြီးတော့မှ အပေါ်မှာ တစ်ထပ် ပြန်ခင်းကြရပါတယ်။ သဲပေါ်မှာရေနွေးဆူဆူလေးလောင်းပေးပြီး အေးလာပြီဆိုရင်တော့ လိုင်းဖော်ပေးရပါတယ်။ အဲဒီနောက် မျိုးစေ့တွေကို ထည့်ကြပါတယ်။ အဲဒီချိန်မှာ မြေဩ ထည့်မသုံးသေးပါဘူး။

ပျိုးထောင်ပြီး ၁လ ကျော် ၂လ လောက်ဆိုရင်အပင် စပေါက်ပြီး အရွက်က ၄ရွက်ထွက်ပြီဆိုရင် ပျိုးအိတ်ထဲထည့်ရပါတယ်။ ပျိုးထောင်တဲ့အချိန်ကို ဇန်နဝါရီလလောက်မှပျိုးထောင်နိုင်ပြီးတော့ ဇူလိုင်လ ရောက်ရင် စိုက်ပျိုးနိုင်တဲ့ အရွယ်ရောက်လာပြီဖြစ်ပါတယ်။

"အိမ်ခြံဝန်းထဲမှာရှိတဲ့ အပင်တွေကျတော့ လောင်းရိပ်ရတဲ့ အပင်တွေကျတော့ ရှင်တယ်။ နောက်မှပဲ သင်ခန်းစာပြန်ရတယ်။ ဘာလို့လဲဆိုတော့လောင်းရိပ်မရှိရင် ကော်ဖီပင်က မရှင်ဘူး။" လို့ ဦးဝင်းက ရှင်းပြပါတယ်။

ကော်ဖီပင်ဟာဆိုရင် အရိပ်ကြိုက်တဲ့ အပင်ဖြစ်တဲ့အတွက်ကြောင့် တချို့ဆိုရင် ရွာပြင်မှာ အရိပ်မရတဲ့နေရာမှာစိုက်လို့ အပင်သေကုန်တဲ့ အဖြစ်မျိုးလည်းကြုံတွေ့ခဲ့ရတယ်လို့ဆိုပါတယ်။ ဒါကြောင့် ဒေါ့ဗျာကူး ဒေါ်သဲရွာမှာ အများစုက အိမ်ခြံဝင်းထဲမှာ စိုက်ပျိုးထားကြတာဖြစ်ပါတယ်။

ကော်ဖီပင် ၄နှစ်ဆိုရင်တော့ တော်တော်အသီးသီးလာပြီး အသီးကို ကြက်သွေးရောင်၊ မှည့်နေတဲ့အချိန်မှာ ခူးကြရပါတယ်။ ခူးတဲ့အခါမှာလဲ တစ်လုံးချင်းစီပဲ ခူးရပါတယ်။ ကော်ဖီပင်ကို ပျိုးထောင်တဲ့ အချိန်ကနေစပီး စျေးကွက်ကိုရောင်းချတဲ့ အချိန်အထိ ဓါတ်မြေဩနဲ့ပိုးသတ်ဆေးကို အသုံးမပြုထားပါဘူး။

"စပါးလင်အရည်ကို ဖြန်းပေးတယ်၊ ဆေးရွက်ကြီးကို ဖျော်ပီးတော့ နည်းနည်းဖြန်းပေးတယ် အဲ့ လိုပဲလုပ်ပါတယ်။ အဓိက နွေအချိန်ဆိုရင် ကျတော်တို့ခြံထဲက ထွက်တဲ့ အမိုက်၊မြက်၊ သစ်ရွက်တွေကို ပဲ ကျတော်တို့ကော်ဖီပင်အကြားမှာပုံ ထားတယ်။ ဘာလို့လဲဆိုတော့ နွေအချိန်ဆိုခြောက်တဲ့အခါမှာ ကျတော့ အစိုဓာတ်ထိန်းသိမ်းရာလဲရောက်တယ်၊မြေဩလဲဖြစ်တယ်။" လို့ ဦးဝင်းက ရှင်းပြပါတယ်။

အသီးကစုန်းပြီးပြီဆိုရင်ညနေပိုင်းလောက်မှာရေစိမ်ထားရပါတယ်။ ရေပေါ်နေတဲ့အသီးကို မယူပဲ ကျန်တဲ့အသီးတွေကို ဆယ်ယူပြီး စက်နဲ့ အခွံချွတ်ရပါတယ်။အဲဒီအစေ့ထဲမှာအခွံတစ်ခုတစ်လေတော့ပါလာပါတယ်။ အဲဒါတွေကို စင်အောင်ကောက်ပြီး ရေနဲ့တခါပြန်စိမ်ရပါတယ်။

အဲဒါတွေဆယ်ထုတ်ပြီးရင်တော့ နာရီ ၂၀ လောက်အထိထားပြီး အချဉ်ဖောက်တယ်လို့ဆိုပါတယ်။ ကိုင်ကြည့်လိုက်ရင် ကြမ်းကြမ်းလေး ဖြစ်နေရင် ဆေးလို့ရပါပြီ။ ချော်နေသေးရင်တော့ ဆေးလို့မရသေးပါဘူး။ အခွဲတွေက အကုန်မပြောင်ရင် လှန်းတဲ့အခါမှာအခက်အခဲဖြစ်စေတယ်လို့ဆိုပါတယ်။ ပြီးရင်တော့ အခြောက်လှန်းတဲ့နေရာမှာ ၁၀ရက်ဆိုရင် စက်နဲ့ပြန်တိုင်းကြည့်ရပါတယ်။ မရသေးရင် ဆက်ထားရပါတယ်။

သတ်မှတ်ထားတဲ့ အစိုဓာတ် ကြားမှာဆိုရင် သိမ်းလို့ရပါတယ်။ လန်းတဲ့အခါမှာလဲ အပေါ်မှာ ပလပ်စတပ်အကြည်၊ ဇာ အစိမ်းတွေနဲ့အုပ်ပြီး လှန်းရတာပါ။ ဇာနဲ့လှန်းတဲ့အခါမှာတော့ လေဝင်လေထွက်ကောင်းတော့ မြန်မြန် ခြောက်တယ်လို့ဆိုပါတယ်။ ခြောက်ပီးသိမ်းတဲ့အခါမှာ ပလပ်စတစ်အိတ်၊ ဆာလာအိတ်အသစ်ကို နှစ်ထပ် ထပ်ပီးမှသိမ်းပါတယ်။ အဲ့အချိန်မှာ ကော်ဖီစေ့မှာ အခွံမာ တစ်ထပ်ကျန်ပါသေးတယ်။ ကုမ္ပဏီကိုရောင်းတဲ့ အခါမှာလဲ အဲ့ဒီ အခွံမာ ပါပါ ရောင်းလို့ရပါတယ်။

အဲ့ဒီအခွံမာက အရေအသွေး နဲ့ အစိုဓာတ်ကို ထိန်းသိမ်းပေးထားပါတယ်။ ကြိတ်တော့မယ် ဆိုရင်တော့ အဲ့ဒီအခွံမာကို တစ်ခါပြန်ချွတ်ပီးမှ လှော်ရပါတယ်။ ကြိတ်ပြီးရလာတဲ့ကော်ဖီ အမှုန့်တွေကိုတော့ ကုမ္ပဏီကို သွင်းကြပါတယ်။

"ကျမတို့လုပ်နေတဲ့အတိုင်းအတာလေးနဲ့အမြတ်တော့ ရှိပါတယ်။ ဒီလုပ်ငန်းက ရက်တိုင်းလုပ်နေရတာလဲ မဟုတ်ဘူးပေါ့။" လို့ ဒေါ်စံလာက ပြောပါတယ်။

ဒေါ့ဗျာကူး ဒေါ်သဲရွာက ဒေသခံတွေဟာဆိုရင် အခုကော်ဖီကို ကုန်ကြမ်း ကုန်ချောထုတ်လုပ်နိုင်ပြီဖြစ်ပြီး ကုန်စုံဆိုင်တွေ၊ ကုမ္ပဏီတွေ စတင်ပြီး တင်ပို့ ရောင်းချနေကြတာ ဖြစ်ပါတယ်။

အခုနိုင်ငံတကာကို ကော်ဖီတင်ပို့ရောင်းချပေးနေတဲ့ Aung Nay Lin Htun Co.,LTD ဆိုတဲ့ ကုမ္ပဏီကလည်း ကယားပြည်နယ်အတွင်းမှာ ကော်ဖီတိုးချဲ့စိုက်ပျိုးဖို့စီစဉ်နေပါပြီ။

၃နှစ်အတွင်း ကော်ဖီထုတ်လုပ်တဲ့စက်ရုံကိုလည်း ကယားမှာ တည်ဆောက်တော့မယ်လို့ နိုဝင်ဘာလ ၂၄ ရက်နေ့ကလွှိုင်ကော်မြို့ ကန္ဒရဝတီခန်းမမှာ ကျင်းပတဲ့ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ရက်သတ္တပတ် အခမ်းအနားမှာ သိလိုက်ရပါတယ်။

လာမည့်နှစ်တွေမှာ ကော်ဖီထုတ်လုပ်တဲ့ လုပ်ငန်းအောင်မြင်လာတော့မယ်လို့ ကယားပြည်နယ် ကွန်ပြူတာပညာရှင်အသင်းဥက္ကဋ္ဌ ဒေါ်ခင်လင်းဦး ပြောပါတယ်။

ကျမ တို့ကိုလဲ ပညာရှင်တွေနဲ့ ချိတ်ဆက်ပေးတယ်။ ကျမတို့ရဲ့ ကော်ဖီစေ့တွေကို နေပြည်တော်မှာလဲ သွားပြိုင်ပေးသေးတယ်။ ကျမတို့ ၁၊ ၂၊ ၃၊ မရပေမဲ့လဲ ဒီကော်ဖီက အဆင့်မီတယ်ပေါ့။" လို့ ဒေါ်စံလာက ပြောပါတယ်။

အခုဆိုရင် စိတ်ဝင်စားသူတွေများလာပြီး ပညာရှင်တွေ၊ ကုမ္ပဏီတွေဆီကို ရောင်းချနိုင်တဲ့အဆင့် ရှိလာပြီလို့ ပြောပါတယ်။

အရင်ကမိရိုးဖလာစိုက်လာတဲ့ကော်ဖီပင်တွေမရှိတော့ပဲအခုမှတ္တာဖောင်ဒေးရှင်းက ထောက်ပံ့တဲ့ စျေးကွက်ဝင်တဲ့ ကော်ဖီပင်တွေကိုသာ စိုက်ပျိုးထားကြတော့တယ်လို့ ဒေါ်ဗျာကူးဒေါ်သဲရွာက ဦးဝင်းက ပြောပါတယ်။

ကော်ဖီပင်တွေကို ပျိုးထောင်တဲ့နေရာမှာ ကော်ဖီအစေ့တွေအတွက် မြေကြီးကို ဘောင်ကွပ်ပြီးနေရောင်ခြည်နဲ့ မထိတွေ့ရအောင် အမိုးပြုလုပ်ပြီးမှသာ ပျိုးထောင်ရတာဖြစ်ပါတယ်။ ပျိုးဘောင်ကို မြေကြီးပေါ်မှာ မလုပ်ပဲ စင်ဖြင့် ပြုလုပ်ပေးရတာပါ။ စပျိုးထောင်ပြီဆိုရင် ကော်ဖီအမှည့်သီးတွေပါတဲ့ အကိုင်းရဲ့အလယ်က အသီးကိုခူးယူရပါတယ်။

အသီး ၁၀လုံးဆိုရင် အလယ်က ၁လုံး ၂လုံးကိုပဲရွေးပြီး ပျိုးထောင်ကြရပါတယ်။ ခူးပြီးတဲ့အသီးတွေကို ရေပုံးထဲမှာ စိမ်ပီးတော့မှ ရေပေါ်ပေါ်နေတဲ့ အသီးကိုအကုန်လုံး ဖယ်ရပါတယ်။ ရေအောက်က အသီးတွေကိုတော့ အခွံ ချွတ်ပီးအခြောက်ခံထားရပါတယ်။

အခြောက်ခံတဲ့နေရာမှာ နေပူထဲမှာ မလှန်းပဲအရိပ်မှာပဲ လှန်းရပါတယ်။ အသီးတွေက အခွဲရှိတဲ့အခါကျတော့ ခြောက်အောင်တော့နည်းနည်းလောက်လှန်းရတယ်လို့ဆိုပါတယ်။ ခွဲကုန်ပြီဆိုရင်တော့ အမျိုးဖောက်

၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလတွင် စတင်ဖြန့်ချိသည်။

ကမ္ဘာတဝန်းက အသိအမှတ်ပြုထားတဲ့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ရပ်တန့်ရေးနေ့(၁၆) ရက်တာ လှုပ်ရှားမှုကို နှစ်စဉ် နိုဝင်ဘာလ ၂၅ ရက်နေ့ကနေ ဒီဇင်ဘာလ ၁၀ ရက်နေ့အထိ ကျင်းပလေ့ရှိပါတယ်။ ကယား(ကရင်နီ)ပြည်နယ်အတွင်းမှာလည်း အမျိုးသမီးအရေး လှုပ်ရှားဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေ ရှိပါတယ်။ ၁၆ ရက်တာ လှုပ်ရှားမှုနဲ့ ပတ်သက်ပြီး ပြီးခဲ့တဲ့ နိုင်ဝင်ဘာလ ၂၅ ရက်နေ့မှာ ကရင်နီအမျိုးသမီးအစည်းအရုံး (KNWO) က ဘောလခဲ မြို့နယ်၊ချိကွဲ့ကျေးရွာမှာ ပြုလုပ်မဲ့အပေါ် ဒေသအာဏာပိုင်တွေက လာရောက်ပိတ်ပင်တားဆီးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒီဖြစ်စဉ်နဲ့ ပတ်သက်ပြီး အမျိုးသမီးအခွင့်အရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူတွေရဲ့ သုံးသပ်ချက်ကို ဖော်ပြပေးလိုက်ပါတယ်။

မော်ဘျားမာဦး – အတွင်းရေးမှူး – ၃ (ကရင်နီအမျိုးသမီး အစည်းအရုံး(KNWO))

ဒီဟာ(၁၆ ရက်တာ လုပ်ရှားမှု)က တကယ့်ကို တကမ္ဘာလုံးပေါ့နော လုပ်နေကြတဲ့အရာဖြစ်တယ်ပေါ့နော ဒီ ၁၆ ရက်တာ လုပ်ရှားမှု ဆိုတာက။ နောက်တစ်ခုက ဒီလိုမျိုး အကြမ်းဖက်မှု လျော့ချဖို့ရန်အတွက်ဆိုရင် အသိပညာ ပေးမှုတွေလည်း ကျမတို့ လုပ်ရမယ်ပေါ့နော။ နောက်တစ်ခုက ကျမတို့ ဒီကယားပြည်နယ်အတိုင်းအတာ အနေနဲ့ဆိုလို့ရှိရင် အကြမ်းဖက်မှုတွေက များတယ်ပေါ့နော။

အိမ်တွင်းအကြမ်းဖက်မှုတွေ နောက်တစ်ခုက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေက ကျမတို့ အဖွဲ့အစည်းရဲ့ ဒေတာကို ကြည့်လိုက်မယ်ဆိုရင် ဒီနှစ်က ပိုပိုများလာတဲ့ အခြေအနေမျိုးမှာရှိတယ်။ အဲ့လိုမျိုး အခြေအနေရှိတယ်ပေါ့နော။

အကြမ်းဖက်မှုတွေ လျော့ချဖို့ဆိုရင်လည်း အသိပညာပေးမှုတွေလည်း အများကြီး လုပ်ရမယ်ပေါ့နော။ ဒီလို နေ့ထူးနေ့မြတ်တွေလည်း ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်နဲ့ လုပ်ရမဲ့ အခြေအနေဖြစ်တယ်။ ဒါပေမဲ့ အခုအခြေအနေအရဆိုရင် အစိုးရက ဒီဟာနဲ့ ပတ်သက်ပြီးတော့မှ လိုက်ပြီးတော့ ပိတ်ပင်နေတယ် တားဆီးနေတယ်ဆိုတော့ ဒီအမျိုးသမီးတွေ အကြမ်းဖက်ခံရတဲ့ အခြေအနေမှာ သူတို့က ဒီအတိုင်းပဲ ထားတာလား။ နောက်တစ်ခုက ဒီလိုမျိုးအခြေအနေမှာ သူတို့ အားပေးတာလားဆိုတဲ့ အမြင်က ကျမတို့ အဲ့လိုပဲ မြင်တယ်ပေါ့နော။

မူလားကော်ရက်တီ – ကယန်းအမျိုးသမီး အစည်းအရုံး(KyWO) – အထွေထွေ အတွင်းရေးမှူး

အဓိကပေါ့နော အမျိုးသမီးတွေအပေါ် အကြမ်းဖက်မှု ရပ်တန့်ရေးနေ့လို့ ကျမတို့ပြောတဲ့အခါမျိုးမှာဆိုရင် နိုင်ငံရေးနဲ့တော့ နည်းနည်း ဆက်စပ်တယ်။ ဒါပေမဲ့ ဒါက မဖြစ်မနေ ပိတ်ရတဲ့အထိတော့ မဖြစ်သင့်ဘူးလို့ ကျမတစ်ယောက်အနေနဲ့တော့ ဒီလို သုံးသပ်တယ်ပေါ့နော။

ဒီအစိုးရရဲ့ ဒီနောက်ပိုင်း လုပ်ဆောင်ချက်တွေက ပိုပြီးတော့ ဖြေလျော့လာတာထက်ပေါ့နော သေးသေးလေးတွေကစပေါ့နော ပိုကြပ်လာတယ် နိုင်ငံရေး လူငယ်အစုအဖွဲ့တွေ သာမကပဲ အမျိုးသမီးတွေ အပေါ်လည်း ဒီနောက်ပိုင်း သူတို့ ဦးတည်ချက်တွေ ပိုပြီးတော့ ထားလာတယ်ဆိုတဲ့ သဘောမျိုးနဲ့ ကျမကတော့ အဲ့လိုပဲ မြင်တယ်။

ပြီးတော့ ဒီလွှတ်တော်ထဲမှာ တကယ့် အမျိုးသမီးတွေအတွက် ကိုယ်စားပြုပြီးတော့ အသံပြုပေးနိုင်မဲ့ အမျိုးသမီး ကိုယ်စားလှယ်လေးတွေ မရှိနေသေးတာလည်း ဖြစ်နိုင်တယ်။နောက်ပြီးတော့ ဒီသက်ဆိုင်ရာ အစိုးရဌာနတွေမှာပေါ့နော တကယ့်ကျမတို့ အမျိုးသမီးတွေအတွက် စကားပြောပေးမဲ့ အမျိုးသမီးတွေအသံကို ဦးဆောင်ပေးမဲ့ ကိုယ်စားလှယ် အမျိုးသမီး ဝန်ထမ်းတွေ အစိုးရဝန်ထမ်းတွေ လွှတ်တော်တွေ မတက်နိုင်သေးတော့ ပိုပြီးတော့ ဆိုးရွားတဲ့အခြေအနေတစ်ခုလို့ သုံးသပ်ပါတယ်။

မော်အယ်ဝါး – အထွေထွေ အတွင်းရေးမှူး (မြန်မာ့အမျိုးသမီး သမဂ္ဂ (BWU))

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးဆိုတာ အစိုးရက အဓိက လုပ်ရမဲ့ တာဝန်ရှိတဲ့အရာ။ ဒီအရာကို တခြားလူမှု အဖွဲ့အစည်းတွေ များများလုပ်နိုင်အောင်လည်း လိုလိုလားလား အားဖြည့် တွန်းအားပေးဖို့ တာဝန်ရှိတယ်။

ဒါပေမဲ့ အကြမ်းဖက် ခံနေရတဲ့ အမျိုးသမီးတွေကို အမျိုးသမီးအဖွဲ့တွေက ကူညီဖြေရှင်းပေးတာကို ပြည်နယ်အစိုးရက ပူးပေါင်းဆောင်ရွက်မှု ၊ပံ့ပိုးမှု ဘာတစ်ခုမှ မပေးတဲ့အပြင်ကို အခုလို KNWO က လုပ်တဲ့ အကြမ်းဖက်မှု ပပျောက်ရေး လှုပ်ရှားမှု အခမ်းအနားမှာ အစိုးရက တားဆီးပိတ်ပင်နှောင့်ယှက်တာဟာ လုံးဝ အာဏာရှင်ရဲ့ လုပ်ရပ်ဖြစ်တယ်။

ဒါကို လုံးဝ ရှုံ့ ချတယ်။ ကယားပြည်နယ်အစိုးရအနေနဲ့ နိုင်ငံ သားတွေရဲ့ အခြေခံအခွင့်အရေးတွေကို ဖြည့်ဆည်းဖို့အတွက်အရမ်းပျက်ကွက်ခဲ့တယ်။ ပိုဆိုးတာထိလွယ်ရှလွယ်တဲ့ အမျိုးသမီးတွေနဲ့ ကလေးငယ်တွေအပေါ် အကြမ်းဖက်မှုရန်ကနေ ကာကွယ်မယ့်အစား အခုလို ပိတ်ပင်တားဆီးတာဟာ အမျိုးသမီးနဲ့ကလေးအပေါ် ကျူးလွန်တဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုကို ပြည်နယ်အစိုးရအနေနဲ့ ထပ်မံကျူးလွန်သလို ဖြစ်တယ်။

ပြည်နယ်အစိုးရအနေနဲ့ ဒီမိုကရေစီအစိုးရစစ်မှန်ရင် ပြည်သူတွေရဲ့ အသံ၊ ပြည်သူထဲက ပြည်သူတွေဖြစ်တဲ့ အမျိုးသမီးတွေရဲ့အသံကို ကိုယ်စားပြုဖို့ လိုအပ်တယ်။ သက်သေပြဖို့လိုတယ်။

မော်ဒေးမြာ – အမျိုးသမီး အခွင့်အရေး တက်ကြွလှုပ်ရှားသူ

ဒီလှုပ်ရှားမှုကို တကမ္ဘာလုံးက နေရာအသီးသီးမှာ နည်းလမ်း ပေါင်းစုံနဲ့ လုပ်နေကြပါတယ်။ မြန်မာနိုင်ငံမှာတော့ ဥပဒေအရ အကန့်အသတ်တွေ ရှိနေလည်း အမျိုးသမီးတွေကတော့ သူ့နည်းသူ့ဟန်နဲ့ အံတုပြီး လုပ်နေကြတာပါပဲ။ အခြားပြည်နယ် တိုင်းတွမှာလည်း အခြား လှုပ်ရှားမှုပုံစံတွေလည်း အများကြီး လုပ်နေကြပါတယ်။

ခွင့်ပြုမိန့်ကို တင်စရာ မလိုပါဘူး။ ခု ဘောလခဲမှာ လာပိတ်ပင်တဲ့ ကိစ္စဆိုရင် ငြိမ်းစုစီကိုသုံးပြီး လာပိတ်ပင်တယ်လို့ သိရပါတယ်။ ခွင့်ပြုမိန့်တင်တုန်းကလဲ အကြောင်းအမျိုးမျိုးပြပြီး လုံးဝခွင့်ပြုမိန့် မချပေးပါဘူး။

အဓိပ္ပါယ်ကတော့ မရရတဲ့ ဥပဒေနဲ့ ဖိနှိပ်မှာပဲ ဆိုတဲ့ သဘောထားမျိုး ရှိတယ်လို့ပဲ မြင်ပါတယ်။ ဥပဒေဆိုတာ ဘာလဲ။ အုပ်ချုပ်သူ လူတန်းစားကပဲ သူတို့ အကျိုးစီးပွားအတွက် လုပ်ထားတာဖြစ်လို့ ဥပဒေတိုင်းက တရားမျှတတယ်လို့ သတ်မှတ်လို့ မရပါဘူး။

ဥပမာ ငြိမ်းစုစီ ဥပဒေလိုဟာမျိုးပေါ့ ပြည်သူလူထုကို နှိပ်ကွပ်ချင် တဲ့အခါ ဒါမျိုး ဥပဒေကို လွယ်လင့်တကူ သုံးပြီး ဖိနှိပ်တာလို့ပဲ မြင်တယ်။

အခြားပြည်နယ်နဲ့ တိုင်းတွေမှာ လုပ်ခွင့်ရတယ် ကယားမှာပဲ လုပ်ခွင့်မရဘူးဆိုရင်တော့ ရှင်းရှင်းလေးပါ။ ပြည်နယ်အစိုးရက အရပ်ဖက်အဖွဲ့အစည်းတွေ အမျိုးသမီးအဖွဲ့တွေကို ရန်သူလို သဘောထားနေတယ်လို့ မြင်ပါတယ်။

လက်နက်မရှိတဲ့ ပြည်သူတွေ အထူးသဖြင့်အမျိုးသမီးတွေကို ဘာတွေကိုကြောက်လို့ လိုက်ပိတ်ပင်သလဲ ဆိုတာ စဉ်းစားလို့ မရပါဘူး။ ပြည်နယ်အတွက် တကယ် အကျိုးဖြစ်ထွန်းစေမဲ့ ကိစ္စတွေကို သေချာ မစဉ်းစား မချင့်ချိန်ပဲ ဖျက်လိုဖျက်ဆီး လိုက်လုပ်နေတယ်လို့ မြင်ပါတယ်။

သစ်တောမြေကျူးကျော်သူ ၅ဦးကို တရားစွဲသည့်အပေါ် တရားမျှတမှုမရှိဟု ဒေသခံတွေကပြော

ကယား(ကရင်နီ)ပြည်နယ် မယ်စဲ့မြို့နယ်အတွင်း သစ်တောမြေများကို ကျူးကျော်တယ်လို့ဆိုပြီး ဒေသခံ ၅ ဦးကို သစ်တောဦးစီးဌာနက တရားစွဲဆိုထားပါတယ်။

တရားစွဲဆိုခံရတဲ့ ဒေသခံ ၅ ဦးအား တရားမျှတမှုမရှိဘူးလို့ ပြောနေကြပါတယ်။

"သစ်တောကျူးကျော်တွေ အများကြီးရှိတယ်။ ကိုယ့်ဟာကိုပဲ သိမ်းရမလားပေါ့။ အရင်တုန်းက ကျမတို့ယူတော့ ချောက်ကြီး၊ အဲ့ဒါကြီးကို မြေဖို့ပီးကောင်းသွားပီဆိုမှ အဲ့ဒါကိုမြင်ပီး သူတို့ကလာသိမ်းတယ်။" လို့ တရားစွဲဆိုခံရသူ ဒေါ်ဖြိုးဖြိုးဆွေကပြောပါတယ်။

မယ်စဲမြို့ပြင် လမ်းဘေးနေရာမှာ သစ်တောနေရာကို ကျူးကျော်စာရင်း ၁၅ ဦးရှိနေတဲ့အထဲမှာ ၅ဦးကိုသာ တရားစွဲဆိုထားထား တဲ့အတွက် တရားမမျှတဘူးလို့ပြောနေကြတာဖြစ်ပါတယ်။

အဲဒီထဲမှာ ပြည်နယ်ဝန်ကြီးချုပ် အစ်မဖြစ်သူပါဝင်နေပေမယ့်လည်း တရားစွဲဆိုခြင်းမရှိဘူးလို့ ဒေသခံတွေကပြောပါတယ်။

မယ်စဲမြို့ပြင် လမ်းမကြီးဘေးနေရာတွေမှာ ပန်းခြံပြုလုပ်ဖို့ ပြည်နယ်အစိုးရမှစီစဉ်ထားသည်ဟုလည်း သိရပါတယ်။

နှစ်ရှည်ပင်များ၊ ၄က်ပျော်ပင်များ၊ ဖာလာပင်များစိုက်ပျိုးထားသူ တချို့စိုက်ပျိုးထားတဲ့ ဦးကောင်းမြတ်သူက က " အဲ့ချိန်တုန်းက သစ်တောရုံးတောင်မှ မရှိသေးပါဘူး အခုက သစ်တောကျူးဆိုပီးတော တရားဆွဲတယ်၊ တရားဆွဲနေတဲ့အချိန်မာပဲ ကျွန်တော့် ခြံထဲမှာ အဆောက်အဦးတွေလာ ဆောက်တယ်။" လို့ပြောပါတယ်။

နိုဝင်ဘာလအတွင်း တရားစွဲခံရသူ ၅ဦးကို သစ်တော ဥပဒေအရ တရားစွဲဆိုထားပြီး ရုံးချိန်း ၃ ကြိမ်ရှိနေပြီဖြစ်ပါတယ်။

တောင်သူနှင့်စစ်တပ်မြေယာအငြင်းပွားမှုမှာ တိုင်းရင်းသားအခွင့်အရေး ကာကွယ်ပေးတဲ့ ဥပဒေတွေ သိရှိရန်လိုအပ်

ကန္တာရဝတီတိုင်း[မ်]

တရားစွဲခံထားရတဲ့ တောင်သူတွေကို ဥပဒေနှင့် အညီ နိုင်ငံသားအကာအကွယ်ပေးနိုင်ဖို့ပြီးခဲ့သည့် နိုဝင်ဘာလ ၁၅ရက်နေ့မှာ ဒီးမေ့ဆိုမြို့ တရားရုံး တောင်သူရုံးချိန်းချိန်အတွင်း တရားလွှတ်တော်ရှေ့နေ ဦးမြင့်သွင်က လာရောက်လေ့လာသွားပါတယ်။

ဒီလိုတောင်သူတွေအပေါ် စစ်တပ်က တရားစွဲထားတဲ့ကိစ္စမှာ အမြန်ဆုံးဖြေရှင်းနိုင်ဖို့ သက်ဆိုင်ရာတွေက တိုင်းရင်းသားအခွင့်အရေးကာကွယ်ပေးတဲ့ ဥပဒေတွေသိဖို့ လိုအပ်တယ်လို့ ဦးမြင့်သွင်က ပြောဆိုလိုက်ပါတယ်။

တရားစွဲဆိုထားသည့်စစ်တပ်ဖြစ်စေ၊ တရားစွဲသည့်အဖွဲ့များဖြစ်စေ၊ ဥပဒေအရာရှိများဖြစ်စေ၊တရားသူကြီးများဖြစ်စေ၊ ရှေ့နေများဖြစ်စေ ဥပဒေများကို မြန်မြန်ဆန်ဆန်သိမှ သာလျှင် တောင်သူဖြစ်ပွားနေသော ပြဿနာကို ဖြေရှင်းနိုင်မည်ဟု သုံးသပ်ပြောဆိုသွားတာပါ။

“နောက် အဲမှာ သိမ်းထားတာ ကျနော်တွေ့တာက ၂၀၁၄ မြေယာလည်း မြေသိမ်းတဲ့အခါမှာ မြေသိမ်း ဥပဒေတွေ ရှိသေးတယ်။ ဟုတ်ပြီ အထောက်အထား တောင်သူတွေမှာ ဒီအမူထဲမှာ သွားတွေ့တာ အနှစ် ၅၀ စိုက်ထားတယ်ဆိုတာ။ ဒါဆို တိုင်းရင်းသားတွေရဲ့ မိရိုးဖလာ တမူထူးခြား ဆိုတာဘာလဲ။” လို့ ဦးမြင့်သွင်ကပြောပါတယ်။

နှစ်ပေါင်း ၅၀ စိုက်ပျိုးထွန်ယှက်လာတဲ့ ဒေသခံ တိုင်းရင်းသားတောင်သူတွေ လုံခြုံစိတ်ချအကာအကွယ်ရှိစေတဲ့ ဥပဒေပြဋ္ဌာန်းဖို့လည်း လိုအပ်နေတယ်လို့လည်း သုံးသပ်ပြောဆိုသွားပါတယ်။

အထောက်အထားတစ်စုံတစ်ရာမရှိပေမယ့်လည်း ယခုလို သိမ်းချုပ်တိုင်းသိမ်း၊ တရားစွဲချုပ်တိုင်း စွဲလို့မရတဲ့အကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ဥပဒေပုဒ်မ ၂၇ အရ တိုင်းရင်းသားတွေကို သွေးခွဲစေတဲ့ မပြောရကြောင်း၊ ပုဒ်မ ၂၂ အရ တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံတွေကိုဖော်ထုတ်ရမည်ဖြစ်ကြောင်း၊ ပုဒ်မ ၃၄၇အရ တန်းတူအခွင့်အရေးရရမည်ဖြစ်ကြောင်း၊ ပုဒ်မ ၃၅၅အရ နိုင်ငံသားတွေ မည်သည့်နေရာတွင်မဆို နေထိုင်ခွင့်ရှိကြောင်း ဦးမြင့်သွင်က သုံးသပ်ပြောဆိုထားပါသည်။

ထို့ကြောင့် ယခုကဲ့သို့ နှစ် ၅၀ စိုက်ပျိုးလတဲ့ တိုင်းရင်းသားတွေရဲ့ မြေယာကို သိမ်းဆည်းမောင်းထုတ်မည်ဆိုပါက မြေလွတ်မြေလပ်မြေရိုင်း ဥပဒေအရ နည်းဥပဒေတွေ အပိုင်း ၅၂ (ခ) အရ လျော့ကြေး နှစ်နာကြေးများပေးရမည်ဖြစ်ကြောင်း သစ်တောဥပဒေတွင်လည်း အထောက်အထားမရှိတဲ့မြေနှင့်ပတ်သက်ပြီး လျောကြေးနစ်နာကြေးတွေပြန်ပေးဖို့ လိုတယ်လို့ထပ်မံသုံးသပ်ပြောထားပါတယ်။

လက်ရှိ ကယားပြည်နယ်တွင် စစ်တပ်မှ တောင်သူ ၂၂ ဦး တရားစွဲခံနေရပြီး ထောင်အချုပ်ကျနေသူ ၁၂ ဦးရှိပါတယ်။

တရားလွှတ်တော်ရှေ့နေ ဦးမြင့်သွင်

တောင်သူပိုင် မြေယာ အပေါ် အုတ်တံတိုင်းခတ်မှု သက်ဆိုင်ရာက ညှိနှိုင်းပေးစေလို

ကန္တာရဝတီတိုင်း[မ်]

လွိုင်ကော်မြို့၊ မြို့ပြင်နေရာတွင် တပ်မတော်ကနေ ခြံစည်းရိုးများ တည်ဆောက်ရန် လုပ်ဆောင်လာသည့်အပေါ် တောင်သူများက စိုးရိမ်နေသည့်အတွက် သက်ဆိုင်တဲ့ အစိုးရနဲ့ ဌာနဆိုင်ရာတွေကို ညှိနှိုင်းဆောင်ရွက်ပေးစေလိုကြောင်း အမည်မဖော်လိုသူ တောင်သူတစ်ဦးကပြောပါတယ်။

၎င်းက "ရွာသားတွေလဲလိုက်လာပြီးတော့ တားသေးတယ်။မရဘူး။ လုံခြုံရေးတွေကလည်း အပြည့်ချထားတယ်။ ခဏလေးစောင့်ပါအုံး သက်ဆိုင်ရာထွေအုပ်တို့ကိုစောင့်ပါအုံးပြောတာလည်းမရဘူး အုတ်တံတိုင်းချဖို့လုပ်နေတယ်။" လို့ ပြောပါတယ်။

၎င်းနေရာကို ၁၉၉၈ခုနှစ်တွင် တပ်မြေအဖြစ် လျာထားခဲ့တာကြောင့် မည်သည့်သီးနှံမှစိုက်ပျိုးခြင်းမရှိခဲ့ပေ။ တပ်ဖက်ကလည်း ၎င်းမြေကို အသုံးပြုခဲ့ခြင်းမရှိတာကြောင့် လုစလဲလဲနေသည့်မြေကို ဒေသခံများကပြန်လည်စွန့်လွှတ်ပေးရန် တောင်းဆိုထားပါတယ်။

လွိုင်ကော်မြို့၏မြောက်ဘက်တွင်ရှိသည့် BE တပ်နှင့်ဆက်သွယ်ရေးတပ်မှ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် လျာထားသည့်မြေယာပေါ်တွင် အလံများလာရောက်စိုက်ထူခဲ့ပြီး ယနေ့နိုဝင်ဘာလ ၂၂ ရက်နေ့တွင် စက်ယန္တယားများဖြင့် ခြံစည်းရိုးများကာရံရန် မြေများကိုလာရောက်တူးဖော်နေကြောင်း ၎င်းကဆိုပါတယ်။

တပ်မတော်ဖက်မှ အခုလို တောင်သူများ၏မြေယာများကို သိမ်းယူထားခြင်းသည် ပြည်သူလူထုများကို နစ်နာစေရန်ပြုလုပ်ခြင်း၊ အဟန့်အတားပြုလုပ်ခြင်း၊ လူမျိုးသုန်းသတ်ဖြတ်မှုလုပ်ရပ်တစ်ခု အနေဖြင့် ဆောင်ရွက်နေသည်ဟု ခံစားနေရကြောင်း ကရင်နီပြည်တောင်သူလယ်သမားသမဂ္ဂ ဥက္ကဋ္ဌ ကိုတူရယ်က ပြောပါတယ်။

"အကောင်အထည်မဖော်တာ ကြာပြီ တပ်ကဘာမှမလုပ်တာကို ပြန်ပေးဖို့တောင်းနေတာကြာပြီပြန်မပေးဘူးဖြစ်နေတယ်။ တည်ဆဲဥပဒေတွေကို မလေးစားတာပဲ။ တောင်သူတွေကိုလည်း မလေးစားဘူး။ ပြည်သူပဲနစ်နာတယ်။" လို့ ကိုတူရယ်က ပြောပါတယ်။

လက်ရှိတွင် ၎င်းမြေများကို စစ်တပ်မှပြန်လည်စွန့်လွှတ်ပေးရန်အတွက် လူအခွင့်အရေးကော်မရှင်၊ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ ပြည်နယ်လွှတ်တော်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံစသည်တို့တွင် တိုင်ကြားထားပါတယ်။

၎င်းမြေယာသည် လွိုင်ကော်မြို့နယ် မြေနီကုန်း၊ ထေးပလော်ခူ၊ ကြတ်ခူ၊ ၃ မိုင်လွယ်တမူ၊ ဒေါ်မူကလားကျေးရွာရှိ ဒေသခံတောင်သူများ၏ ၃၁၆.၂၈ ဧကခန့်ပါရှိသည်ဟု သိရပါတယ်။

တိုင်းရင်းသားစာပေမြင့်တင့်ရန် ဆရာ/မများကိုလုံလောက်သည့် အထောက်အပံ့ပေးစေလို

ကန္တာရဝတီတိုင်း[မ်]

တိုင်းရင်းစာပေဘာသာတွေကို ပိုမိုမြင့်တင်ပေးဖို့အတွက် ဆရာ/မများကို လုံလောက် တဲ့ အထောက်အပံ့ပေးစေလိုတယ်လို့ ကယန်းအမျိုးသားပါတီမှ ဦးမောင်လျှို့က ပြောပါတယ်။

“တစ်ပတ်ကို တစ်ရက် တိုင်းရင်းသား ဘာသာစကားသင်ဖို့အချိန်ပေးထားခါကျတော့ လစာလဲအလုံ အလောက်မပုံပိုးနိုင်ဘူးပေါ့။ ဒါပေမဲ့အဓိကပြည်နယ်မှာပဲဆိုင်တယ်ပေါ့နော်။တိုင်းရင်းသားတိုင်းရင်းသားရိုးရာဝန်ကြီးမှာလဲ။ တာဝန် ရှိတယ်လို့တော့ မြင်တယ်။ နည်းနည်းလေးအချိန်ကို ထပ်တိုး ပေးပီးတော့ လစာလဲပိုပြီး တောက်ပံ့ပေးနိုင်မယ်ဆိုရင်တိုင်းရင်းသား ဘာသာစကားနဲ့ပတ်သတ်ပီးတော့ ကျယ်ကျယ်ပြန့်ပြန့်လုပ်နိုင်မယ်လို့မြင်ပါတယ်။”လို့ ဦးမောင်လျှို့က ပြောပါတယ်။

ပြည်နယ်အတွင်း တိုင်းရင်းသား ၆ မျိုးအတွက် တိုင်းရင်းသားစာပေသင်ကြားနိုင်ဖို့ ပြည်နယ်အစိုးရမှ ဆရာ၊ ဆရာမ ၁၅၆ ဦး ချထားပေးပြီးနေ့စား၊ လပေးအနေဖြင့် ခန့်ထားကာ တစ်နေ့ကို (၄,၈၀၀) ကျပ်ရရှိသည်ဟုသိရတယ် ခွင့်ယူတဲ့နေ့ရက်များတွင် ခံစားခွင့်မရရှိပေ။

ပြည်နယ်အတွင်း တိုင်းရင်းသား ၆ မျိုးမှာ ကယားစာပေ၊ ကယန်းစာပေ၊ ကယောစာပေ၊ ကေဘားစာပေ၊ မနုမနော(ကော်ယော်)စာပေ၊ ယင်းတလဲစာပေတို့ပဲဖြစ်ပါတယ်။

တိုင်းရင်းသားစာပေကို ကျောင်းချိန်ပြင်ပတွင် သင်ကြားခွင့်ရသော်လည်း သင်ထောက်ကူပစ္စည်းများ မရှိတာကြောင့် သင်ကြားရေးမှာ အခက်အခဲရှိနေသေးတယ်လို့ ကယားပြည်နယ်မှ ကယန်းအမျိုးသားစာပေ

နှင့်ယဉ်ကျေးမှုအဖွဲ့ အတွင်းရေးမှူး ဦးခွန်းထက် က ပြောပါတယ်။

ဦးခွန်းထက်က "ပုံနှိပ်စာအုပ်က အဲ့လောက်ထိ အခက်အခဲမရှိဘူး။ အခက်အခဲရှိတာက အခု သင်ကြားနေတဲ့သင်ထောက်ကူတွေ အများကြီးလိုတယ်။

အခုချိန်မှာ ကလေးတွေအတွက် ဖတ်စာအုပ်မရှိဘဲ မှတ်စုစာအုပ်နဲ့သာ မှတ်သားရတဲ့အတွက် အခက်အခဲဖြစ်နေတယ်။" လို့ ပြောပါတယ်။

တိုင်းရင်းဘာသာစာပေကို ကျောင်းပြင်ပချိန်သင်ကြားရတဲ့အတွက် ကျောင်းသားမိဘများနှင့် ကလေးများ အထူးစိတ်ဝင်စားရန်လိုနေတဲ့အချိန်တွင် ယခုကဲ့သို့ သင်ထောက်ကူ များမရှိတဲ့အတွက်လည်း ပို၍စိတ်ဝင်စားမှုနည်းနေသည်ဟု ဆိုပါတယ်။

ယခုလက်ရှိသင်ကြားနေတဲ့ တိုင်းရင်းသားဘာသာများတဲ့ မြန်မာသင်ရိုးညွှန်းတမ်းကို ဘာသာပြန်ထားတဲ့ သင်ရိုးညွှန်းတမ်းဖြစ်သည့်အတွက်လည်း ဒေသသုံးသင်ရိုးညွှန်းတမ်း ပြန်လည်ထုတ်ဝေနိုင်ရန်ကြိုးစားဆဲဖြစ်သည်ဟုလည်းသိရတယ်။

၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလတွင် စတင်ဖြန့်ချိသည်။

လူငယ် ၆ ဦးအပေါ် တရားရုံးက ချမှတ်တဲ့ ပြစ်ဒဏ် ပြည်နယ်အစိုးရ မကျေနပ်

ပြည်နယ်အစိုးရမှ နိုင်လွတ်လုံ ပုဒ်မ ၁၀ နဲ့ တရားစွဲဆိုထားတဲ့ ကရင်နီလူငယ် ၆ ဦးကို ပြီးခဲ့တဲ့ နိုဝင်ဘာလ ၇ ရက်နေ့မှာ အလုပ်နဲ့ ထောင်ဒဏ် ၆ လ ချမှတ်ခဲ့ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ပြည်နယ်အစိုးရက နိုဝင်ဘာလ ၂၇ ရက်နေ့မှာ ပြင်ဆင်ချက် ထပ်တက်မယ်လို့ ကရင်နီလူငယ်တွေဆီကို စာရောက်ရှိလာခဲ့တယ်လို့ သိရပါတယ်။ ဒီဖြစ်စဉ်နဲ့ ပတ်သက်ပြီး ကယား(ကရင်နီ)ပြည်နယ်အတွင်းက တက်ကြွလှုပ်ရှားသူတွေရဲ့ ထင်မြင်သုံးသပ်ချက်တွေကို ဖော်ပြလိုက်ပါတယ်။

ကိုကျော်ထင်အောင် – တက်ကြွလှုပ်ရှားသူ

လူထု သဘောထား ဆန္ဒမပါပဲ အတင်းအဓမ္မ တည်ထားခြင်းကြောင့် ကန့်ကွက်ရာကနေ ဖြစ်ပေါ်လာတဲ့ ဖြစ်စဉ် ဖြစ်တဲ့အတွက်ကြောင့် မို့လို့ လူငယ်တွေအနေနဲ့ကတော့ ဒါထုတ်ပြန်မှာပဲ ဖြစ်တယ်။ ဒီအပေါ်မှာကို လုပ်ပိုင်ခွင့်ရှိတဲ့သူတွေကတော့ အာဏာကို အလွဲသုံးစားလုပ်ပြီးတော့မှ မတရားစွဲဆိုတဲ့ ပုံစံဖြစ်တယ်လို့ပဲ သုံးသပ်ပါတယ်။ အခုလို ထောင်ဒဏ် ချမှတ်ပြီးသား ဖြစ်နေတာတောင်ကိုမှ ပြစ်ဒဏ်နည်းလို့ တိုးမြှင့်ချထားပေးဖို့ဆိုတဲ့ ပုံစံလုပ်လာခြင်းသည် ပြည်သူနဲ့အတူဆိုတဲ့ အရပ်သား အစိုးရလက်ထက်မှာ ဘယ်လိုမှကို မဖြစ်သင့်သလို ကျတော်တို့ တိုင်းရင်းသားပြည်နယ်တွေရဲ့ မူလ အခွင့်အရေးတွေ ကိုယ့်ဌာနေ တိုင်းရင်းသားတွေရဲ့ သဘောထားတွေ ဆိုတဲ့အပေါ်မှာ လေးစား အသိအမှတ်ပြုမှု မရှိပဲနဲ့ လက်ရှိ အာဏာအပေါ်မှာ လုပ်ပိုင်ခွင့်အပေါ်မှာ ဥပဒေကို အလွဲသုံးစား ပြုတယ်လို့ပဲ သုံးသပ်ပါတယ်။

ဦးပညား – ကရင်နီလူ့အခွင့်အရေးအဖွဲ့ (ဒါရိုက်တာ)

ပြန်ပြီးတော့ ဒီလိုတင်တာကတော့ စဉ်းစားစရာ ဖြစ်တယ်ပေါ့နော် နံပါတစ်အချက်က ခုနက ပြောသလို ကျတော်တို့ရဲ့ လက်ရှိဖြစ်ထွန်းနေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အခြေခံ တိုင်းရင်းသားတွေရဲ့ အခွင့်အရေး ရှုထောင့်ကနေ ကြည့်မယ်ဆိုရင် ဒါက လုံးဝကို မလုပ်သင့်တဲ့ အချက်တစ်ချက်လို့ ကျတော်တို့ မြင်တယ်။ လွယ်လွယ်လေးပြောရရင် ရိုးရိုးပုံစံနဲ့ ပြစ်မှုတွေ မဟုတ်ဘူး။ ခိုးမှုတွေ၊ဓားပြမှုတွေ၊ လူသတ်မှုတွေ မဟုတ်ဘူး။ ဒီဟာက နိုင်ငံရေးအရ တိုင်းရင်းသားတွေရဲ့ အခြေခံ အခွင့်အရေးအရ လှုပ်ရှားမှုကနေ ဖြစ်ထွန်းလာသော အပြန်အလှန် တရားစွဲဆိုမှုဖြစ်တယ်။ အဲ့ဒီအပေါ်မှာ နောက်ထပ် လျှောက်လဲချက် တင်ခြင်းဟာ ကျတော်တို့ တတွေကို နှိပ်ကွပ်လိုတယ်။ ကျတော်တို့ တိုင်းရင်းသားတွေအပေါ် နှိပ်ကွပ်လိုတယ်။ဒီလူငယ်တွေရဲ့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တွေကို ခံစားချက်တွေကို နိုင်ငံရေးအရ နှိပ်ကွပ်တယ်လို့ပဲ ကျတော်က မြင်တယ်။

နော်ဖောဝါး – နည်းပညာအထောက်အကူပြု ကွန်ယက် (သုတေသီ)

ဒီထောင် ၆ လကို မကျေနပ်လို့ပြန်ပြီး ပြင်ဆင်မှုတက်တယ်ဆိုတော့ လာမဲ့ ၆ ရက်နေ့ကို သူ ရုံးပြန်ချိန်းထားတယ်။ ဆိုတော့ စောင့်ကြည့်ရမှာပေါ့ တရားရုံးရဲ့ ဆင်ခြင်တုံတရား ဘယ်လိုရှိလဲဆိုတာကိုပေါ့ ဆိုတော့ အဲ့ဒီအပေါ်မှာ စောင့်ကြည့်ပြီးရင်တော့ ဒီအမှုပေါ်မှာ ဆက်ပြီးတော့ ကိုင်တယ်ဆိုရင်တော့ တရားရုံးကိုလည်း မေးခွန်းထုတ်စရာ ဖြစ်လာပြီပေါ့နော်။ တရားစီရင်ရေးက လွတ်လပ်မှု မရှိဘူး။ independent မရှိဘူး။ အုပ်ချုပ်ရေးက ဘယ်လောက်ထိ လွှမ်းမိုးလဲဆိုတာကိုတော့ အဲ့မှာတော့ ကောင်းကောင်းလေး တွေ့နေရပြီပေါ့။ တကယ်လို့များ ဒီလာမဲ့ ၆ ရက်နေ့မှာ ဒီ တရားရုံးရဲ့ ဆုံးဖြတ်မှုအပေါ်မှာ ဒီဟာကို ဆက်လက်ခံရေး၊ မခံရေး၊ ပလပ်ရေး၊ မပလပ်ရေးဆိုတဲ့အပေါ်မှာ ဒါတော့ ကျမတို့တွေ အကုန်လုံးကတော့ မေးခွန်းထုတ်စရာ ရှိသလို တနည်းအားဖြင့်လည်း ပြန်ထောက်ပြစရာတွေလည်း အများကြီး ဖြစ်လာမယ်။ ဒါကတော့ မတရားတဲ့တစ်ခုကို အာဏာအရ လုပ်မယ်ဆိုရင် တကယ်လို့များ အဲ့နေ့ရဲ့ အဖြေတစ်ခုက တရားရေးကို အုပ်ချုပ်ရေးက လွှမ်းမိုးမှုရှိတာ သိပြီးတော့ မေးခွန်းမေးစရာ တစ်ခုပဲ ရှိတယ်။ အလုပ်ရှုပ်ခံပြီး တရားရုံးဖွင့်ထားစရာ လိုမလားပေါ့။ ဒါပေမဲ့ တရားရုံးက တရားမျှတဖို့တော့ မျှော်လင့်ပါတယ်။ တရားရုံးရဲ့ ဂုဏ်ကိုလည်း ထိန်းဖို့ မျှော်လင့်ပါတယ်။ ဒီနေရာမှာ တရားရုံးရဲ့ independent ကို ပြဖို့တော့ လိုတာပေါ့။

မော်မိုးမြော – ကရင်နီအမျိုးသားလူငယ် အစည်းအရုံး(KNYO) အထွေထွေ အတွင်းရေးမှူး

သူတို့က အဲ့လို ပြန်ပြင်ဆင်တယ် ပြန်တက်တယ်ဆိုတော့ လူငယ်တွေကို သက်သက် ဖိနှိပ်တယ်လို့ မြင်တယ်။ ပြီးတော့မှ လူငယ်တွေက သူတို့ကို အဲ့လောက်ထိ ပြောခဲ့တာမျိုးတွေ မရှိခဲ့ဘူးပေါ့။ ဒါပေမဲ့ သူတို့ လက်ရှိအစိုးရက သူတို့လက်ထဲမှာ အာဏာရှိတယ်။ အမိန့်ပေးလို့ ရတယ်ဆိုတဲ့ ပုံစံမျိုးနဲ့ သူတို့လုပ်ချင်တယ်လို့ မြင်တယ်။ ပြီးတော့မှ လူငယ်တွေကို သက်သက်ဖိနှိပ်တယ်လို့ပဲ မြင်ပါတယ်။

ကန္တာရဝတီတိုင်း[မဲ]

လွိုင်ကော်မြို့ ကန္ဒဟောဝန်ပန်းခြံထဲမှာ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြွေးရုပ်ထားရှိတဲ့အပေါ် လူငယ်တွေက ပြည်နယ်အစိုးရ ဝန်ကြီးချုပ်နဲ့ ဦးအယ်လ်ဖောင်းရှိ ၊ ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်တို့ကို ကရင်နီအမျိုးသား သစ္စာဖောက်များ၊ သွေးစည်းချစ်ကြည်ရေး၏ ရန်သူများအဖြစ် ပြီးခဲ့တဲ့ ၂၀၁၉ မတ်လ ၂၅ ရက်က ထုတ်ပြန်ကြေညာခဲ့ပါတယ်။

အဲဒီရဲ့နောက်ဆက်တွဲရလဒ်တွေက အစိုးရကနေ လူငယ်၆ ဦးကို တရားစွဲလိုက်တာ အခုဆိုရင် တရားရုံးက နိုဝင်ဘာလ ၇ ရက်နေ့မှ အလုပ်နှင့် ထောင်ဒဏ် ၆ လဆိုပြီး ပစ်ဒဏ်ချမှတ်လိုက်ပါတယ်။

အဲဒီလိုလွိုင်ကော်မြို့နယ်တရားရုံးက အလုပ်နဲ့ထောင်ဒဏ် ၆လ ချမှတ်လိုက်တဲ့အပေါ်မှာ ပြည်နယ်အစိုးရ ဝန်ကြီးချုပ်က မကျေနပ်လို့ ဆိုပြီးတော့ ပြင်ဆင်ချက် ထပ်တက်ထားပါတယ်။

“ လွိုင်ကော်မြို့ နယ်တရားရုံးက ကျတော်တို့ကို ထောင်ဒဏ် ၆ လချတယ် ဆိုတော့ ဒီအပေါ်မှာ သူက(ပြည်နယ်ဝန်ကြီးချုပ်) ကျေနပ်မှု မရှိဘူး။ ကျေနပ်မှု မရှိတဲ့အတွက် ကျတော်တို့ကို နောက်ထပ် ထောင်ဒဏ် တစ်နှစ် ထပ်ချပေးဖို့အတွက် ဒီ လွိုင်ကော်ခရိုင်တရားရုံးမှာ သူက ပြင်ဆင်ချက် ထပ်တက်တယ်” လို့ ခွန်းကြူးဖဲကေး(ခ) ဂူဂူးက ပြောပါတယ်။

ခွန်းကြူးဖဲကေး(ခ) ဂူးဂူးဟာ တရားစွဲခံရတဲ့ လူငယ် ၆ ဦးထဲက ၁ ဦးဖြစ်ပြီးတော့ နိုဝင်ဘာလ ၂၅ ရက်နေ့မှာ ပြန်လည်လွတ်မြောက်လာခဲ့တဲ့သူဖြစ်ပါတယ်။

ပြည်နယ် အစိုးရမှ နိုင်လွတ်လုံ ပုဒ်မ (၁၀) ဖြင့် လူငယ် ၆ ဦးကို တရားစွဲဆိုခဲ့တာ ဖြစ်ပါတယ်။ အစိုးရက မကျေနပ်လို့ ပြင်ဆင်ချက် ထပ်တက်လာတဲ့အပေါ်မှာ လွိုင်ကော်ခရိုင် တရားရုံးကနေ ဒီဇင်ဘာလ ၆ ရက်နေ့ကျရင် တရားရုံးမှာ လာကြားနာဖို့ ရှိတယ်လိုသိရပါတယ်။

ထောင်ထဲတွင်ကျန်ရှိနေသေးတဲ့ ကရင်နီလူငယ် ၅ ဦးကိုလည်း အခုလို ပြင်ဆင်ချက်ထပ်တက်လာတဲ့အပေါ် သိရှိကြောင်း ထောင်ပိုင်ရုံးခန်းထဲမှာခေါ်ပြီး လက်မှတ်ထိုးခိုင်းတယ်လို့သိရပါတယ်။

“ထောင်ထဲကနေ ထွက်လာတာ ၂ ရက်ပဲ ရှိသေးတယ်။ ပြင်ဆင်ချက် ထပ်တက်တယ်။ ဒီပြင်ဆင်ချက်တက်တာကို ရှုံ့ ချပါတယ်။ မတရားဘူးလို့လည်း မြင်ပါတယ်။”လို့ ခွန်းကြူးဖဲကေး(ခ) ဂူးဂူးက ဆက်ပြောပါတယ်။

ပြင်ဆင်ချက် စာထဲတွင်ပြင်ဆင်ချက်လျောက်ထားသူမှာ နိုင်ငံတော်နှင့် ဦးသက်နှောင်လို့ ရေးထားတဲ့အတွက် နိုင်ငံတော်က မည်သူမည်ဝါ ဖြစ်ကြောင်း မေးခွန်းထုတ်စရာဖြစ်နေတယ်လို့ နည်းပညာအထောက်အကူပြုကွန်ယက်မှ သုတေသီ နော်ဖောဝါးက ပြောပါတယ်။

“အရင်တုန်းက ဒီ ၆ လနဲ့ တရားလိုနဲ့ နိုင်လွတ်လုံနဲ့ တရားရုံးမှာ လာရင်ဆိုင်တာသည် ဦးသက်နှောင်ဖြစ်တယ်။ ဒါပေမဲ့ ၆ လကျတာ မကျေနပ်လို့ ပြင်ဆင်မှု တက်တယ်ဆိုတဲ့ နေရာမှာ ၁ က နိုင်ငံတော် ၂ က ဦးသက်နှောင်ဆိုတော့ နိုင်ငံတော်က ဘယ်သူ့ကို ပြောချင်တာလဲ။ ပြည်ထောင်စုက လာပြီးတော့ ဒီပြင်ဆင်မှုကို လျှောက်လာတာလား နိုင်ငံတော်ဆိုလို့ ဘယ်ပုဂ္ဂိုလ်က လာလျှောက်သလဲ သိချင်ပါတယ်ပေါ့ ” လို့ နော်ဖောဝါးက ပြောပါတယ်။

ပြင်ဆင်ချက် ထပ်တက်ထားတဲ့ကိစ္စနဲ့ပတ်သက်လို့ ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်ကို ဆက်သွယ် မေးမြန်းကြည့်တဲ့အခါ "ကျတော့်ရဲ့ လုပ်ဖော်ကိုင်ဖက် ပါတီဝင်တွေကို ပြောပါဗျာ။ သူတို့ ပြောတာလည်း ကျတော်ပြောတာနဲ့ တူတူပါပဲနော်။"လို့ ကန္တာရဝတီတိုင်း(မဲ)ကို ပြန်ပြန်လည်ဖြေကြားခဲ့ပါတယ်။

ကယားပြည်နယ်လွိုင်ကော်တွင် ဗိုလ်ချုပ်ကြွေးရုပ်ကိစ္စထားရှိရေးနှင့်ပတ်သက်ပြီး ကရင်နီလူငယ်များ ကြိုတင်ကန့်ကွက်ခဲ့သည့်ကြားက ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိလ်နှင့် စီမံဘဏ္ဍာဝန်ကြီး ဦးမော်မော်တို့က အဓိကဦးဆောင်ပြီးဖြစ်မြောက်အောင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါတယ်။

ထောင်ဒဏ်ခြောက်လ ချမှတ်ခံခဲ့ရတဲ့ ကရင်နီလူငယ်ခြောက်ဦးမှာ ကိုဒီးဒီ (ခ)စစ်မုန်း၊ မျိုးလှိုင်ဝင်း(ခ) ခူးပါစကွားလယ်၊ ခွန်းသောမတ်စ်၊ ခူးရီးဒူး ၊ ဂျွန်ပေါလ် နှင့် ခွန်းကြူးဖဲကေး (ခ) ဂူဂူးတို့ဖြစ်ပါတယ်။

ကာတွန်းကဏ္ဍ

ကဗျာကဏ္ဍ

"ဘာအတွက်လဲ သင်တို့စစ်ပွဲ"

ရခိုင်ပြည်က
နားချိန်မရှိ
သင်တို့စစ်သား
ပြည်သူတွေဟာ
လိုချင်ဖြီနော်
ငြိမ်းချမ်းရေးလေ
ဥယျာဉ်မှူးများ
ပြည့်လာလေးနှစ်
ကိုင်းဆက်ပညာ
ဤငြိမ်းချမ်းရေး
တို့ပြည်သူက
နှစ်ပေါင်းကြာလှ
အမှန်တိုင်းပြော
မမြင်ဘူးလား
ပြည်သူဘဝ
ဟိုပြေးဒီပြေး
ခရီးခုလပ်
ဝမ်းသာလို့လား
ဘာအတွက်လဲ
ပြဿဒါး
စစ်ပွဲတွေဖြစ်
စဉ်းစားကြည့်လေ
ရက်ရာဇာကို
ပျော်ရာမျော်တွေး
NCA ပြု
ကြိုးစားပျိုးတာ
ပင်စည်ဖြစ်တိုင်း
လိုပါသေးသည်၊
သီးလေးရဖို့
မျှော်နေကြတာ
တွေ့ရပင်သန်
မှန်သောလမ်းစဉ်
စစ်သားလဲလူ
ရှောင်ရစစ်ဘေး
ကလေးလူကြီး
ဒုက္ခရောက်တာ
စဉ်းစားကြည့်ပါ
သင်တို့စစ်ပွဲ

ကယန်းလပြည့်(စလင်းသား)

"ကျေးလက်နေ အမျိုးသမီးများရဲ့ တိုးတိတ်ရှိုက်သံများ"

စိုးထိုက်အောင်

ဖရူဆိုမြို့နယ်ရဲ့ အနောက်ဘက်ခြမ်း ဒိုမိုဆောကျေးရွာအုပ်စု ခါးဘယ်ကျေးရွာဟာဆိုရင် ဖရူဆိုမြို့ကနေ ၃၄ဘီကျော်ကျော်လောက်ကားစီးသွားရပါတယ်။

ဖရူဆိုကနေ ဟိုယာအထိလမ်းကောင်းပြီး ဟိုယာကနေ ခါးဘယ်အထိကတော့ လမ်းကြမ်းပါတယ်။

ခါးဘယ်ကျေးရွာကတော့ တောင်ကြားထဲမှာ ရှိပြီး အိမ်ခြေ ၈၀ခန့်ရှိပါတယ်။ အားလုံးက ကယော လူမျိုးစုတွေ နေထိုင်ကြတဲ့ ရွာလေးဖြစ်ပါတယ်။

ရွာသူရွာသားများတွေက အဓိက အားဖြင့် တောင်ယာ စပါးစိုက်ပျိုးခြင်းကိုသာ လုပ်ကိုင်ကြပါတယ်။ တပိုင်တနိုင်အနေနဲ့ ကျွဲ၊ နွား၊ဝက်တွေကို အိမ်တိုင်းနီးပါး မွေးမြူထားကြပါတယ်။

ရွာမှာ ခြေခံပညာအလယ်တန်းကျောင်းတစ်ကျောင်း၊ ကျေးလက်ကျန်းမာရေးဌာနတို့ရုံးလည်းရှိနေပြီဖြစ်ပါတယ်။

အမျိုးသမီးအကြမ်းဖက်မှုပပျောက်ရေး အထိမ်းအမှတ်အနေနဲ့အဲဒီရွာကို ပြီးခဲ့တဲ့နိုဝင်ဘာလ ၂၆ ရက်နေ့က ခါးဘယ်ရွာကို ပထမဆုံးအကြိမ်ရောက်ခဲ့ဖူးတာဖြစ်ပါတယ်။

ကယောအမျိုးသမီးအစည်းအရုံးနှင့် မျိုးဆက်သစ်ကယောလူငယ် (ဗဟို အဖွဲ့အစည်း) တို့ကအမျိုးသမီးအကြမ်းဖက်မှု ပပျောက်ရေးအတွက် အသိပညာပေးဟောပြောပွဲနောက်ကိုသွားရောက်ခဲ့ခြင်း ဖြစ်ပါတယ်။

ဒီလိုအမျိုးသမီးတွေအပေါ် ရုပ်ပိုင်းဆိုင်ရာကော စိတ်ပိုင်းဆိုင်ရာတွေကော အကြမ်းဖက်မှုတွေများလာတဲ့အတွက် အခုလို အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ရပ်တန့်ရေးနေ့ ၁၆ ရက်တာလှုပ်ရှားမှုအတွင်းမှာ ကယောဒေသဘက်ကို အသိပညာပေးသွားလုပ်ခဲ့ရတာလို့ ကယောအမျိုးသမီးအစည်းအရုံးမှ ဥက္ကဋ္ဌ မချယ်ရီမိုး ကအခုလိုပြောပါတယ်။

"ဒီဖြစ်ပေါ်လာတဲ့ ကျား၊မ အခြေပြု အကြမ်းဖက်မှုတွေလျော့ချဖို့အတွက် ရည်ရွယ်ချက်နဲ့ အစ်မတို့က ဒီအခမ်းအနားပြုလုပ်ရခြင်းဖြစ်ပါတယ်။" လို့ မချယ်ရီမိုးက ပြောပါတယ်။

အခမ်းအနားဟောပြောပွဲမှာ ခါးဘယ်ကျေးရွာက အမျိုးသမီး၊ အမျိုးသားတွေ သာမက အနီးအနားရွာကသူတွေ စုစုပေါင်း လူဦးရေ ၁၀၀ကျော်က ဟောပြောပွဲကို တက်ရောက်ခဲ့ကြတာ တွေ့ရပါတယ်။

ဒေသခံအမျိုးသမီးများ ခါးဘယ်ကျေးရွာမှာ ယခင်က အမျိုးသမီးအကြမ်းဖက်ခံရမှု အလွန်များနေသေးတယ်လို့ ပြောပါတယ်။

အကြမ်းဖက်ခံရပြီဆိုရင်လဲရိုးရာနည်းတွေနဲ့သာ ဖြေရှင်းပေးတာကြောင့် အမျိုးသမီးတွေအနေနဲ့တရားမမျှတဘူးလို့ဆိုပါတယ်။

အခမ်းအနားတက်ရောက်လာတဲ့ ဒေါ်သန္တာဖောက " ကျမတို့ရွာမှာ အကြမ်းဖက်ခံရတာများတယ်။ ဒါပေမဲ့ရိုးရာနဲ့ဖြေရှင်းသွားတာဆိုတော့ သူတို့ကို သူတို့ အကြမ်းဖက်ခံရမှန်း မသိကြဘူး။ ကျမတို့ဒီလို ဟောပြောပွဲတွေ တက်ပြီးတော့မှပဲ သိလာကြတာပေါ့နော်။" လို့ပြောပါတယ်။

တကယ်လို့အမျိုးသမီးတစ်ယောက် လိင်ပိုင်းဆိုင်ရာ အကြမ်းဖတ်ခံရပီဆိုရင်လဲ ဝက်တစ်ကောင်၊ နွားတစ်ကောင်ဖြစ်သာ ကျေအေးပေးလိုက်ရတယ်လို့ ဒေသခံအမျိုးသမီးများက ပြောပါတယ်။

အဆက်ကို စာမျက်နှာ – ၁၂ သို့

သိုက်ဖွား

"သိုက်သာနာ ဆိုက်ကြုံလာ ဆရာလူကောင်း ရဟန်းလောင်း"

- သိုက်ဖွားများသည် ဥစ္စာပစ္စည်းမြဲခြင်း၊ စုဆောင်းတတ်ခြင်း ထူးခြင်းသိသာလှပါသည်။
- သိုက်ဖွားတွေ့ စိတ်ထားနူးညံ့၍ ဦးစီးဦးဆောင် အကြီးအကဲဖြစ်တတ်ကြသည်။
- ရုပ်ရည်အသားအရေ နူးညံ့တတ်သည်။ သနားကြင်နာစိတ်ရှိတတ်ကြသည်။ စည်းစိမ်ချမ်းသာ ပြည့်စုံပြီး စိတ်ချမ်းသာ ရကြသည်က များသည်။
- လုပ်ငန်း အစစ အကြံအစည် အောင်မြင် တတ်ကြသည်။
- သိုက်ဖွားသားသမီးတွေက တိုးတက် အောင်မြင်မှု ရတတ်သည်။
- သိုက်ဖွားရှင်တွေရဲ့ မိဘများမှာ အရောင်း အဝယ်နှင့် လုပ်ငန်းများ တိုးတက်အောင်မြင်တတ်ကြပါသည်။
- ယေဘုယျအားဖြင့် ကိုယ်၏စိတ်နှစ်ပါးချမ်း သာကိန်းရှိတတ်ကြတာ သိုက်ဖွားမွေးဖွားသူများ ဖြစ်သည်။

သိုက်ဖွားသားသမီးများ အသိစိပ်ဟောကိန်း

သိုက်သားသမီးများကတော့.....

စိတ်ထားကောင်း၊ စိတ်နှလုံးသား၊ စိတ်ကောင်းရှိသူတွေပါ။
သည်းခံစိတ်အပြည့်ရှိသည်။ လူအများကိုလဲ ခင်တွယ်စိတ်ရှိသည်။
မိမိ မိသားစုမောင်နှမအရင်းလို သဘောထားတတ်သည်။
ပေးဆပ်ခြင်းများသည်။
သိုက်ဖွားတွေက ဘာမဟုတ်တဲ့ ကိစ္စလေးတွေနဲ့စိတ်ဆိုးနေတတ်သည်။
ကလေးဆန်ပြီး ကလေးတစ်ယောက်လိုပြုမူ စိတ်ကောက်လုက် စိတ်ပြေလိုက် မကြာခဏ ဖြစ်တတ်သည်။
အလုပ်ကံကောင်းသည်။
သူများတွေ နှစ်ပေါင်းများစွာလုပ်ပြီး ရာထူးတိုးကာ လစာမတိုးတာ၊ သိုက်ဖွားတွေရဲ့ ကုသိုလ်ကံက နှစ်အနည်းငယ်နှင့် ရာထူးတိုးတာ လစာတိုးတာ၊ အလုပ်ရလွယ်တတ်တာ သို့သော် တည်မြဲမှု နည်းပါးသည်။
ဘယ်လောက်ကောင်းတာပြောပြော ဘယ်လောက်လုပ်လုပ် အကောင်းပြောမခံရတတ် မကြာခဏ စေတနာ့ဝန်ထမ်း လုပ်နေရမည်။
မိမိထဲကနေ အိတ်စိုက်လုပ်ရတတ်သည်။
အလုပ်ကို တာဝန်ကျေပွန်အောင် လုပ်ပေးပေမဲ့ နောက်ကွယ်မှာ အပြစ်ပြောခြင်း ခံရမည်။ မိမိသည် လူအပင်ပန်းခံနိုင်ပေမဲ့ စိတ်အပင်ပန်းမခံနိုင်ကြပါ။
ဒါပေမဲ့ကံကလဲ စိတ်ပင်ပန်း အမြဲခံရမည်။
တစ်ယောက်ထဲဆို အားငယ်နေတတ်သည်။
ဝမ်းနည်းနေတတ်သည်။
မိမိကိုယ်ကို အားမလိုအားမရဖြစ်နေတတ်သည်။
အလုပ်တစ်ခုကိုလည်း
မိမိဆုံးဖြတ်ချက်ဖြင့် မဆုံးဖြတ်နိုင်ပါ။
အမြဲသူများဆီက အကြံဉာဏ်တောင်းနေရတတ်သည်။
မိမိ ပေါင်းသင်းဆက်ဆံရေးကောင်းပါတယ်။
ခင်မင်အောင်နေတတ်တယ်။
မိမိက တစ်ပါးသူကို အထင်ကြီးပြီး အယုံလွယ်တတ်တဲ့အတွက် အလိမ်ခံရတတ်ကြသည်။
မိမိကလည်း အလှူလိုသဘောထားတတ်ပြီး ဖြေသိမ့်ကြသည်။
သိုက်ဖွားတွေက စိတ်အပြာင်းအလဲမြန်တယ်။
တစ်ခုမပြီးသေးခင် နောက်အသစ်တစ်ခု လုပ်တတ်သည်။
မိမိက ကံကိုယ်ယုံကြည်သည်။
ကောင်းတာလုပ်ရင် လိုချင်တာရရင် ကလေးတစ်ဦးပျော်ရွှင်တတ်ကြသည်။
သိုက်ဖွားများသည် မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်းများသည်။
ဒါပေမဲ့ ရေရှည်လက်မတွဲတတ်ပါ။
အပေါင်းအသင်းသစ်တေနဲ့လည်း အမြဲတွေ့နေတတ်တဲ့ သိုက်ဖွားတွေပါပဲ။
သိုက်ဖွားများသည် စိတ်ကူအလွန်ယဉ်ပြီး မိမိက လေပေါ်မှာ တိုဆောက် စိတ်ကူးယဉ်ပြီး စိတ်ကူးနဲ့ပုံဖော် လေထဲတိုက်အိမ်ဆောက်နေတတ်သည်။
တွေးတောတတ်ကြသူများဖြစ်သည်။
စိတ်ကူးထားသော ဖြစ်မလာရင်လဲ လွန်စွာ စိတ်ဓာတ်ကျတတ်သည်။
ထိုသို့ စိတ်ကူးနဲ့လုပ်မရပါ။ လက်တွေ့ဘဝကနေ အောင်မြင်မှု ရှာရတတ်သည်။
သိုက်ဖွားတွေက စိတ်ကူးတွေနဲ့ ဖန်တီးလို့မရ အမြဲလက်တွေ့ ကျကျပဲအဆင်ပြေမည်။
စိတ်ကူးစိတ်သန်းတွေနဲ့ ရေရှည်ရည်မှန်းပြီး လုပ်သမျှ အဆင်မြေဖို့မလွယ်ပါ။
ဘဝကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မှရမည်။
အလုပ်ကိုလဲ အပင်ပန်းခံပြီးလုပ်ရမဲ့ ဇာတာနည်းပါတယ်။ သူများတွေက တစ်နှစ်ထဲ ကြိုးစားအောင်မြင်တဲ့အလုပ်ကို ကိုယ်က နှစ်ဝက်လောက်ကြိုးစားရမည်။
အလုပ်နှင့် လက်မပြတ် လုပ်တတ်သည်။ မိမိကစည်းကမ်းရှိသည်။
ငွေကို စနစ်တကျသုံးတတ်သော်လည်း မိသားစုကြောင့် ကျန်းမာရေးကြောင့် ငွေသုံးရတတ်သည်။
သိုက်ဖွားတွေက မိမိကိုယ်တိုင်ကလွ အလုပ်မရှိရင်မနေတတ်။
တစ်ခုခုအမြဲလုပ်နေတတ်သည်။
လုပ်သလောက် အလုပ်အကျိုးခံစားရတတ်သည်။
သိုက်ဖွားတွေ ကုသိုလ်အကျိုးခြင်းများသည်။ ဘဝမှာ တစ်ကြိမ် ငွေထုပ်ကြီးပိုင်ဆိုင်ရတတ်သည်။ သိုက်တူးသမားလို ဘိုးဘေး၊မိဘ အမွေအနှစ်ရတတ်ပြီး ရှေးဟောင်းအမွေအနှစ် ပစ္စည်းများနှစ်သက်မြတ်နိုး၊ ယုယသိမ်းဆည်းတတ်ကြသည်။
သိုက်ဖွားတွေက စိတ်ရှည်ပြီး မည်သည့်အလုက်ကိုမဆို သေသပ်စွာ လုပ်တတ်သည်။ မိမိကလည်း အများအထင်ကြီး အောင်လဲ နေတတ်သည်။
သိုက်ဖွားများသည် သိပ်မရင်းနှီးတဲ့သူဆို မိမိက စကားနည်းတဲ့သူလိုထင်ရပေမဲ့ မိမိကအရမ်းရင်းနှီးရင်တော့ စကားကို တရားရေလွှတ် ကြွက်တစ်ကောင် တတွတ်တွတ်အသံစည်းအလိုက်ပြောတတ်သူပါ။
စကားကိုအတုံးအလိုက်ပြောတတ်သည်။ ချီးကျူးစရာရှိလျှင် အလွန်အကျူး ချီးကျူးတတ်သလို အပြစ်တွေ့ရင်လဲ အားမနာတမ်းပြောတတ်တဲ့ အကျင့်ရှိသူပါ။
ဘွင်ဘွင်ရှင်းရှင်ပြောတတ်သည်။ မသွယ်ဝိုက်တတ်ပါ။
သိုက်ဖွားတွေက ဇီဇာကြောင်တတ်ကြသည်။
မိမိဖူးစာဖက်ကို ရုပ်ရည်ချောမောမှာ ကြိုက်ကြတတ်သည်။
မိမိကလည်း ရုပ်အသင့်အတင့်ရှိပြီး မိမိလိုရာကို ပုံသွင်စိတ်ကူးနေခြင်းကြောင့် အပျိုကြီးကံ၊ လူပျိုကြီးကံတွေလဲ ဖြစ်လွယ်ကြတတ်သသည်။
သိုက်ဖွားတွေက များသောအားဖြင့် ရုပ်ရည်ပိုင်းဆိုင်ရာ အနည်းငယ်ထူးခြားတတ်သည်။
ချစ်မွေးပါတတ်သည်။ စံပွင့်ကြသည်။
သိုက်ဖွား ခုနှစ်ရက်သားသမီးများ ချမ်းမြေ့ပါစေ။

ဗေဒင်နှင့် လက္ခဏာ ဗြဟ္မဏာရိုးရာ ဆရာကြီး ဦးကျော်၏သား

ဆရာနော်တော်

သင်၏လိုလားချက်ကို တိကျမှန်ကန်စွာ ဟောပေးသည်။ ဇာတာမျိုးစုံ ဖွဲ့ပေးသည်။

တောင်ကွဲစေတီဆိုင်ခန်း အမှတ်(၁၄)၊ သီရိမင်္ဂလာတောင်တော်၊ လွိုင်ကော်မြို့။

ဖုန်း - ၀၉ ၇၇၇ ၇၇၃ ၅၂၉

အခြေခံ **ခိုင်** မာပြီး ဖွံ့ **ဖြိုး** တိုးတက်စေရန် ဤသင်တန်းကို ဆက်သွယ်ပါ။

ရေး၊ ဖတ်၊ ပြော၊ ကြား အင်္ဂလိပ်သဒ္ဒါနှင့် စကားပြော အတတ်သင်တန်း (ကသ-၁၁၀၈)

Email: ohnkhaing@gmail.com

ခိုင်ဖြိုး®

အမှတ်-၁၀၊ ခွာညိုလမ်း၊ ရွှေတောင်ရပ်၊ လွိုင်ကော်။ (ရွှေတောင်စာသင်ထိုက်အနီး)

Phone:
- 09 4940 0834
- 09 42800 7879
- 09 25440 4872

ဤသင်တန်းကို အောက်ပါဂိုလ်များက သင်ကြားဆောင်ရွက်ပေးနေသည် -

ဆရာဦးအုန်းခိုင် (B.A, Logic) နာယက

ဆရာမ ဒေါ်ခင်ချိုအေးခိုင် (B.A, English) တာဝန်ခံနှင့်သင်ကြားရေး

ဆရာမ ဒေါ်ခင်ချိုမြင့်ခိုင် (B.A, Myanmar) သင်ကြားရေး

သင်တန်းပုံစံများ

၁။ အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြော၊ ကြား ပို့ချချက် အဆင့် ၁ မှ ၇ အထိ (တစ်ဆင့်လျှင် ၁ လပြတ်)
၂။ အင်္ဂလိပ်သဒ္ဒါ သီးသန့်ပို့ချချက် (အခြေခံမှ အဆင့်မြင့်ထိ)
၃။ အသံအမှန်နှင့် အင်္ဂလိပ်စကားပြောခြင်းကို ကောင်းစွာ နားထောင်တတ်ရန်၊ ပြောတတ်ရန်အတွက် သီးသန့်အသံထွက် ပို့ချချက်။
၄။ စာမတတ်သူများ၊ အစိုးရနှင့် ကုမ္ပဏီဝန်ထမ်းများ၊ ပြည်ပတွင် အလုပ်လုပ်လိုသူများ၊ ပညာသင်ယူလိုသူများ၊ ရာထူးတိုးနှင့် လုပ်ငန်းစာမေးပွဲများ အင်္ဂလိပ်စာစွမ်းရည်အဆင့်လိုက် တစ်ဦးချင်းပို့ချက်များ။
၅။ အပြည်ပြည်ဆိုင်ရာ စွမ်းရည်စစ်စာမေးပွဲများ (IELTS, TOEFL) စသည်တို့အတွက် အကြိုပြင်ဆင်မှု ပို့ချချက်များ။
၆။ အင်္ဂလိပ်မှ မြန်မာ၊ မြန်မာမှ အင်္ဂလိပ် ဘာသာပြန်ပေးသည်။
*** မိမိလိုရာအဆင့်ထိ တာဝန်ယူ အတတ်သင်ပေးလျက်ရှိသည်။

သတင်းအချက်အလက်များ ရရှိမှုနည်းပါးသည့် ဖားဆောင်းမြို့နယ် ဝမ်အောင်းကျေးရွာအတွက် မသိဂီဝင်းမှ Kantarawaddy Times ဂျာနယ်ကို တစ်ကြိမ်လျှင် အစောင်(၂၀) တစ်နှစ် လှူဒါန်းသည်။

လာမည့် ၂၀၂၀ ရွေးကောက်ပွဲမှာ ကယန်းအမျိုးသားပါတီက ဘာတွေပြင်ဆင်နေပြီလဲ။ ဌာနေတိုင်းရင်းသားတွေကကော ဘာအခွင့်အရေးတွေ ဆုံးရှုံးနေလဲဆိုတာတွေနဲ့ ပတ်သက်ပြီး ဒီးမော့ဆိုမြို့နယ် ကယန်းအမျိုးသားပါတီ ဥက္ကဋ္ဌ ခွန်းမောင်လျို့ နှင့် ကန္တာရဝတီတိုင်း(မ်)မှ တွေ့ဆုံမေးမြန်းထားတာတွေကို ကောက်နုတ်တင်ပြထားပါတယ်။

ဒီးမော့ဆိုမြို့နယ် ကယန်းအမျိုးသားပါတီ ဥက္ကဋ္ဌ ခွန်းမောင်လျို့

မေး ။ ။ ကယန်းအမျိုးသားပါတီအနေနဲ့ ၂၀၂၀ ရွေးကောက်ပွဲအတွက် ဘာတွေပြင်ဆင်နေပြီလဲ။

ဖြေ။ ။ ကယန်းအမျိုးသားပါတီအနေနဲ့ အခုလက်ရှိ ရွေးကောက်ပွဲဝင်ဖို့အတွက်တော့ရန်ပုံငွေမရှိခါကျတော့ မလုပ်နိုင်သေးဘူး။ အစိုးရအနေနဲ့ကျတော့ စည်းရုံးရေးတွေ လုပ်နေပဲပေါ့။ ကယန်းအမျိုးသား ပါတီအနေနဲ့ကတော့ မလုပ်နိုင်သေးပေမဲ့လဲ ကိုယ့်နည်းကိုယ့်ဟန်နဲ့သွားပြီးတော့ လူထုတွေကို ချပြ ပေးတယ်ပေါ့။ ကိုယ့်မျိုးနွယ်စု၊ မိသားစုရဲ့ လူငယ်ကဏ္ဍ မှာပဲဖြစ်ဖြစ် လူကြီးပိုင်းမှာပဲ ဖြစ်ဖြစ် နှစ်တိုင်းနှစ်တိုင်းနှစ်ပတ်လည် အစည်းအဝေး လုပ်ခါကျတော့ နည်းနည်းပါးပါးလေးသိအောင် ပြောပြတယ်ပေါ့။ စည်းရုံး ရေးတော့ မဟုတ်ဘူးပေါ့ ဒီလို မျိုးကယန်းအမျိုးသား ပါတီရှိတာမိတ်ဆက်ပေးလိုက်တယ်ပေါ့။ ဒါပဲရှိပါတယ်။

မေး ။ ။ ကိုယ်စားလှယ်လောင်းတွေကိုကော ဘယ်မဲဆန္ဒနယ်တွေဝင်ပြိုင်ဖို့ စီစဉ်ထားကြပြီလဲ။

ဖြေ။ ။ အခုကတော့ ဒီမော့ဆိုမြို့နယ်မှာ ပြည်နယ်လွှတ်တော်ကိုယ်စလှယ်နဲ့အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဝင်ပြိုင်ဖို့ရည်ရွယ်ထားပါတယ်။ နောက်မယ်စဲမြို့နယ်မှာ ပြည်နယ်လွှတ်တော်ကိုယ်စလှယ်နဲ့ပြည်သူ့လွှတ်တော်ကိုယ်စလှယ် အဲ့ဒါပဲ ဝင်ပြိုင်ဖြစ်တယ်။ ကိုယ်စားလှယ်လောင်းတွေကိုတော့ လျာထားပြီးပါပြီ။ မဖော်ထုတ်ရသေးဘူးပေါ့။ မိန်းခလေးကတော့ အနည်းဆုံးတော့လျာထားပါတယ်။

မေး ။ ။ ၂၀၂၀ ရွေးကောက်ပွဲမှာကောက်ပွဲမှာ ကယန်းအမျိုးသားပါတီ ကိုယ်စားလှယ်တွေအနိုင်ရခဲ့မယ်ဆိုရင် ပါတွေလုပ်ကြမလဲ။

ဖြေ ။ ။ တကယ်လို့နိုင်လာခဲ့ရင် ကျနော်တို့ ပြည်သူကိုစီးပွားရေးထွန်းပဲ ဖြစ်ဖြစ်၊ လူမှုရေးထွန်းပဲဖြစ်ဖြစ်၊သူတို့ကြုံတွေ့ရမဲ့အခက်အခဲတွေအကုန်လုံးကွင်းဆင်းပီးတော့ တစ်ရွာချင်းတွေ့ပြီးတော ကျနော်တို့သူတို့အခက်အခဲကိုမေးမှာပေါ့။လိုအပ်တဲ့အခက်အခဲကို ဖြေရှင်းနိုင်အောင် ကျနော်တို့ပြည်နယ်အစိုးရတွေနဲ့ ပူးပေါင်းပြီးတော့မှလိုအပ်တာကို ဖြည့် စီးပေးမာပေါ့။

မေး ။ ။ လက်ရှိတိုင်းရင်းသားတွေအနေနဲ့ အခွင့်အရေး ဆုံးရှုံးမှုတွေကဘာလဲ။

ဖြေ ။ ။ ကျနော်တို့တိုင်းရင်းသားအခွင့်အရေးလို့ပြောတဲ့နေရာမှာ ကျနော်တို့ ပထမဦးဆုံး ကျနော်တို့ ကယန်းအမျိုးသားရေးရာဝန်ကြီးနေရာကို အခွင့်အရေးအရ လောလောဆယ်တော့ ဆုံးရှုံးနေသေးတယ်ပေါ့။၂၀၀၈ရဲ့ ပြဋ္ဌန်းချက်အရလူဦးရေပြည့်မှီသော်ငြားလည်း ဒီနှစ်ထိဒီရာထူးနေရာလေးကိုမရရှိသေးတာတော့ လောလောဆယ် အခွင့်အရေး ဆုံးရှုံးနေပြီလို့ ခံယူမိတယ်။

မေး။ ။ ကယန်းတိုင်းရင်းသားရေးရာဝန်ကြီးတစ်ပါးရဖို့ ဥပဒေတွေက ဘယ်လိုတွေရှိလဲ။

ဖြေ ။ ။ ဖွဲ့စည်းပုံအခြေခံဥပဒေမာ ကယန်းတိုင်းရင်းသားရေးရာဝန်ကြီးကယားပြည်နယ်မှာရဖို့တော့ ပြင်ဆင်စရာမလိုဘူးသတ်မှတ်ထားပီးသားလူဦးရေက ပြည့်မီရင် ပေးရမယ် ဆိုတာပြဋ္ဌာန်းထားပြီးသား ဒါပေမဲ့ ဒီနေ့အထိမပေးသေးဘူးပေါ့ မပေးသေးခါကျတော့ ဒါလူပဲလိုတယ်။ ဥပဒေနဲ့မဆိုင်တော့ဘူးပေါ့ ဥပဒေကတိတိကျကျ ပြဋ္ဌာန်းထားပြီးသား အဲ့ဒီခါကျတော့ သူတို့ပြည်ထောင်စုနဲ့ဆိုင်လာ(သို့မဟုတ်)လဝကနဲ့ဆိုင်လား၊UECအဖွဲ့နဲ့ဆိုင်လားဆိုတာတော့ မသိတော့ဘူး ။

ပြည်ထောင်စုကနေသတ်မှတ်ထားလို့လွတ်တော်ကနေတင်သွင်းပြီး တောင်းရင် အမှန်ဆိုပေးရုံပဲဒါပေမဲ့သူတို့ဘယ်လိုလုပ်ထားလဲဆိုတာတော့ မသိပါဘူး။

မေး။ ။လက်ရှိအစိုးရကနေဖော်ဆောင်ပေးနေတဲ့ သင်ကြားရေး အချိန်တွေ၊ ဆရာမလစာတွေကော ဌာနေတိုင်းရင်းသားတွေအပေါ်မှာ အခွင့်အရေးတွေပေးနေပြီလို့ခံစားရလား။ ဘယ်လိုမြင်ပါသလဲ။

ဖြေ။ ။ တစ်ပတ်ကိုတစ်ရက် တိုင်းရင်းသားဘာသာစကားသင် ဖို့အချိန်ပေးထားခါကျတော့ လစာလဲ အလုံအလောက်မပံ့ပိုးနိုင်ဘူးပေါ့။ ဒါပေမဲ့ အဓိက ပြည်နယ်မှာပဲ ဆိုင်တယ်ပေါ့နော်။ တိုင်းရင်းသား တိုင်းရင်းသားရေးရာဝန်ကြီးမှာလည်း တာဝန်ရှိတယ်လို့တော့ မြင်တယ်။ နည်းနည်းလေးအချိန်ကို ထပ်တိုးပေးပီးတော့ လစာလည်းပိုပြီးတော့ ထောက်ပံ့ပေးနိုင်တယ်ဆိုရင် တိုင်းရင်းသား ဘာသာစကားနဲ့ပတ်သတ်ပီးတော့ ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်မယ်လို့ မြင်ပါတယ်။

မေး။ ။ ဌာနေတိုင်းရင်းသားစာပေအခွင့်အရေးကကော ဘယ်လိုတွေရှိနေလဲ။

ဖြေ။ ။ ကျောင်းတွေမှာကျနော်တို့ တိုင်းရင်းသားကလေးတွေ စာပေဏ္ဍာမှာကောင်းကောင်းသင်ရပီလား။ ပြီးတော့မှ ကျနော်တို့ ရိုးရာဓလေ့တွေဖော်ထုတ်ခွင့်ရှိပီလား။ ပွဲတွေလုပ်တာနဲ့ရိုးရာဓလေ့တွေဖော်ထုတ်တယ် လို့မဆိုလိုနိုင်ဘူးလေး။ ကျောင်းစာတွေမှာရိုးရာဓလေ့တွေကိုဖော်ပြပေးသင့်တယ်။ အခုဆိုရင် မြို့ထဲမှာတောင်မဟုတ်ဘူး ကျေးလက်ဒေသတွေမှာတောင် မတတ်တော့ဘူး။ ကိုယ့် ဘာသာစကားကိုကိုယ်က အဓိကဦးစားပေးပြီး မပြောခါကျတော့ ကလေးကလဲကိုယ့်ရဲ့တိုင်းရင်းသား ဘာသာစကားကို မပြောတတ်တော့ဘူး ဖြစ်နေတာပေါ့။ တစ်ဖြည်းဖြည်းနဲ့ကွယ်ပျောက်သွားနိုင်တယ်။

လွိုင်ကော်မြို့နယ်၊ ပွန်ချောင်းဘေးတွင် တရားမဝင်သစ်များ ပိုင်ရှင်မဲ့ ဖမ်းဆီးရမိ

Photos - Forest Department (Facebook)

ကန္တာရဝတီတိုင်း[မ်]

ကယားပြည်နယ်၊လွိုင်ကော်မြို့နယ်၊ပွန်ချောင်းဘေးတွင် ပြီးခဲ့တဲ့ နိုဝင်ဘာလ ၂၇ ရက်နေ့မှာ တရားမဝင်သစ်များ ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့တယ်လို့ လွိုင်ကော်မြို့နယ် သစ်တောဦးစီးဌာနမှဦးစီးမှူး ဦးသောင်းတင်ဌေး က ကန္တာရဝတီတိုင်း(မ်) ကို ပြောပါတယ်။

“ကျတော်တို့ ပိုင်ရှင်တော့ မမိဘူး။ တပ်မတော်စစ်ကြောင်းက အရင်စတွေ့ တယ်ဆိုတော့လေ။ ကျတော်တို့က နောက်တစ်နေ့မှ လိုက်သွားတာ ” လို့ ဦးသောင်းတင်ဌေးက ပြောပါတယ်။

ခလရ(၄၂၉) တပ်ရင်းမှ ဗိုလ်မှူးဇော်ဝင်းအောင် ဦးစီးသော တပ်မတော်သားများ ပါဝင်သော ပူးပေါင်းအဖွဲ့အစည်းကတွေ့ရှိပြီး သစ်တောဦးစီးဌာနကို အကြောင်းကြားရာမှ ကျွန်း၊ပိတောက်၊ ပျဉ်းကတိုး၊ သစ်ယာသစ်များဖြစ်ပြီး အားလုံးပေါင်း (၃၁.၇၁၀၀) တန် ဖမ်းဆီးရမိတယ်လို့ သိရပါတယ်။

သွားလာရေး အခက်အခဲရှိတဲ့ နေရာဖြစ်တဲ့အတွက် လုံခြုံစိတ်ချမဲ့ နေရာကို သယ်ယူနိုင်ဖို့ စီစဉ်နေဆဲဖြစ်ကြောင်းနဲ့ သစ်ထုတ်လုပ်သူများအား စုံစမ်းနေဆဲဖြစ်တယ်လို့ ဦးသောင်းတင်ဌေးက ပြောပါတယ်။

“သယ်ယူနိုင်မဲ့ လမ်းကြောင်းကို အရင်ဆုံးကျတော်တို့ သွားကြည့်ခိုင်တယ်ပေါ့လေ ပထမ ပဏာမသွားကြည့်ခိုင်းတယ်ပေါ့ ကြည့်ပြီးမှ လုံခြုံစိတ်ချရတဲ့နေရာကို သယ်ဖို့ပေါ့ လောလောဆယ်တော့ အဲ့ဒီမှာတော့ စစ်ကြောင်း တစ်ကြောင်းက အခြေပြုနေတယ်ဆိုတော့ သူတို့စစ်ကြောင်း မရှိတော့ရင်တော့ ပျောက်ရှနိုင်တယ်ပေါ့။ အခုတော့ သယ်ဖို့ လုပ်ဆောင်နေတယ်။ ပိုင်ရှင်လည်း မတွေ့တော့ အရေးယူဖို့ကတော့ မရှိနိုင်ပါဘူး။ ” သူက ပြောပါတယ်။

သစ်တောဦးစီးဌာနမှ ဖမ်းဆီးရမိတဲ့ သစ်များကို မြန်မာ့သစ်လုပ်ငန်းကို အပ်နှံပြီးငင်းတို့ကလေလံပစ်ပြီး နိုင်ငံတော် ဘဏ္ဍာငွေရရှိအောင် ဆောင်ရွက်နေတယ်လို့ သိရပါတယ်။

၂၀၁၈ခုနှစ် အရှေ့သံလွင်ဘက်တွေမှာ သစ်တန်ချိန် တစ်သောင်းတစ်ထောင်ကျော်အထိ ဖမ်းဆီးရမိတယ်လို့ ဆိုပြီး သစ်တွေကို ထုတ်လုပ်ဖို့ အစိုးရကနေကုမ္ပဏီတွေကိုသယ်ယူခွင့်ပြုထားတယ်လို့ သိရပါတယ်။

စာမျက်နှာ ၁၀ မှ
“ကျေးလက်နေ အမျိုးသမီးများရဲ့ တိုးတိတ်ရှိုက်သံများ” အဆက်

တရားရုံးတွေ၊ရဲစခန်းတွေကို တိုင်မယ်ဆိုရင်လဲ ဗမာ စကားမပြောတတ်တာတွေရှိတယ်၊ သွားလာရခက်ခဲတယ်၊ သွားတိုင်မယ်ဆိုရင်လဲ ယောကျ်ားလေးတွေဘက်က ချိန်ခြောက်တာတွေရှိတယ်လို့ ပြောပါတယ်။

“အရင်က ရိုးရာ ဓလေ့နဲ့လုပ်တာများတယ် အခုကတော့ အသိတရားတွေရလာတော့ အရင်လောက်တော့ အကြမ်းဖက်မှု မရှိတော့ဘူးပေါ့။ ရှိတော့ရှိသေးတယ်။ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေ တော့ များနေသေးတယ်။ ဒါပေမဲ့ဒီထက်မကပပျောက်စေချင်တယ်။” လို့ ဒေါ်သန္တာဖောက ပြောပါတယ်။

ကယောဒေသဘက်မှာဆိုရင် ရိုးရာဓလေ့ထုံးစံနဲ့ အမျိုးသမီးအကြမ်းဖက်ခံရတဲ့အမှုတွေကို ဖြေရှင်းတဲ့ခါမှာ တရားမျှတမှုမရှိလို့ တရားဥပဒေနဲ့ ဖြေရှင်းဖို့ အသိပညာပေးနေရသေးတယ်လို့ ကယော အမျိုးသမီးအစည်းအရုံးမှ ဥက္ကဋ္ဌ မချယ်ရီမိုး ကအခုလို ပြောပါတယ်။

“ဒီဟာက မဖြင့်သင့်ဘူး၊ဘယ်ဟာက လွဲမှားတဲ့အယူအဆလဲ၊ ဘယ်ဟာက အန္တရာယ်ရှိတဲ့ ရိုးရာယဉ်ကျေးမှုလဲဆိုတာကိုပဲ အမတို့က အသိပညာပေးတဲ့အပေါ်မှာသူတို့ကလက်မခံကြဘူးပေါ့နော်။ အများစုလက်မခံတာကျတော့ ဒီအသက်ကြီးပိုင်းလူတွေရယ်၊ အမျိုးသားတော်တော်များများကလက်မခံဘူး။ ငါတို့ရိုးရာကိုနှင်တို့ရဲ့ဥပဒေနဲ့လာမထိနဲ့အဲ့လိုပေါ့နော်။ သက်ငယ်မှဒဿမှု ဆိုတာကတော့ ဒါကလက်သင့်ခံရမဲ့အမှုမဟုတ်ဘူး။ ဒါကို တရားဥပဒေနဲ့ သွားရမယ်။ ဒါမှပဲ တရားဥပဒေ စိုးမိုးမှာ။ ရိုးရာနဲ့ပဲ ဖြေရှင်းလိုက်တယ်၊ လျော်ကြေးပဲတောင်းလိုက်တယ်ဆိုရင် သေချာတယ် ကျူးလွန်သူတွေကတော့ ဆက်ရှိနေအုံးမှာပဲ”လို့ မချယ်ရီမိုးကပြောပါတယ်။

ကျေးရွာတွေမှာ အမျိုးသမီး အကြမ်းဖက်ခံရမှုတွေမှာ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေကတော့ ပိုများတယ်လို့ဆိုပါတယ်။ ဒီလို အကြမ်းဖက်မှုတွေ မပပျောက်သည့်တိုင် လျော့နည်းလာဖို့အတွက်ကိုတော့ သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူတွေက ဦးစားပေးဆောင်ရွက်ပေးဖို့ လိုအပ်နေပါသေးတယ်။

ရိုးရာဓလေ့တွေနဲ့ပဲ ဆက်ပြီး သွားနေတဲ့ ဒေသဘက်မှာရှိတဲ့ အမျိုးသမီးတွေဟာဆိုရင် အခုချိန်ထိ တိုးတိတ်ငိုရှိုက်နေကြရဆဲဖြစ်ပါတယ်။

Kantarawaddy Times

Accurate Reliable Trustworthy

Vol:7 , Issues 18 Kantarawaddytimes December 1, 2019

Army Orders Farmers To Harvest Crops On Disputed Land

By Kantarawaddy Times

In a bizarre twist of events, the Burma Army ordered farmers to harvest crops it previously stated were illegally planted on land farmers say was stolen from them.

The Army (aka Tatamadaw) built new military bases on the contested land that was taken in 2010 to increase its power in conflict-afflicted Karenni State.

Farmers were told to harvest crops they planted in the last few months but after the Army arrested many of the males of affected households, it seems unlikely remaining family members can get the crops off the ground in time.

A farmer, from Dawsoshay village, located in Demawso township where the land was reportedly confiscated from, doubted they'll be able to pull it off.

"We need manpower and machines and vehicles. Some can't afford to rent equipment," said the farmer, that wished to remain anonymous.

The Army has prosecuted members from every household in Dawsoshay village, Ko Tu Reh, from the Karenni State Farmer Association, told the Kantarawaddy Times. With the majority of males in prison, only the women are left, Ko Tu Reh said.

"I heard the Army ordered farmers to harvest their crops within a day. It's threatening!" Ko Tu Reh said.

There is over 300 acres of corn and rice planted by the farmers on the disputed land. The Army prosecuted 22 farmers, and 12 are still in prison. The Tatmadaw took legal action against the farmers in July, claiming they destroyed public property and trespassed for protesting on the land they say was confiscated.

Gov't Needs To Promote Ethnic Languages

By Kantarawaddy Times

The government needs to do more to help teachers of ethnic languages, said a member of a Kayan party.

If higher wages are offered for teachers and there's more classes ethnic language fluency would increase, said Maung Lio, from the Kayan National Party. "Currently, there's only one ethnic language class offered each week."

There are 156 ethnic language teachers employed by the government in 275 schools in Kayah State. They're paid 4,800 Kyat (about US$3) a day to teach language classes that fall outside of regular school hours.

It's difficult for children to learn because there are few books available in ethnic languages, said Khun Htet from the Kayan Literature and Culture Association. "Children have notebooks to write in but they have little to read."

Because ethnic language classes must be taught after school ends the incentive to learn is lower resulting in reduced enrollment, Khun Htet said.

"I demand for more books and other learning materials for classes. Teachers should also receive training. They need at least ten days of teacher training."

Curriculum for classes is derived from Burmese textbooks and translated to ethnic languages. Khun Htet wants to see more locally produced language books written with local customs and culture in mind.

Many different ethnic groups live in Kayah State. Some



of these include Karenni, Kayaw, Kaw Yaw (Monu Monaw), Yin Talae, Gaybar, Shan, Pa-O, Lisu, Karen, and Bamar.

Farmers Criminalized For Cultivating Land

By Kantarawaddy Times

Ethnic leaders need to know their rights in order to defend their people in Karenni (Kayah) State, said Myint Thwin, a lawyer.

The Army and members of Myanmar's judicial system understand the legal system and are utilizing this knowledge for quick settlements with the current land disputes.

"Some of this land has been confiscated since 2014. Farmers' documents proves they have been planting on this farmland for 50 years," he told the Kantarawaddy Times.

Myint Thwin said the government needs to enact laws to protect the farms of ethnic people. Karenni farmers from Demawso were convicted for trespassing and damaging private property after protesting on land they say the Tatmadaw (Burma Army) stole from them in 2010.

When they attended court hearings last month some of the defendants couldn't understand what was happening, said Ko Tu Reh, chairperson of Karenni State Farmer Association.

"There was a language barrier," he explained. "They can only speak their mother language and not Burmese, and that's why they faced difficulties in court."
Some farmers that were prosecuted don't have official land ownership documents, even though they have cultivated the land for many years. The government can't seize land from ethnic people because they don't have official land documents, Myint Thwin said.

Article 22 of the 2008 Constitution states, "The Union shall assist: (a) to develop language, literature, fine arts and culture of the National races; (b) to promote solidarity, mutual amity and respect and mutual assistance among the National races," he said.

Article 22 of the constitution states, "The Union shall assist development, consolidation and preservation of National culture."

Myint Thwin said article 52/b of the VFV land law (virgin, fallow and vacant land law) says the government must compensate farmers if they take land they have cultivated for fifty-years.
Since July, 22 farmers have been charged and 12 are in prison.

Mese Township Locals Say Govt is Using Trespassing Charges to Take Their Land

By Kantarawaddy Times

Locals have objected to the prosecution of five people in Karenni State's Mese Township for allegedly trespassing on forest land that the government says it owns.

The Karenni State government has announced plans to build a public park on the road outside of Mese town, leading locals to wonder whether they are being forced from their land plots for this reason.

Phyo Phyo Swe, who is among those facing charges from the forest department, said she purchased a ravine in the forest and filled it in with soil in 2012 to make it a usable land plot.

"Why did they seize my land plot? When we took this land, it was a ravine. Then we filled soil into the ravine. After everything was complete, they came to seize our land plot," she told Kantarawaddy Times.

Kaung Myat Thu, who is also being prosecuted, said that his presence on the land—since 1998—pre-dates that of the government's forest department. He and others have already planted bananas, cardamom and other crops on their land plots.

"There was no office for the forest department at that time. Now they have prosecuted me for trespassing on the government's forest. Then they came to build buildings on my land plots during the prosecution," Kaung Myat Thu said.

Those charged have attended three rounds of court hearings. Three have sent an open letter to the state parliament, leading the parliamentary committee which monitors complaints to come and observe the situation on the ground in Mese on November 16. They have tried to negotiate between those facing charges and the forest department.

There are reportedly 15 people who are using the forest land outside of Mese, but locals have questioned why five people have been singled out as "trespassers."

Kantarawaddy Times is looking further into local allegations that the sister of Karenni State chief minister L Phoung Sho is among those who owns a land plot in the government's forest area. She is not one of the five people being prosecuted for trespassing.

Opium poppy plantations in eastern Shan state destroyed

Mizzima

Myanmar authorities have destroyed 438.5 acres (177.6 hectares) illegally grown opium poppy plantations in eastern Shan state, the Central Committee for Drug Abuse Control (CCDAC) said on Monday, according to a Xinhua report.

The opium poppy plantations, destroyed by a combined force of police and local people between Oct. 28 and Nov. 23, were grown in some villages in Pinlaung and Pekon townships.

According to figures, poppy was cultivated on 37,300 hectares of land and 520 tons were produced in Myanmar in 2018, down by 9 percent and 5.45 percent respectively as compared with 2017 when poppy was cultivated on 41,000 hectares and 550 tons were produced.

ကဝဂ ခုနှစ်၊ ဇန္နဝါရီလတွင် စတင်ဖြန့်ချိသည်။

Burma Army Must Return Illegally Confiscated Land, Lawyer Says

By KANTARAWADDY TIMES

The Burmese military must return land seized from farmers in Karenni State if the act violated the country's land confiscation law, a lawyer has said.

Lawyer Thein Oo cited legal statutes through which locals in Demoso Township's Dawsoshay village could get back farmland seized by Artillery Battalion 360 in 2003 and 2004. Farmers were forced to relocate from their village, where they had lived since at least 1879.

"There is the 1894 Land Confiscation Law. The army can confiscate land with this law," Thein Oo told Kantarawaddy Times. "The army must return the land if it's not in line with the existing land confiscation law. They must return the land," he said, adding that Union President Win Myint had already made the order to do so.

Since farmers had cultivated crops on the land around Dawsoshay village for more than 50 years, they are entitled to continue to have rights to the land or appropriate compensation for their loss.

"According to law, farmers have their rights. Farmers have suffered a lot because they haven't gotten any compensation for their land," Thein Oo said

Dawsoshay is home to 27 households. The military has prosecuted members of 15 families, charging them with violating Article 447 of the encroachment act and Article 6(1) of the public property protection act, for trying to reclaim the land. They are currently being detained.

Law Home Legal Organization director Kyaw Wunna Aung said that farmers could not apply to be released on bail because of these charges, and their absence has affected the families; ability to work.

"In some families, the husband, wife and children are charged. Now it's time to harvest their crops but they cannot gather their crops," Kyaw Wunna Aung said.

If the farmers are found guilty of violating Article 6(1), they will be sentenced to seven years' imprisonment, the Legal House director said.

MP demands a parliamentary enquiry into the landslide in Thae Phyu Kone village

Mizzima

Aung Myat Thu — Mon State, Paung constituency lower house MP Mi Kun Chan demanded in a parliamentary session convened on November 22 that an enquiry should be held into the landslide that occurred in Ma Latt hill, Paung Township, Mon State.

MP Mi Kun Chan said in parliament session, "I raised this question to ascertain the true reason of this Thae Phyu Kone landslide happened in Paung Township, whether it is natural disaster or man-made disaster."

A landslide occurred on Ma Latt hill near Thae Phyu Kone village, Paung Township in the early hours of August 9 which killed 72 people and seriously injured 28. The damage was extensive, destroying 27 households and travellers' belongings at the foot of the hill.

"According to the survivors from this landslide and those living in the surrounding area, I heard that selfish and greedy sand miners dug into this hill at the foothill and expanding their farms in this area. Then the earth on the hill was out of balance and then the hill collapsed as a landslide when there was heavy rain on that day," MP Mi Kun Chan said.

She added that geologists and mining experts did not allow sand mining and quarry mining on this hill as it was the continuation of the nearby Kalama mountain range and it contained soft sediment rocks.

Deputy Minister of Union Ministry of Natural Resources and Environment Conservation, Dr. Ye Myint Swe, replied at parliament session that according to the report submitted by the field survey team on this landslide incident, the prime cause of this incident was a natural disaster and the man-made element was minor in this disaster.

The Deputy Minister offered some details of the causes.

According to the figures released by Ministry of Social Welfare, Relief and Resettlement, incessant heavy rain in last June and August in Mon State caused landslides and inundated nearly 100,000 households in the area and there were over 40,000 flood victims who had to take refuge at 136 relief camps.

Myanmar working to ensure equal rights of all children – Official

Mizzima

Myanmar is endeavouring to ensure equal rights of all children in the country, Xinhua reported quoting a high-ranking Myanmar social welfare official.

There are about 17 million children across the nation who will be leading the future one day and this event aims to leave legacies for the next generation, said Minister of Social Welfare, Relief and Resettlement Win Myat Aye Dr Win Myat Aye on Wednesday in his opening address to mark the 30th anniversary United Nations Convention on the Rights of the Child in Nay Pyi Taw.

The minister outlined five tasks to carry out -- enacting suitable law for the convention, forming a national mechanism to implement the facts, cooperating with domestic and foreign non-governmental organizations and central statistical organizations to monitor and evaluate the implementation of child rights.

Community groups fear world bank's $250 million eastern burma project will ignite conflict

Karen Information Center

50 Community groups from Burma country and overseas signed a petition rejecting the World Bank's proposed "Peaceful and Prosperous Communities Project" (PPCP), planned for conflict-affected areas in Eastern Burma.

In a statement issued by the Karen Peace Support Network (KPSN) on 25 November 2019, the groups claimed the World Bank's project would fuel conflict in the region.

Naw Wah Ku Shee, a spokesperson for the KPSN told Karen News that now is not the right time for these development projects.

"Armed conflict is still ongoing and democratic transition in Burma is still in its initial phase. This project could further the central government's objective to expand its control into ethnic areas. This will create further tensions as well as increase human right violations."

The KPSN statement pointed out the World Bank project could undermine the rights of communities, threaten their aspirations for more autonomy and destroy their culture and traditions. It risks prolonging armed conflict and would delay any hope of a political solution to conflict.

The KPSN statement said; "No-one wants economic development more than those of us from conflict zones, but it must be the right kind of development at the right time. When implemented at the wrong time, development projects can do more harm than good."

The World Bank's website said the PPCP's objective is to address the significant and historical underinvestment in public infrastructure, services, and support for market-oriented activities in areas of Myanmar that have suffered from long-running conflicts."

KPSN explained the project, that was negotiated between the Burma's government and the World Bank, would be delivered through the central government's Union Ministry of Agriculture, Livestock and Irrigation, as well as the central government's General Administration Department, this could serve as a way for the government to expand its administration and control into ethnic areas. The control of services in ethnic states through the central government has been a point of contention during the peace process and in negotiations with ethnic community based organizations.

The KPSN said to resolve conflict, there must be a new federal power sharing structure put in place, whereby development decisions and projects are led by representatives selected by and accountable to local people and their communities.

The Peaceful and Prosperous Communities Project includes a $225 million loan repayable to the World Bank. It was initiated within the framework of Naypyidaw's 2018 "Myanmar Sustainable Development Plan," that claims underdevelopment is one of the key root causes of conflict in Burma. But the KPSN rejected that as false and said it deliberately misrepresents the situation in ethnic states of Burma.

The KSPN said; "The root cause of the decades-long civil war is not underdevelopment, but the lack of equality and power sharing. This fact is being sustained by the ongoing centralized governance, enshrined in the current 2008 constitution. This World Bank project is designed and controlled by only one party to the conflict – Naypyidaw [government] – in order to expand its unitary structures into ethnic-governed areas."

The World Bank said in response to community concerns that it had consulted with ethnic armed groups, government and also involved CSO's and community based organizations. Despite listing 61 groups and more than 1,000 individuals and 130 organizations in their consultations, Naw Wah Ku Shee said the World Bank's methods do not in any way reflect real consultation as many of the listed EAOs, CBOs, CSOs in the consultation list didn't know it was a consultation. She said that it was only the World Bank talking about their project and there was no time for community representatives to provide feedback or comments.

"It looks like the World Bank consultations are just an exercise in rubber stamping and ticking the checklist just to show they did the number – using this for the project to proceed rather than considering the concerns and voices of the local people or ethnic people in conflict areas." Naw Wah Ku Shee said.

The KPSN said these development projects must come after political reform and include meaningful consultation with and genuine participation of local civil society, ethnic armed organizations and local government. Indigenous rights must be respected and be integral in the development and implementation of development projects in ethnic areas.

The KPSN statement concluded; "Development is not a substitute for political reform. Attempts to force through development projects without local buy-in, through meaningful consultation and political reform that gives more local control, risks entrenching political conflict and fuelling the civil war."

According to information of the project on World Bank's website, the first three years of the project will focus on Mon, Karen, and Kayah States, as well as selected areas in Bago and Tanintharyi Regions. At the end of the second year of implementation, a review will consider feasibility of expansion into areas of Shan and Kachin States, and possibly other areas.

German Tourist Killed By Landmine in Northern Shan State

Network Media Group

A man from Germany was killed by a landmine that exploded while he was driving a motorbike in northern Shan State's Hsipaw Township on Tuesday.

Ko Myo, who works with a social volunteer outreach group in Hsipaw, told NMG that the incident occurred on a dirt road between Pannyaung and Kon Hauk villages. A woman from Argentina was also injured by the blast—she had reportedly been walking behind the motorbike when the landmine went off. Both she and the German man were tourists.

"We were asked to pick them up by the tour guide," Ko Myo said. "We sent them to Hsipaw hospital."

Locals have been frequently injured and often killed by landmine explosions in northern Shan State, which remains a war zone. In Hsipaw, the Burma Army and government-allied militias are active, as

well as the Restoration Council of Shan State and members of the Northern Alliance of ethnic armed groups.

In April 2016, two German tourists and their guide were injured by a landmine explosion in Kyaukme Township, also in northern Shan State.

၂၀၂၀ ခုနှစ်ဆီသို့လျှောက်လှမ်းခြင်း

ဘိုထီး[ငွေတောင်ပြည်]

မြန်မာနိုင်ငံမှာနှစ်ပေါင်း (၇၀)နီးပါးကြုံတွေ့တဲ့အခက်ခဲရဲ့ အဓိက အကြောင်းအရင်းဟာ အုပ်ချုပ်ရေးစနစ်ရဲ့ အားနည်းချက်ကြောင့်ပဲဖြစ်ပါတယ်။ အုပ်ချုပ်ရေးစနစ်ရဲ့ အားနည်းချက် အများဆုံးရှိတဲ့ နိုင်ငံဟာ အခက်ခဲအများဆုံးကို ကြုံတွေ့ရပြီး အုပ်ချုပ်ရေးစနစ်ရဲ့ အားနည်းချက် အနည်းဆုံးရှိတဲ့နိုင်ငံဟာ အခက်ခဲအနည်းဆုံးကို ကြုံတွေ့ရတဲ့နိုင်ငံဖြစ်ပါတယ်။၁၉၆၂ခုနှစ်ကစပြီး ယနေ့ထိမြန်မာနိုင်ငံမှာ ကျင်းပပြုလုပ်တဲ့အထွေထွေရွေးကောက်ပွဲဟာအုပ်ချုပ်ရေးအာဏာရရှိဖို့အဓိက ရည်ရွယ်ပြီး ပြုလုပ်တဲ့ရွေးကောက်ပွဲဖြစ်ပါတယ်။

ကောင်းမွန်တဲ့စနစ်တစ်ခု ပေါ်ပေါက်လာဖို့ ရည်ရွယ်တဲ့ ရွေးကောက်ပွဲ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုရင် ကောင်းမွန်တဲ့ စနစ်တစ်ခုကို မတည်ဆောက်နိုင်သေးပဲ ရွေးကောက်ပွဲကို ပြုလုပ်တာကြောင့် ဖြစ်ပါတယ်။ ၁၉၆၂ ခုနှစ်တုန်းက အုပ်ချုပ်ရေးအာဏာ ရယူထားတဲ့ ခေါင်းဆောင်တွေရဲ့ အုပ်ချုပ်မှုအောက်မှာ ဈေးကွက်စီးပွားရေး စနစ်ကို ဖျက်သိမ်းပြီး တံခါးပိတ်ဝါဒ ကျင့်သုံးခဲ့သည်။ စီးပွားရေးလုပ်ငန်းမှန်သမျှ ပြည်သူပိုင်သိမ်းတယ်။

စီးပွားရေးကမောက်ကမ ဖြစ်ကုန်တယ်။ အစစအရာရာ ရှားပါးပြီး "အုပ်ချုပ်ရေးအာဏာဈေးမဆစ်နဲ့၊ တွေ့ရင်ဝယ်ထားဈေးမများ" ဆိုတဲ့ဆောင်ပုဒ်အတိုင်း ဈေးမဆစ်တော့ဘဲ ပစ္စည်းရရှိဖို့ပဲ အလုအယက်ဝယ်ထားကြရပါတယ်။ ၂၆ နှစ်တိုင်တိုင် တိုင်းပြည်ဆုတ်ယုတ်သွားပြီး အရှေ့တောင်အရှမှာ အောက်ဆုံးအဆင့်ကို ရောက်သွားခဲ့ရပါတယ်။

အခြေအနေတွေဟာ တက္ကသိုလ်ကျောင်းဆောင်များဟာ ပြည်သူ့ရွေးချယ် တင်မြှောက်တဲ့ ခေါင်းဆောင်ဆိုတာ မှန်ပေမဲ့ "နောက်တက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲ" ဆိုတဲ့ စကားအတိုင်း သံယံဇာတ ထုတ်ယူသုံးစွဲတာတွေ၊ လယ်မြေသိမ်းခံရတဲ့ပြဿနာ၊ အလုပ်အကိုင်ရှားပါးမှုစတဲ့ ပြဿနာတွေ ပိုပြီးများလာတာကို တွေ့ရပါတယ်။

၁၉၉၀ကနေ၂၀၁၅ ခုနှစ်အထိ ကျင်းပပြုလုပ်တဲ့ အထွေထွေရွေး ကောက်ပွဲဟာ စစ်အစိုးရလက်ထက်က ကျင်းပပြုလုပ်တဲ့ အထွေထွေရွေးကောက်ပွဲပဲဖြစ်ပါတယ်။ စစ်အစိုးရလက်ထက်က ကျင်းပပြုလုပ်တဲ့ ရွေးကောက်ပွဲ ဖြစ်တာကြောင့် အနိုင်ရဖို့ကိုပဲ အဓိကရည်ရွယ်တာကိုတော့ ဘာမှမှတ်ချက်မပေးလိုပါဘူး။

၂၀၂၀ မှာကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲဟာ အရပ်သား အစိုးရလက်ထက် ပထမဆုံး ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲပဲဖြစ်ပါတယ်။ အရပ်သားအစိုးရလက်ထက် ပထမဆုံး ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲဟာ အနိုင်ရဖို့ပဲ အဓိကရည်ရွယ်မယ်ဆိုရင် စစ်အစိုးရလက်ထက် ကျင်းပပြုလုပ်တဲ့ ရွေးကောက်ပွဲထက်ပိုပြီး ဘာမှထူးခြားပြောင်းလဲလာမှာမဟုတ်ပါဘူး။

ပြည်သူတွေအားလုံးဟာ စစ်မှန်တဲ့ ဒီမိုကရေစီစနစ်တစ်ခုကို ဘယ်လောက်ဘဲလိုလားတောင်းတ နေကြပါစေ။ အရပ်သားအစိုးရ လက်ထက်ပထမဆုံး ကျင်းပပြုလုပ်မည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲက ဘာမှထူးခြားပြောင်းလဲမှုမရှိဘူးဆိုရင် "ဒီမိုကရေစီလည်း အလကားပါ" ဆိုပြီး ဒီမိုကရေစီအပေါ် စိတ်ပျက်သွားမည့်သူတွေ ရှိလာနိုင်မှာမလွဲပါဘူး။

၂၀၂၀ မှာ ကျင်းပမည့် အထွေထွေရွေးကောက်ပွဲဟာ ပါတီတစ်ခုတည်းသာ အပြတ်အသား အနိုင်ရမည့် ရွေးကောက်ပွဲဖြစ်အောင်လုပ်လို့မရပါဘူး။ ဘာကြောင့်လဲဆိုရင် ကောင်းမွန်တဲ့စနစ်တစ်ခုပေါ်ပေါက်လာဖို့နိုင်ငံတော် တည်ဆောက်ရေးလုပ်တဲ့အခါမှာပါတီတစ်ခုကပဲလုပ်ဆောင်လို့ မရပါဘူး။

အလုပ်တစ်ခုလုပ်တဲ့အခါ ဦးနှောက်တစ်ခုတည်းနှင့် စဉ်းစားတွေးတောပြီး လုပ်ဆောင်လို့ မရပါဘူး။ နား၊ မျက်စိ၊ ခြေ၊ လက် အားလုံးပါဝင် လုပ်ဆောင်မှ အလုပ်က ပြီးမြောက်နိုင်မှာ ဖြစ်ပါတယ်။ ထိုနည်းတူ နိုင်ငံတည်ဆောက်ရေးလုပ်ငန်း လုပ်ဆောင်တဲ့အခါမှာ ပါတီပေါင်းစု ၊ အဖွဲ့အစည်းပေါင်းစုံ၊ အလွှာပေါင်းစုံ ပါဝင်မှသာ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်တစ်ခုကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

ပါတီတစ်ခုတည်းကသာ အပြတ်အသား အနိုင်ရလိုတဲ့ စိတ်ဓာတ်ဟာ သူတလူငါတမင်း စိတ်ဓာတ်ပဲဖြစ်ပါတယ်။ ဒီနေ့ဒီအချိန်ထိကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်တစ်ခု စိတ်ဓာတ်ပဲဖြစ်ပါတယ်။ အဓိကအကြောင်းရင်းကတော့ မြန်မာ့သမိုင်းတလျှောက်မတည်ဆောက်ခြင်းရဲ့ အဓိက အကြောင်းရင်းကတော့ မြန်မာ့သမိုင်းတလျှောက် တိုင်းပြည်ကို သူတလူငါတမင်း စိတ်ဓာတ်နဲ့ ဦးဆောင် လာတာကြောင့်ပဲ ဖြစ်ပါတယ်။

ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်တစ်ခုကို အပြောတစ်ခုတည်းနှင့်လုပ်ဆောင်လို့မရဘူးဆိုတာကို စွဲစွဲမြဲမြဲလက်ခံယုံကြည်ဖို့ လိုအပ်ပါတယ်။ ရိုးသားမှု၊ ပုဂ္ဂိုလ်တစ်ဦးနှင့်တစ်ဦး၊ အဖွဲ့အစည်းတစ်ခုနှင့် တစ်ခု လေးစားမှု၊ အေးတူပူအမျှ မျှဝေခံစားတတ်မှုနဲ့သာ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်တစ်ခုကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲ အပေါ်မှာထားတဲ့ ပြည်သူတွေရဲ့မျှော်လင့်ချက်တွေဟာ လက်ရှိအချိန်မှာတော့ နေဝင်သွားခဲ့ပါပြီ။ ဘာကြောင့် ဒီလိုဖြစ်ခဲ့ရတာလဲ။ အကြောင်းရင်းကတော့ သူတလူငါတမင်း စိတ်ဓာတ်နဲ့ ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်တာကြောင့်ပဲ ဖြစ်ပါတယ်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ အနိုင်ရလွတ်တော်အတွင်းမှာလည်း ဝိတိလွမ်းနိုင် ပါ့မလား။ ၂၀၂၀ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများသေချာစဉ်းစားဆင်ခြင်သုံးသပ်ပြီး ဆုံးဖြတ်ဖို့အချိန် ရောက်ရှိလို့ လာပါပြီ။

ဘာကြောင့်လဲဆိုရင် ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ်တစ်ခု ဖြစ်ပေါ်လာဖို့ ရွေးကောက်ပွဲအနိုင်အရှုံး အဓိကမဟုတ်ပဲ ပြည်သူအပေါ်မှာထားရှိတဲ့ စေတနာစိတ်ထားကသာ အဓိကကျတာကြောင့် ဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူအနေနဲ့ ပါတီအဖွဲ့အစည်းထက် ပုဂ္ဂိုလ်တစ်ဦးစီရဲ့ စေတနာနဲ့ အရည်အချင်းကို ရမှာဖြစ်ပါတယ်။

လူကိုမကြည့်ပဲ ပါတီကိုသာကြည့်ပါဆိုတဲ့ ဆောင်ပုဒ်ဟာ ရွေးကောက်ပွဲ အနိုင်ရဖို့ကိုသာ ရည်ရွယ်တဲ့ ဆောင်ပုဒ်ဖြစ်ပါတယ်။ ကောင်းမွန်တဲ့ စနစ်တစ်ခု ရရှိဖို့မဟုတ်ပါဘူး။ ရွေးကောက်ပွဲ နီးလာချိန်မှာတိုင်းရင်းသားဒေသကို ရောက်ရှိလာတဲ့အင်အားကြီးအုပ်စုတစ်ချို့ဟာ အာဏာရရှိရေးအတွက် ရောက်ရှိလာတာပဲ ဖြစ်ပါတယ်။

အင်အားကြီးအုပ်စုများ အခြေစိုက်တဲ့မြို့ကြီးတွေမှာ ကောင်းမွန်တဲ့စနစ်တစ်ခု ပေါ်ပေါက်လာအောင် မလုပ်ဆောင်ပဲ တိုင်းရင်းသားဒေသကို ရောက်ရှိလာတယ်ဆိုကတည်းက အာဏာတစ်ခုတည်းအတွက်ရောက်ရှိလာတယ်ဆိုတာ အလွန်ပဲသိသာပါတယ်။

အာဏာတစ်ခုတည်းအတွက်ရောက်ရှိလာတဲ့ ပြည်နယ်ပြင်ပကအုပ်စုတွေကို ဒေသခံတိုင်းရင်းသားကယုံကြည်လက်ခံမယ်ဆိုရင် တိုင်းရင်းသားဒေသမှာ ဖယ်ဒရယ်ကို အခြေခံတဲ့အုပ်ချုပ်ရေးစနစ်တစ်ခုဘယ်တော့မှ ပေါ်ပေါက်လာမှာမဟုတ်ပါဘူး။

တစ်ချိန်တုန်းက ကရင်နီပြည်နယ်ဟာ ဖယ်ခုံမြို့နယ်အထိကျယ်ဝန်းတဲ့ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ ပြည်နယ်ပြင်ပကရောက်ရှိလာတဲ့ အုပ်စုအချို့က ကရင်နီခေါင်းဆောင်ကို စည်းရုံးပြီး ဖယ်ခုံမြို့နယ်ကို ရှမ်းပြည်နယ်ထည့်သွင်းလိုက်ပါသည်။

အဲ့ဒီနောက်ပိုင်းကျယ်ဝန်းလှတဲ့ ကရင်နီပြည်နယ်ဟာသေးငယ်တဲ့ ပြည်နယ်တစ်ခုအဖြစ် တည်ရှိရုံသာမကပဲ နောက်ဆက်တွဲအနေနဲ့ ကရင်နီတိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ရတဲ့အထိ ဖြစ်လာပါတယ်။

လာမည့်၂၀၂၀ အထွေထွေရွေးကောက်ပွဲမှာ ပြည်နယ်ပြင်ပရဲ့အုပ်စိုးမှု အောက်ကလွတ်မြောက်နိုင်ဖို့အတွက် တိုင်းရင်းသားအချင်းချင်းတစ်ဦးပေါ်တစ်ဦး သစ္စာရှိရှိထောက်ခံအားပေးကြဖို့ ဒေသခံတစ်ဦးစီတိုင်းမှာ တာဝန်ရှိပါကြောင်းအလေးအနက် တိုက်တွန်းရေးသားလိုက်ရပါသည်။

စစ်တပ်သိမ်း မြေတွေ့ ဥပဒေနှင့်မကိုက်ညီပါက ပြန်ပေးရမယ်လို့ တရားလွှတ်တော်ရှေ့နေပြော

တရားလွှတ်တော်ရှေ့နေဦးသိန်းဦး

စစ်တပ်မှသိမ်းယူထားတဲ့ ဒေသခံတောင်သူတွေရဲ့မြေယာဟာဆိုလျှင် မြေသိမ်းဥပဒေနှင့်မကိုက်ညီဘူးဆိုရင် ဥပဒေအရတောင်သူတွေထံ ပြန်ပေးရမယ်လို့ တရားလွှတ်တော်ရှေ့နေဦးသိန်းဦးကပြောပါတယ်။

"ပထမဆုံးအချက်ကတော့ကျတော်တို့မြေသိမ်းတယ်ဆိုရင် ၁၈၉၄ခုနှစ်မြေသိမ်း ဥပဒေအရပဲ သိမ်းလို့ရတာပေါ့နော် ဒါက ဥပဒေကြီးဖြစ်နေတာကိုး အဲ့ဒီဥပဒေနဲ့မညီတဲ့ဟာတွေကိုပြန်ပေးနေကြတာပေါ့နော်။ ပြန်ပေးရမယ် ဒါနိုင်ငံတော် သမ္မတကလဲညွှန်ကြားထားတာပေါ့နော်။" လို့ ဦးသိန်းဦးက ပြောပါတယ်။

တောင်သူတွေကြုံတွေ့နေရတဲ့ အခက်အခဲတွေအတွက် ပြန်ရရှိဖို့ အားကိုးစရာဥပဒေတခုဖြစ်တယ်လို့လည်း ဆိုပါတယ်။

လက်ရှိတောင်သူတွေ တရားရုံးကိုထွက်ဆိုချက်တွေအရ တောင်သူဟာဆိုရင် နှစ်ပေါင်း၅၀မကစိုက်ပျိုးလာကြပြီးဖြစ်တယ်ဆိုတာ သက်သေတွေထွက်ဆိုထားတာတွေ့ရကြောင်း၊ နိုင်ငံသားအခွင့်အရေးအနေနဲ့ကြည့်မယ်ဆိုရင် တောင်သူတွေပြန်ရဖို့မြေပဲဖြစ်တယ်လို့ ဦးသိန်းဦးက ဒီးမေ့ဆိုမြို့နယ် ဒေါ်ဆိုရှေးတောင်သူတွေကိုစစ်တပ်ကတရားစွဲထားတဲ့အမှုကို အခုလိုသုံးသပ်ပြောဆိုထားပါတယ်။

ဦးသိန်းဦးက "အာဏာရှိတာ မရှိတာနဲ့မဆိုင်ဘူး။ ဥပဒေအရ တောင်သူတွေမှာ အခွင့်အရေးတွေရှိတယ်။ ဥပဒေနဲ့အညီ ရော်ကြေးတွေ၊ နစ်နာကြေးတွေ မရတဲ့အတွက် တောင်သူတွေမှာ အရမ်းနစ်နာနေတယ် ဆိုတဲ့ဟာတွေကိုတော့ ဒီရက် တရားခွင်မှာ ကျတော် ကြားသလို အားလုံးလဲး ကြားကြတယ် ပေါ့နော်။" လို့ပြောပါတယ်။

ဒေါ်ဆိုရှေးတောင်သူတွေဟာ တစ်ရွာလုံးမှာမှ စုစုပေါင်း အိမ်ထောင်စု ၂၇ အိမ်ရှိပါတယ်။ အဲဒီထဲကမှ အိမ်ထောင်စု ၁၅ စုထဲက အိမ်ထောင်ဦးစီးတွေ၊ စစ်တပ်ကနေ ရာဇသတ်ကြီး၃၂၆ပုဒ်မ (၄၄၇) ပိုင်နက်ကျူးကျော်မှုနဲ့ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက် ဥပဒေ ပုဒ်မ (၆/၁)နဲ့ တရားစွဲဆိုထားပါတယ်။

ဒီလိုပုဒ်မတွေနဲ့တရားစွဲဆိုထားရတဲ့အတွက် တောင်သူတွေမှာ အာမခံမရပဲ ထောင်ချုပ်ခံထားရလို့ မိသားစုအတွက် အလုပ်လုပ်ပေးမည့်သူမရှိတော့အခက်အခဲတွေတွေ့နေရတယ်လို့ ဥပဒေအိမ်ဥပဒေ ပညာရပ်ဆိုင်ရာအသင်းမှ ဒါရိုက်တာ ကိုကျော်ဝဏ္ဏအောင်က ပြောပါတယ်။

ကိုကျော်ဝဏ္ဏအောင်က "တစ်ချို့ဆိုရင် သူကိုယ်တိုင်လဲ စွဲခံရတယ် သူ့ခင်ပွန်းနဲ့သား သမီး တွေလဲ စွဲခံရတဲ့ အိမ်တွေရှိတယ်။ အခုဆို သူတို့စိုက်ခဲ့တဲ့ တောင်ယာတွေ၊သီးနှံတွေရိတ်သိမ်းချိန်ရောက်ပီ။

သူတို့ကောင်းကောင်း မရိတ်နိုင်ဘူး။ ဘာကြောင့်လဲ ခုဏဖြစ်တဲ့ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့် ရှောက်ရေး ဥပဒေ ၆/၁ အရ ထောင်ဂုနှစ် အထိချလို့ရတယ်။ ပြစ်ဒဏ်အရဆိုရင် သူတို့ကို အာမခံပေးလို့မရဘူး။" လို့ ပြောပါတယ်။

၂၀၀၃၊ ၂၀၀၄ခုနှစ်နောက်ပိုင်းမှာမှ အမြောက်တပ်(၃၆၀)က တပ်ရင်းလာတည်တဲ့အချိန်မှာ ဒီးမေ့ဆိုမြို့နယ် ဒေါ်ဆိုရှေးတောင်သူတွေကို ရွှေ့ပြောင်းခိုင်းခဲ့တာဖြစ်ပါတယ်။

ဒေါ်ဆိုရှေးရွာကို ၁၈၇၉ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့တာဖြစ်ပြီးတော့ ယခုတပ်သိမ်းထားတဲ့မြေယာတွေဟာဆိုရင်ဘိုးဘွားစဉ်ဆက် လုပ်ကိုင်စိုက်ပျိုးလာတာဖြစ်ပါတယ်။

‘‘တောင်သူလယ်သမားတွေအတွက် နိုင်ငံတော်အစိုးရအနေနဲ့ အစီအစဉ်ရေးဆွဲချမှတ်ပြီး ဖြေရှင်းသင့်ပြီ’’

ကယားပြည်နယ်အတွင်း စစ်တပ်က တောင်သူ တွေအပေါ်မှာ တရားစွဲဆိုထားတဲ့အပေါ် ဥပဒေအိမ် ဥပဒေပညာရပ် ဆိုင်ရာအသင်းမှ ဒါရိုက်တာ ကျော်ဝဏ္ဏအောင်နှင့် မေးမြန်းချက်များကို ကောက်နုတ် တင်ပြ ထားပါတယ်။

ဥပဒေအိမ် ဥပဒေပညာရပ် ဆိုင်ရာအသင်းမှ ဒါရိုက်တာ ကျော်ဝဏ္ဏအောင်

မေး ။ ။ ကယားပြည်နယ်အတွင်းမှာ လက်ရှိ အစိုးရစစ်တပ်ကနေ တောင်သူတွေအပေါ် တရားစွဲဆိုထားတဲ့အပေါ် ဘယ်လိုမြင်ပါသလဲ။

ဖြေ။။ လက်ရှိ မြန်မာ့တပ်မတော် အနေနဲ့ပေါ့ ဒေါ်ဆိုရှေး တောင်သူတွေနဲ့ ဒေါ်မူကလား၊ ဥမိုင်ပကြိုး စံပြကတောင်သူတွေ၊ ဒီမြေနီကုန်းကတောင်သူတွေ တရားဆွဲဆိုချက်အပေါ်မှာ ကျနော်ရဲ့ ထင်မြင်ယူဆ ချက်ပေါ့နော်။

ဘာ လဲ ဆို တော့ နံ ပ တ် တ စ် က တော့ ရွာတွေကတောင်သူတွေ ဘယ်တောင်သူဖြစ်ဖြစ်ပေါ့ သူတို့က အဲ့ဒီမြေမှာ လုပ်ကိုင်စားသောက်လာတာ နှစ်ပေါင်း၅၀ကျော်ပြီ။ ဘာကြောင့်လဲဆိုတော့ သူတို့ အခုလုပ်စားနေတာသူတို့ရွာဟောင်းတွေပဲ ဖြစ်တယ်။

တိုင်းရင်းသားရိုးရာအရသူတို့က နှစ်ပေါင်း ၅၀ လုပ်ကိုင်စားသောက်လာတဲ့လူတွေပဲ ဖြစ်တယ်။ တစ်ဖက်မှာတပ်မတော်ကလဲမြေသိမ်းထားတယ်။ မြေသိမ်းဆည်းထားပြီးတော့ ဒါဥပဒေနဲ့အညီ သူပိုင်ဆိုင်ထားတယ် ဆြပြီးပြောလာတယ်။

အဲ့ဒီကျနော်တို့ ဒီဓလေ့ထုံးစံနဲ့ ပြဋ္ဌာန်းထားတဲ့ဥပဒေအရမြေယာပိုင်ရှင် လို့ပြောတဲ့ မြန်မာတပ်မတော်နဲ့က ထိပ်တိုက်တွေ့တဲ့အနေအထားမျိုးဖြစ်လာတယ်။ ဘာကြောင့် ဖြစ်လာလဲဆိုတာ ပြန်စဉ်းစားကြည့်ရင်တော့ တောင်သူတွေကလဲ နှစ်ပေါင်း၅၀ ကျော် စဉ်ဆက်မပြတ် လုပ်ကိုင်စားသောက်လာတဲ့ မြေဖြစ်တယ်၊ ဖြစ်တဲ့အတွက် ဒီမြေဟာ ဘိုးဘွားအစဉ်အဆက် ငါတို့ရထားတဲ့မြေပဲဆိုတဲ့ယုံကြည်မှုနဲ့ သူတို့လဲ အဲ့လိုပဲ နားလည်ထားတယ်။

အဲ့လိုနားလည်ထားပြီးတော့သူတို့ကဆက်တိုက် စိုက်ပျိုးလာတယ်။ တစ်ဖက်မှာလဲတပ်မတော်က မဟုတ်ဘူးဒါတပ်မတော်ပိုင် ဖြစ်တယ် နိုင်ငံတော်အစိုရကနေပေးအပ်ထားတဲ့မြေဖြစ်တယ် ဆိုတာမျိုးပေါ့ အဲ့လိုမျိုးလေးတွေ ထိပ်တိုက်တွေ့တော့တာပဲပေါ့။

မေး ။ ။ဒီလိုထိပ်တိုက်ရင်ဆိုင်နေရတဲ့ ပြဿနာကမျိုးတွေက ဒီနှစ်မှစဖြစ်လာတာလား။ ဘယ်လိုမျိုးလဲ။

ဖြေ ။ ။ ဒီနှစ်မှ ဖြစ်လာဆိုမဟုတ်ဘူး အရင်နှစ်တွေမှာလဲ ဖြစ်ဖူးပါတယ်။ ဒါပေမဲ့ပြန်ပြေလည်သွားတာမျိုးလေးတွေရှိတယ်ပေါ့။ ဒါပေမဲ့ ဒီနှစ်မှပဲပိုပြီးတော့အခြေနေဆိုးသွားတဲ့အနေအထားကြည့်တာတော့ ကျနော်တို့ ဒီနှစ်မိုးဦးရာသီမှာစဖြစ်တယ်လို့ပြောလို့ရတယ်ပေါ့။

မေး ။ ။ တောင်သူတွေကို ဒီလို တရားစွဲတော့ တောင်သူတွေဘက်ကကော ဘာတွေ ဆက်ပြီး အကျိုးဆက်တွေဖြစ်လာခဲ့ရလဲ။

ဖြေ။။ သူတို့လဲဒီပေါ်မှာပဲ စားဝတ်နေရေး၊ လူမှုစီးပွားကိစ္စတွေ ဖြေရှင်းနေရတာသူတို့ကလေးတွေ ကျောင်းထားဖို့၊ သူတို့ကျန်းမာရေး၊ သူတို့ရဲ့ ဘုရားရေး အကုန်လုံးကိုဒီပေါ်ပဲမှီတင်းပြီးတော့ ဖြေရှင်းနေရတာ ဖြစ်တယ်။ တစ်နည်းအားဖြင့်ပြောလို့ရတာဒီမြေဟာ သူတို့ရဲ့အသက်ပဲ။

အသက်ရှင်ရပ်တည်မှုနဲ့ တိုက်ရိုက်ဆက်စပ်တယ် ဒီမြေဟာ၊ ဖြစ်တဲ့အခါမှာတော့ သူတို့ကလဲ စိုက်တယ်၊ တပ်ကလဲတားတယ်။တပ်မတော်အနေနဲ့လဲ တစ်ခြား ကိစ္စတွေ သုံးဖို့လိုတယ် စသဖြင့်ပေါ့နော်။

မေး ။ ။ သက်ဆိုင်ရာတွေကကော ညှိနှိုင်းပေးမှုတွေလုပ်ပေးလား။ အခုချိန်ထိ ဘယ်လို အခြေအနေထိရောက်နေပြီလဲ။

ဖြေ။ ။ ဒီကြားမှာပြေလည်မှုတွေ မရရှိကြဘူး၊ ကျနော်ကြည့်တာတော့ သက်ဆိုင်ရာထွေအုပ်က ညှိနှိုင်းပေးတာတော့ ရှိတယ်။ သို့ပေမဲ့ ပြေလည်မှုတွေ မရရှိကြဘူးဆက်ဖြစ်တာပဲ။ ဒီလူတွေကလဲ စိုက်ရမှ၊ ဒီလူတွေကလဲ ကာရမှ သူ့ဟာသူကာမယ် အပိုင်ရဖို့ တစ်နည်းအားဖြစ်စ်တပ်မတော်ကိုပြောတာ။

တစ်ဘက်မှာတောင်သူကလဲသူတို့စိုက်ပျိုးရမှ သူတို့အသက်ရှင်သန်ရပ်တည်မှုအတွက် အဆင်ပြေမယ်။ဒါကြောင့်ပြဿနာကနောက်ဆုံးတရားဆွဲဆိုတဲ့အထိ ဖြစ်ကုန်တယ်ပေါ့နော်။

မေး ။ ။ တရားစွဲဆို ထောင်ချလိုက်တိုင်းပြဿနာကပြေလည်သွားနိုင်လား။ ဘာဆက်ဖြစ်လာနိုင်မလဲ။

ဖြေ ။ ။ တရားဆွဲဆိုတိုင်း။။ထောင်ထဲထည့်လိုက်တိုင်းဒီပြဿနာပြေလည်သွားပြီလားပေါ့။ ပြီးတော့ တစ်ဦးတစ်ယောက်ကိုတရားဆွဲဆိုပြီးတော့ တစ်ဦးတစ်ယောက်ပဲဒုက္ခရောက်တဲ့ကိစ္စမဟုတ်ဘူးပေါ့။ အခုဆိုဒေါ်ဆိုရှေး ဆိုတစ်ရွာလုံးနီးပါးဖြစ်တယ်။ တစ်ချို့ဆိုရင် သူကိုယ်တိုင်လဲခွဲခံရတယ် သူ့ခင်ပွန်းနဲ့ သားသမီးတွေလဲခွဲခံရတဲ့ အိမ်တွေရှိတယ်။ အခုဆိုသူတို့စိုက်ခဲ့တဲ့တောင်ယာတွေ၊ သီးနှံတွေရိတ်သိမ်းချိန်ရောက်ပြီ။ သူတို့ကောင်းကောင်းမရိတ်နိုင်ဘူး။

မေး ။ ။ အစုစစ်တပ်က တရားစွဲထားတဲ့ပုဒ်မတွေက တကယ်လို့ ပစ်ဒဏ်ချမှတ်တာ ခံရရင်ဘယ်လောက်ထိ ချနိုင်လဲ။ အခုတောင်သူတွေ အဲဒီအတွက် ဘာတွေကြုံတွေ့ရင်ဆိုင်နေရလဲ။

ဖြေ။။ ပြည်သူပိုင် ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ ၆/၁ အရ ထောင်ဂှနှစ်အထိချလို့ရတယ်။ ပြစ်ဒဏ်အရဆိုရင် သူတို့ကိုအာမခံပေးလို့မရဘူး။ ထောင်ချပဲနဲ့တရားရင်ဆိုင်နေရတယ်။တစ်ဘက်မှာလဲ သူတို့စွဲခံထားရတဲ့ရာဇသတ်ကြီးပုဒ်မ၄၄၇အရဆိုရင်လဲ သူတွေတွေအပတ်တိုင်းရုံးချိန်းသွားနေရတယ် ဆိုတော့ သူတို့ဒီသီးနှံတွေကိုသေချာမပြုစုအားဘူး၊ မစောင့်ရှောက်အားဘူးဆိုရင် သီးနှံ အထွက်နှုန်းကျမယ် ဆိုရင်တော့ သူတို့တွေ ဒုက္ခရောက်မယ်ပေါ့။

မေး။ ။ ဒါဆိုရင် ဘယ်သူ့တွေမှာ တာဝန်တွေပိုရှိလာလဲ။

ဖြေ။။ ကျနော်တို့နိုင်ငံသားတွေပဲ ဖြစ်တယ်။ တောင်သူလယ်သမားတွေ ဒုက္ခရောက်ရင် ကျနော်တို့နိုင်ငံဒုက္ခရောက်တာနဲ့အတူတူပဲ ဖြစ်တယ်။ ကိုယ့်နိုင်ငံတိုးတတ်အောင် ကျနော်တို့က နှစ်ဦး နှစ်ဘက် ညှိနှိုင်းပြီးတော့ အဆင်ပြေအောင် လုပ်ဆောင်ရမဲ့ဟာတွေ ဖြစ်လာတယ်။

အမြင်မတူတာတွေ ရှိမယ်၊ ခံယူချက်ချင်းမတူညီတာတွေရှိမယ်။ ငါနဲ့အမြင်မတူလို့တော့ ငှါရန်သူငါနဲ့ မဆိုင်ဘူးဆြပြီးတော့ လုပ်လို့တော့ မရဘူး၊ အဲ့ဒါကြောင့် ကျနော်တို့ဘယ်လိုဖြေရှင်းမလဲပေါ့။။တစ်နည်းအားဖြင့် တပ်မတော်နဲ့တောင်သူကြားမှာမြေယာကိစ္စတွေဖြစ်နေတော့ အစိုးရတစ်ရပ်အနေနဲ့ရောဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲ။ ဒါကိုတော့ ကောင်းကောင်းလေးစဉ်းစားသင့်တယ်လို့ ယူဆတယ်ပေါ့။

မေး ။ ။ တိုင်းရင်းသားအခွင့်အရေး ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေတွေလည်းရှိပြီးပဲ ဒါတွေကကော ဘယ်လောက်အထိ အကာကွယ်ပေးနိုင်မလဲ။

ဖြေ။ ။ ရွာသားတွေ အနေနဲ့သူတို့ တိုင်းရင်းသားထုံးတမ်းအစဉ်အလာအရ ဘိုးဘွားအစဉ်အဆက် ယုံယုံကြည်ကြည်နဲ့ လုပ်ကိုင် စားသောက်လာရတဲ့ မြေဖြစ်တယ်။ တိုင်းရင်းသားလူမျိုး အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနဲ့ အကျိုးစီးပွားမြင့်တင်ရေး ဥပဒေဆိုတာရှိတယ်။

သို့ပေမဲ့ဒါကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်နိုင်သလားဆိုတဲ့ မေးခွန်းထုတ်စရာတွေရှိလာတယ်ပေါ့။ဆိုတော့လက်ရှိအနေအထားအရဆိုရင် မကာကွယ်နိုင်ဘူးလို့ပြောလို့ရတယ်ပေါ့။ ဥပဒေမှာ အားနည်းချက်တွေ အများကြီးရှိတယ်ပေါ့နော်။

မေး ။ ။ ဥပဒေမှာအားနည်းချက်တွေရှိတယ်ဆိုတော့ ဥပဒေပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကကော ဘာတွေ လုပ်သင့်လဲ။

ဖြေ။ ။ တိုင်းရင်းသားရိုးရာဓလေ့အစဉ်အလာ ကိုဥပဒေရေးဆွဲတဲ့လူတွေကဘယ်လိုနားလည်လဲတော့ မသိဘူးပေါ့နော်။ တစ်နည်းအားဖြင့် လွှတ်တော်ကိုယ်စလှယ်တွေပေါ့။ ဘယ်လိုဖြေရှင်းပေးမလဲပေါ့ ဆိုတဲ့ဟာမျိုး၊ ဒါမှ မဟုတ်ရင် ကာကွယ်တဲ့ ဥပဒေတစ်ရပ် လိုကိုလိုအပ်နေပီဆိုတာရောယူဆကြရဲ့လားပေါ့နော် အဲ့ဒါလဲ မေးခွန်းထုတ်စရာဖြစ်လာတယ်ပေါ့နော်။

မေး။ ။ ပြည်ထောင်စုအစိုးရအနေနဲ့ ကကော တောင်သူတွေအပေါ် ဘယ်လိုနည်းနဲ့ ဖြေရှင်းပေးနိုင်မယ်လို့ ယူဆပါသလဲ။

ဖြေ။။ ကျနော်တို့ဒီအမှုမှာ ပြန်သုံးသပ်ကြည့်လိုက်မယ် ဆိုရင်တော့ တပ်မတော်ကလဲ အစိုးရထဲမှာဆိုရင် ဥပမာ နိုင်ငံတော် အစိုးရထဲမှာဆိုရင်ပြည်ထောင်စုတစ်ရပ်အနေနဲ့ ကာကွယ်ရေး ဝန်ကြီးဌာနက ဝန်ကြီးတွေပါမယ်၊ ပြည်ထဲရေးဝန်ကြီးဌာနတွေပါမယ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနတွေပါမယ်။

တစ်နည်းအားဖြင့် သူတို့ကလဲအစိုးရအဖွဲ့ဝင်တွေဖြစ်တယ် ဆိုတာပြောပြချင်တာပါ။ ပြီးတော့ နောက်တစ်ခုကလဲအမျိုးသားကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီမှာလဲတပ်မတော်ကိုယ်တိုင်က စပါတယ်ပေါ့။ ဘာကြောင့်ပြောလဲဆို နိုင်ငံတော်ဦးဆောင်နေတဲ့အမျိုးသားကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီထဲမှာလဲမြန်မာ့တပ်မတော်ဆိုတာပါပါတယ်ပေါ့။

ကျနော်ဘာကြောင့် အဲ့လိုပြောချင်လဲဆိုတော့ ဒီတောင်သူတွေ ဒုက္ခရောက်လို့နောက်ဆုံးပြန်ပြီးဖြေရှင်းပေးရမှာ နိုင်ငံတော်ရဲ့တာဝန်ပါပဲ။ နောက်ဆုံးကိုကိုယ်တိုင်ပြန်ပြီးဖြေရှင်းရတဲ့အလုပ်ပဲပေါ့နော်။ အဲ့လိုဆိုရင် အစထဲကပြေပြေလည်လည်ညှိ ညှိနှိုင်းနှိုင်းဖြေရှင်းသွားမယ်ဆိုရင် ဒီလိုပြဿနာတွေ တက်စရာအကြောင်းမရှိဘူးလို့ပြောလို့ရတယ်ပေါ့။ ပြောချင်တာက မြန်မာ့တပ်မတော်အနေနဲ့ ဒါအစိုးရနဲ့ပဲဆိုင်တယ်၊ငါတို့နဲ့မဆိုင်ဘူးဆိုတာမျိုးနေလို့မရဘူးလို့ပြောပြတာပါ။

မေး။ ။ ဒီမေးခွန်းတွေအပေါ်မှာ ဘာတွေထပ်ပြီး ပြောကြားလိုသလဲ။

ဖြေ။။ တောင်သူလယ်သမားတွေအတွက် အသက်ရှင်နေထိုင်ရပ်တည်ဖို့အတွက် ဘယ်လိုဖြေရှင်းပေးမလဲဆိုတာ နိုင်ငံတော်အစိုးရအနေနဲ့ဒါကို ကောင်းကောင်းလေးအစီအစဉ်ရေးဆွဲချမှတ်ပြီးဖြေရှင်းသင့်ပီလို့ ကျနော်အကြံပြုတိုက်တွန်းလိုတယ်ပေါ့နော်။

"တပ်မတော်အနေနဲ့တောင်သူတွေကို ကိုယ်ခြင်းစာတရားထားပြီး အခုတောင်သူတွေကို တရားစွဲထားတဲ့အမှုကို ပြန်လည်သုံးသပ်ပြီးတော့ စဉ်းစားစေချင်တယ်"

ကန့်သာရဝတီတိုင်း[မ်]

ကယားပြည်နယ်အတွင်း လွိုင်ကော်မြို့နယ်နှင့် ဒီမောဆိုမြို့နယ်အတွင်းရှိတောင်သူ ၂၂ ဦးကို မြေယာပြဿနာနှင့်ပတ်သက်ပြီး တပ်မတော်သားများက တရားစွဲဆိုထားသည်။ တရားစွဲဆိုခံထားရသည့် တောင်သူများ၏ နောက်ဆုံးအခြေအနေနှင့်ပတ်သက်ပြီး ကရင်နီပြည်တောင်သူလယ်သမားသမဂ္ဂဥက္ကဋ္ဌ ခူးတူရယ်ကို ကန့်သာရဝတီတိုင်း(မ်)မှ မေးမြန်းထားသည်။

ကရင်နီပြည်တောင်သူလယ်သမားသမဂ္ဂဥက္ကဋ္ဌ ခူးတူရယ်

ကယားပြည်နယ်အတွင်း လွိုင်ကော်မြို့နယ်နှင့် ဒီမောဆိုမြို့နယ်အတွင်းရှိတောင်သူ ၂၂ ဦးကို မြေယာပြဿနာနှင့်ပတ်သက်ပြီးတပ်မတော်သားများက တရားစွဲဆိုထားသည်။

တရားစွဲဆိုခံထားရသည့် တောင်သူများ၏ နောက်ဆုံးအခြေအနေနှင့်ပတ်သက်ပြီး ကရင်နီပြည်တောင်သူလယ်သမားသမဂ္ဂဥက္ကဋ္ဌ ခူးတူရယ်ကို ကန့်သရဝတီထိုင်းမ်မှ မေးမြန်းထားသည်။

ကန့်သာရဝတီတိုင်း(မ်) - ကယားပြည်နယ်အတွင်းမှာ လက်ရှိအချိန်တောင်သူတွေကို တပ်မတော်က တရားစွဲထားတဲ့ နောက်ဆုံး အခြေအနေလေးပြောပေးပါလား။

ခူးတူရယ် - တောင်သူ ၂၂ ဦးက လက်ရှိအချိန်မှာ ပုဒ်မနှစ်ခု၊ ၄၄၇ ရယ် ၆/၁ ရယ်အဓိကပေါ့။ တောင်သူတစ်ဦးကို ၆/၁ နဲ့တစ်မှု ၄၄၇ နဲ့နှစ်မှု အဲ့လိုမျိုးဝိုင်းပြီး တရားစွဲတာမျိုးရှိတယ်။

ကန့်သာရဝတီတိုင်း(မ်) - တရားစွဲခံထားရပြီးထောင်အချုပ်ကျနေတဲ့တောင်သူတွေအနေနဲ့ ဘယ်လိုအခက်အခဲမျိုးကို ရင်ဆိုင်နေရတာမျိုးရှိလဲ။

ခူးတူရယ် - တရားစွဲခံရတဲ့တောင်သူတွေထဲမှာ မုဆိုးမတစ်ယောက်ပါသွားတယ်။ ပြီးတော့ အသက်အကြီးဆုံးက အသက် ၆၀ ကျော်တစ်ယောက်ကတော့ သူ့မှာ နားရောဂါခံစားနေရတယ်။ အမျိုးသမီးကျတော့ နဂိုကတည်းက စိတ်ကျရောဂါရှိတယ်၊ အပြင်မှာနေကတည်းက သူ့မြေသိမ်းခံရတာနဲ့ပတ်သက်ပြီး ငိုတယ်၊ စိတ်ဆင်းရဲနေရတယ်။ စိတ်ပင်ပန်းနေရတယ်။ အခုထပ်ပြီးတော့ ၆/၁ နဲ့တရားစွဲခံရပြီးထောင်ထဲရောက်နေတော့ ပိုဆိုးတာတော့၊ ထောင်ထဲမှာလည်း ငိုဘဲငိုနေတယ်၊ စိတ်ကျရောဂါကလည်းပိုဆိုးလာတဲ့အခြေအနေရောက်နေပြီး အသက်အန္တရာယ်စိုးရိမ်ရတဲ့အခြေအနေတွေ ရောက်နေတာပေါ့။

ကန့်သာရဝတီတိုင်း(မ်) - တရားစွဲခံထားရတဲ့ တောင်သူတွေက ဘယ်မြို့နယ်၊ ဘယ်ရွာတွေကလဲ။ ပြောပြပေးလို့ရမလား။

ခူးတူရယ် - ဒီမောဆိုမြို့နယ်က ၁၉ ဦးပေါ့၊ အဓိက ဒေါ်ဆိုရှေး၊ ခြောက်မိုင်ပါတယ်၊ ဒေါ်ကလိုးခူပါတယ်၊ ပြီးတော့ ဒီမောဆိုမြို့နယ်က စက်မှုလယ်ယာဝန်ထမ်းနှစ်ယောက်ပါတယ်။ လွိုင်ကော်မြို့နယ်က ၃ ဦးပါတယ်ပေါ့၊ အဓိကတော့ မြေနီကုန်းဒေါ်မူကလားနဲ့သုံးမိုင်ပကြဲပေါ့။

ကန့်သာရဝတီတိုင်း(မ်) - စက်မှုလယ်ယာဝန်ထမ်းက ဘာအတွက်တရားစွဲခံရတာလဲ။

ခူးတူရယ် - သူတို့က တောင်သူတွေကို ထွန်စက်ငှားလိုက်တာ၊ အဲ့တာတောင်သူတွေစိုက်ပျိုးဖို့သူတို့က သွားအားပေးတယ်၊ ၄၄၇ နဲ့ညှိတယ်ဆိုပြီး စစ်တပ်ကတရားစွဲတာပေါ့။

ကန့်သာရဝတီတိုင်း(မ်) - ခုလိုတောင်သူတွေ တရားစွဲဆိုခံရပြီးတဲ့နောက်ပိုင်း ရွာထဲမှာ ကျန်ခဲ့တဲ့ အခြားတောင်သူတွေရဲ့အခြေအနေတွေကော ဘယ်လိုရှိလဲဗျ။

ခူးတူရယ် - ကျန်ခဲ့တဲ့သူတွေက လယ်မြေထဲကို သွားဖို့ကြောက်နေကြတယ်။ သူတို့ကို စစ်တပ်ကလာပြီး ခြိမ်းခြောက်မလား၊ တရားစွဲမလားဆိုတာကို စိုးရိမ်နေရတယ်။ အထူးသဖြင့် အမျိုးသမီးတွေပေါ့။ တောင်ယာသွားဖို့မဝံ့မရဲဖြစ်နေရတယ်။ လုံခြုံမှုလုံးဝကင်းမဲ့တဲ့အနေအထားဖြစ်နေတယ်။ တပ်မတော်က တောင်သူတွေရဲ့စားဝတ်နေရေးကို ခြိမ်းခြောက်မှုမလုပ်ဖို့အရေးကြီးတာပေါ့။

ကန့်သာရဝတီတိုင်း(မ်) - တောင်သူတွေကို တရားစွဲထားတဲ့ တပ်က ဘယ်နှစ်တပ်ရှိလဲ။

ခူးတူရယ် - ဒီမောဆိုမြို့နယ်မှာဆိုရင် ၃၆၀ အမြောက်တပ်ပေါ့။ လွိုင်ကော်မြို့နယ်မှာက ခလရ - ၂၅၀ ပါ။

ကန့်သာရဝတီတိုင်း(မ်) - အခုလို တောင်သူတွေတရားစွဲခံရတာနဲ့ပတ်သက်ပြီးပြည်နယ်အစိုးရဘက်ကနေ တောင်သူတွေကို ကူညီတာမျိုးရှိလား။

ခူးတူရယ် - လက်ရှိအစိုးရအနေနဲ့တပ်မတော်ကို ကျော်ပြီးလုပ်လို့မရဘူးလို့ဘဲ သူတို့ကပြောတယ်။ ဒါကလည်းသူတို့ဘောင်အရမကျော်နိုင်ဘူးဆိုတာလက်ခံပါတယ်။ ဒါပေမဲ့ အခုတောင်သူတွေရဲ့ ခံစားနေရတဲ့အခက်အခဲတွေ၊ ဒုက္ခတွေကို သွားနားထောင်ပြီးအားပေးတာမျိုးတော့ သူတို့လုပ်သင့်တယ်။ တချို့တော့လုပ်နေတာတွေ ရှိတယ်၊ ဖရူဆိုမြို့လွတ်တော်အမတ်ဦးသဲရယ်တို့ရွာတွေကို သွားပြီးအားပေး နေတာတွေရှိတယ်။ ဒါက သိပ်ကောင်းတယ်၊ ဖိနှိပ်ခံတောင်သူတွေဘက် ရပ်တည်တယ်ဆိုပြီး တောင်သူတွေက တအား.. အားတက်တယ်။

ကန့်သာရဝတီတိုင်း(မ်) - တောင်သူတွေအနေနဲ့ ဒီအမှုမှာ အနိုင်ရနိုင်မလား၊ သူတို့ရဲ့သိမ်းဆည်းခံမြေတွေကိုပြန်ရဖို့အခြေအနေရှိလား၊ဘယ်လိုမြင်လဲ။

ခူးတူရယ် - ဒီအမှုမှာတောင်သူတွေနိုင်မနိုင်ဆိုတာပြောရခက်တယ်။ တောင်သူတွေမြေပြန်ရမရဆိုတာကတော့ မြေတွေကို သိမ်းဆည်းထားတဲ့ စစ်တပ်တွေအပေါ်အများကြီးမူတည်တယ်၊ ပြီးတော့ သဘောထားကြီးမှု၊ကိုယ်ခြင်းစာနာမှုအပေါ်အများကြီးမူတည်တယ်။

ကန့်သာရဝတီတိုင်း(မ်) - စစ်တပ်တွေက ဒေသခံတောင်သူတွေကိုတရားစွဲတဲ့အပေါ်ကရင်နီပြည်တောင်သူလယ်သမားဥက္ကဋ္ဌ တစ်ယောက်အနေနဲ့ ဘာများပြောချင်လဲ။

ခူးတူရယ် - ဒါက ကျနော်မြင်တာကတော့ တောင်သူတွေကိုစိတ်ဆင်းရဲအောင်၊စိတ်ပင်ပန်းအောင် ဝိုင်းပြီးနှိပ်စက်နေတာဘဲလို့ကျနော်မြင်တယ်။ နောက်တောင်သူတွေရဲ့အခွင့်အရေး၊ ဌာနေတိုင်းရင်းသားတွေရဲ့အခွင့်အရေးဆုံးရှုံးတယ်လို့ကျနော်မြင်တယ်။ဆိုတော့ ဒီဟာနဲ့ပတ်သက်ပြီး တောင်သူလယ်သမားတွေက အရမ်း နစ်နာနေတယ်ပေါ့။ သူတို့ဘဝကို သက်သက် စိတ်ဆင်းရဲအောင်၊ စိတ်ပင်ပန်းအောင်၊ စိတ်ဓါတ်ကျအောင် ... ပြီးတော့ မိသားစုပြိုကွဲအောင်သက်သက်မဲ့ညှင်းပန်းနှိပ်စက်နေတယ်လို့ဘဲ မြင်တယ်။

ကန့်သာရဝတီတိုင်း(မ်) - တောင်သူတွေရဲ့ လယ်မြေတွေကို သိမ်းဆည်းထားတဲ့ တပ်မတော်သားတွေကို ဘာများပြောချင်လဲ။

ခူးတူရယ်-တပ်မတော်အနေနဲ့တောင်သူတွေကို ကိုယ်ခြင်းစာ တရားထားပြီး အခုတောင်သူတွေကို တရားစွဲထားတဲ့အမှုကိုပြန်လည်သုံးသပ်ပြီးတော့ စဉ်းစားစေချင်တယ်ပေါ့။

"နိုင်ငံဂုဏ်ဆောင် ကစားသမားတွေကို အလေးထားပေးပါ" နောက်ကျော စာမျက်နှာမှ ဆောင်းပါး အဆက်

ဆိုရင်ကျနော်တို့ကပို့ပေးရတယ်၊လုပ်ပေးရတယ်။လွိုင်ကော်ကနေသူ ရန်ကုန် ဆင်းမယ်ဆိုရင် စရိတ်ကတော့ ရထားတယ်ပေါ့။ ဒါပေမဲ့ လမ်းမှာ စားဖို့က နည်းနည်းလုံလောက် အောင်ကျနော်တို့ မိဘတွေ၊ညီအကိုတွေက ဝိုင်းဝန်းပြီးတော့မှ ကူညီပေးတယ်၊ ပံ့ပိုးပေးတယ်။" လို့ ကိုဗျားရယ်က ပြောပါတယ်။

အခုလို ထူးချွန်အောင်မြင်တဲ့အတွက် မိသားစုတွေက ဝမ်းသာပီတိဖြစ်ကြကြောင်းကိုလည်း အကို ဖြစ်သူက ပြောပါတယ်။

"သူအခုလို သွားကစားတာ သူ ဒီလို ဆုရမယ်လို့ မမျှော်မှန်းထားပါဘူး။ တဖက်မှာလည်း သူ့ပညာရေး ကြိုးစားခဲ့တယ်။ အခုလည်း သူ ဆုတွေ တစ်ခုပြီး တစ်ခုအဲ့လို ရလာတာ သူတစ်နိုင်ငံပြီးတစ်နိုင်ငံသူ သွားနိုင်တယ် သူ့အတွက်အခုလိုမျိုး အောင်မြင်မှုတွေရလာတာ ကျနော်တို့အားလုံးပျော်တယ်။" လို့ ကိုဗျားရယ်က ပြောပါတယ်။

အခုလို နိုင်ငံ့ ဂုဏ်ဆောင် အားကစားသမားခရစ္စတိဖာရဲ့ ပညာရေးအခြေအနေနဲ့ပတ်သက်ပြီး ဖရူဆိုမြို့အထက်တန်းကျောင်းက အထက်တန်းပြ ကျောင်းဆရာ ဦးကိုရယ်က အခုလိုရှင်းပြပါတယ်။

"သူတို့ ကစားတဲ့ ရာသီက ကျောင်းဖွင့်တဲ့ ရာသီဆိုတော့ စာသင်တာနဲ့ တိုက်နေတော့ တော်တော် လေးနောက်ကျတယ်။ အလှမ်းဝေးသွားတယ်။ ကျောင်းစဖွင့်တဲ့ june လမှာ သူသွားကစားတယ် ။ July လကုန် မှ ပြန်လာတယ်။ တစ်လလောက် သူကျောင်းပြန်လာတက်တယ်။ ပြီးတော့ သူပြန်သွားရတယ်။ ပြန်ရောက်တာလည်း မကြာသေးဘူး ။ ပြီးခဲ့တဲ့ အောက်တိုဘာလ ပိတ်ရက်မှ ပြန်ရောက်တော့ သူစာတော် တော် နောက် ကျသွား တယ်။ သူ့ အတွက်တော့ နည်းနည်း ထိခိုက်သွားတာပေါ့။" လို့ ဆရာဦးကိုရယ်က ပြောပါတယ်။

ပညာရေးဌာနကလည်း အခုလို အားကစားပိုင်းထူးချွန်တဲ့ကလေးကို တားဆီးပိတ်ပင်တာမရှိပဲ၊ ခွင့်ပြုပေးထားတယ်လို့လည်း ဆိုပါတယ်။

ထူးချွန်တဲ့ ကလေးတွေကို သက်ဆိုင်ရာ အစိုးရအဖွဲ့ ကနေပြီးတော့ မြေတောင်မြောက် ပံ့ပိုးပေးပြီးပြုစုပျိုးထောင် ပေးဖို့လိုတယ်လို့ ဆရာက အကြံပြုသွားပါတယ်။

"သူတို့အတွက် အခက်အခဲတွေတော့ ရှိကောင်းရှိနိုင်တယ်ပေါ့။ သူတို့ကို ဒီထက် မြေတောင်မြောက်ပေးနိုင်မယ်ဆိုရင်တော့ ကျနော်တို့ နိုင်ငံအတွက် ကားစားသမားကောင်းတွေ ရှိလာနိုင်တာပေါ့။" လို့ ဆရာက ဆက်ပြောသွားပါတယ်။

ပညာရေးမှာ အနည်းငယ်နောက်ကျနေပေမယ့် လို့ အားကစားပိုင်းမှာ ထူးချွန်ပြီး ဘဝအတွက် အာမခံချက်တစ်ခုရလာမယ်လို့တော့ ခရစ္စတိဖာရဲ့ မိခင်ကတော့ မျှော်လင့်ထားပါတယ်။

"သူလည်း ကစားသမားကောင်းတစ်ယောက် ဖြစ်လာမယ်ပေါ့။ ပြီးတော့ သူ့ရဲ့ ဘဝ အာမခံချက်ရှိလာမယ်ဆိုရင် ပိုကောင်းတယ်။ မျှော်လင့်တာပေါ့နော်။" လို့ ခရစ္စတိဖာရဲ့ မိခင်ကတော့ သားအပေါ်ထားတဲ့ သူမရဲ့ မျှော်လင့်ချက်ကို ပြောဆို သွားပါတယ်။

Photo -San Nyo Nyo Facebook

သဘာဝသယံဇာတနှင့် နယ်နိမိတ်များအရေး

ကယားပြည်နယ်၏မြေအသုံးပြုမှုဆိုင်ရာမှတ်တမ်းနှင့် ပုံစံ(၇)ထုတ်ပေးပြီးအခြေအနေများ

စဉ်	ကယားပြည်နယ်	လယ်မြေ	ယာမြေ	ကိုင်း/ ကျွန်း	ဥယျာဉ် ခြံ	တောင်ယာ	လုပ်ထား မြေ	စားကျက် မြေ	ပုံစံ(၇) ထုတ်ပေးပြီး ‌စုစုပေါင်း
၁	လွိုင်ကော်မြို့	19364	28184		27	5955	117	52	59370
၂	ဒီးမော့ဆို	27881	24623		279	6693	1109		45368
၃	ဖရူဆို	945	14682			3965			20838
၄	ဘောလခဲ	39	5980		274	191	31		8189
၅	ဖားဆောင်း	483	5853		320	5948			6236
၆	ရှာသစ်မြို့နယ်ခွဲ	225	2067		237	1297			
၇	ရှားတော	695	3338		94	2887	1306		4975
၈	မယ်စဲ့	594	4247		496	1219			781
	စုစုပေါင်း		88974	0	1727	28155	2563	52	145757

ကယားပြည်နယ်၏မြေအသုံးပြုမှုဆိုင်ရာမှတ်တမ်း

ကယားပြည်နယ်	ကြိုးဝိုင်း/ ပြင်	တောရိုင်း	မြေရိုင်း	အခြား	စိုက်ပျိုးခြင်း မပြုနိုင်	စုစုပေါင်း
လွိုင်ကော်မြို့	73,112	49,320		206,681	194,199	523,312
ဒီးမော့ဆို	23,098	84,236	13			107,347
ဖရူဆို	165,120	114,962	11,520		100,267	391,869
ဘောလခဲ	78,400	9,857	2,343		7,369	97,969
ဖားဆောင်း	314,240	54,118			20,160	388,518
ရှာသစ်မြို့နယ်ခွဲ		13,724	825		93,612	108,161
ရှားတော	277,760	100,649	26,259		120,893	525,561
မယ်စဲ့	635,330		89		5,984	641,403
စုစုပေါင်း	1,567,060	426,866	41,049	206,681	542,484	2,784,140

စောအယ်စေးရေးသားသည်။ [Kayah Earthrights Action Network - KEAN]

"ကျနော်တို့ရဲ့လက်ထက်မှာ ကျနော်တို့ ပိုင်ဆိုင်တဲ့ မြေနဲ့သဘာဝ အရင်းအမြစ်တွေကို လွတ်လပ်စွာ စီမံခန့်ခွဲခွင့် အချုပ်အခြာအာဏာတွေ ရှိနေရမယ်"

အမျိုးသားတန်းတူညီမျှခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ လူမှုတရားမျှတမှုနှင့်လွတ်လပ်ခွင့် စသည်တို့အတွက် မြန်မာနိုင်ငံအတွင်းရှိတိုင်းရင်းသားလူမျိုးစုများ၏ဆယ်စုနှစ်ခုနှစ်စုနီးပါးခန့်ရှိပြီဖြစ်သော မပြီးဆုံးသေးသည့် လက်နက်ကိုင်ခုခံတော်လှန်ရေးကို ယနေ့ထိတိုင်ဆက်လက်ဆင်နွှဲနေကြရပြီး တစ်ပြိုင်နက်ထဲတွင် ငြိမ်းချမ်းသောနည်းဖြင့် နိုင်ငံရေးဆွေးနွေးပွဲများမှတဆင့် ၎င်းတို့မျှော်မှန်းသောပန်းတိုင်သို့ရောက်ရှိရန်အတွက် ဆက်လက်တိုက်ပွဲဝင်နေကြရပါသည်။

ထိုသို့၎င်းတို့မျှော်မှန်းထားသောပန်းတိုင်သို့ရောက်ရှိရန်လမ်းခရီးစဉ်တွင် အသက်သွေးချွေးဘဝပေါင်းများစွာသည်ပေးဆပ်ခဲ့ရပြီးဖြစ်ပြီး အချို့တို့သည်လည်း နောက်ပြန်လှည့်ခြင်း၊ ဤ လမ်းခရီးမှထွက်ခွာသွားခြင်းများရှိသလို အချို့တို့သည်လည်း ၎င်းတို့မျှော်မှန်းထားသောပန်းတိုင်သို့ရောက်ရှိရန် မပြီးဆုံးသေးသည့်ခရီးကို ဆက်လက်ချီတက်နေကြရပါသည်။ သို့သော်လည်း ခေတ်အဆက်ဆက်မှဖိနှိပ်ခြင်း ယန္တရားများသည်အားနည်းသွားခြင်းမရှိဘဲ ခေတ်ပြောင်းလာသည်နှင့်အမျှ ပုံစံအမျိုးမျိုးဖြင့်အားကောင်းနေဆဲ ဖြစ်ပါသည်။

ယခင်က အတင်းအဓမ္မဖိအားပေးခြင်းများ၊ အကြမ်းဖက်ခြင်းများ၊ ခြိမ်းခြောက်ခြင်းများ၊ကြီးစိုးခြင်းများကို လက်နက်ဖြင့် ဖိနှိပ်ချုပ်ခြယ်ခြင်းများကိုပြုလုပ်ခဲ့သော်လည်း ယခုချိန်အခါသမယတွင် ထိုသို့အသောအရာများသည် ပုံစံအသစ်ဖြင့်ကျွနုပ်တို့၏ဝန်းကျင်တွင်လည်းကောင်း၊ ကျွနုပ်တို့ထံ သို့လည်းကောင်း တိုက်ရိုက် အားဖြင့်တစ်နည်း၊ သွယ်ဝိုက်အားဖြင့် တစ်ဖုံရောက်ရှိနေပြီးဖြစ်သည်။

ထိုမျှမက ဤဖိနှိပ်မှု ယန္တရားများသည် နိုင်ငံတစ်ဝှမ်း အပေါ်တွင်သော်လည်းကောင်း အထူးသဖြင့် တိုင်းရင်းသား လူမျိုးများစုများ၏ မျှော်မှန်းသောပန်းတိုင် သို့သွားသော မပြီးဆုံးသေးသည့် ခရီးတွင် ကြုံတွေ့နေရပြီး ထိုဖိနှိပ်မှုယန္တရားများသည် အချို့သောအခြေအနေတွင် ထိန်းချုပ်ထားခြင်း သို့မဟုတ် လက်ဦးမှုရယူထားခြင်းများကိုပြုလုပ်ထားနေပြီးဖြစ်သည်။

ထိုအထဲမှ သိသာထင်ရှားသောဖြစ်ရပ်တစ်ခုမှာ တိုင်းရင်းသားလူမျိုးစုများ၏မြေ၊ အရင်းအမြစ်နှင့် နယ်နမိတ်များကို အပြည့်အဝထိန်းချုပ်ထားခြင်းများကို ပြုလုပ်နိုင်ရန်အတွက် ထိုဖိနှိပ်ခြင်းယန္တရားများသည် အရှိန်အဟုန်အား ကောင်းစွာဖြင့် နိုင်ငံတစ်ဝှမ်းလုံးနှင့် တိုင်းရင်းသားဒေသများ အထူးသဖြင့် နှစ်ပေါင်းခုနှစ်ဆယ်ခန့်ခုခံတော်လှန်ရေးဆင်နွှဲနေသောတိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းအများထိန်းချုပ်နယ်မြေများသို့လည်း ပုံစံမျိုးစုံဖြင့် ဝင်ရောက်ထိန်းချုပ်ခြင်းများကို လုပ်ဆောင်နေပြီဖြစ်ပါသည်။

ထိုအထဲမှ အလွန်နူးညံ့ပျော့ပြောင်းပြီး အင်အားအလွန်ကြီးမားသော ဖိနှိပ်မှုယန္တရားတစ်ခုမှာ ဥပဒေများပြု၍ ထိန်းချုပ်ခြင်းများကိုတရားဝင်လုပ်ဆောင်နိုင်ရန် ပြင်ဆင်ပြုလုပ်နေကြခြင်းဖြစ်သည်။

ထိုသို့သောအခြေအနေများသည်လည်း ကယား (ကရင်နီ) ပြည်သို့ရောက်ရှိ နေပြီးဖြစ်၍ ထိုယန္တရားများ၏ ဆိုးကျိုးသက်ရောက်မှုများသည် ဒေသနေပြည်သူများ၊ ဌာနေတိုင်းရင်းသားများတို့ သည်လည်း ရင်ဆိုင် ခံစားနေရပါသည်။

၂၀၁၂ခုနှစ်မှစတင်၍သမ္မတဦးသိန်းစိန်ဦးဆောင်သော ဒီမိုကရက်တစ်အစိုးရသစ်သည် မြန်မာနိုင်ငံအတွင်းတွင်ပြုပြင်ပြောင်းလဲမှုများကိုအရှိန်အဟုန် မြင့်စွာဖြင့်လုပ်ဆောင်မှုများရှိခဲ့ပြီး ထိုအထဲမှ မြေယာကဏ္ဍပြုပြင်ပြောင်းလဲမှုကိုပါလုပ်ဆောင်ခဲ့ပါသည်။

အပေါ်ယံအားဖြင့်ကြည့်မည်ဆိုလျှင် ထိုသို့သောပြုပြင်ပြောင်းလဲမှုများသည်မြန်မာနိုင်ငံ၏အဓိကထွက်ကုန်ဖြစ်သော၊ မြန်မာနိုင်ငံလူဦးရေ၏စုစုပေါင်း၏ (၇၀) ရာခိုင်နှုန်းသော အခြေခံတောင်သူလယ်သမားများ၊ ဌာနေတိုင်းရင်းသားများ၏ ဘဝတိုးတက်ပြောင်းလဲမှုအတွက်ဖြစ်စေနိုင် မည့်ပြုပြင်ပြောင်းလဲမှုတစ်ခုဖြစ်လိမ့်မည်ဟုယူဆရပေမည်။

သို့သော်လည်း ယနေ့ထိတိုင်စစ်မှန်သည့် သိသာထင်ရှားသော တိုးတက် ပြောင်းလဲမှုများကိုမဖြစ်စေဘဲ ထိန်းချုပ်မှုများကို လုပ်ဆောင်ရန်အတွက်ချဉ်းကပ်နေမှုများကို ဖြစ်ပေါ်စေနေပါသည်။

၂၀၁၂ခုနှစ်နောက်ပိုင်းမှ စတင်၍ မြေနှင့်ပတ်သက်သော ပြုပြင်ပြောင်းလဲမှုများအတွက် အစိုးရသစ်သည် ဥပဒေသစ်များ ပြဋ္ဌာန်းခြင်းများကိုစတင်လုပ်ဆောင်လာခဲ့သည်။

သို့သော်လည်း ထိုသို့ လုပ်ဆောင်ရာတွင် အများပြည်သူများ ပူးပေါင်းပါဝင်ခွင့်များကိုထိန်းချုပ် ထားပြီး အများပြည်သူ ကန့်ကွက်မှုများစွာ ရှိသည့်အကြားမှ ဥပဒေသစ်များ ပြဋ္ဌာန်းခြင်းများကို လုပ်ဆောင်ခဲ့သည်။

၂၀၁၂ခုနှစ်၊ မတ်လ(၃၀)ရက်နေ့တွင်ပြဋ္ဌာန်းလိုက်သော လယ်ယာမြေဥပဒေအရ နိုင်ငံတစ်ဝှမ်းလုံးရှိ တောင်သူလယ်သမားများအားလုံးသည် မိမိတို့၏လယ်ယာမြေပိုင်ဆိုင်မှုများအတွက် မှတ်ပုံတင်ခြင်းများကို ပြုလုပ်ရန်လိုအပ်သည်။

ဤသည်မှာ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေ၏ ထူးခြားသောအချက်တစ်ခုဖြစ်ပြီး ထိုအချိန်မှစတင်၍ နိုင်ငံတစ်ဝှမ်းလယ်ယာမြေ မှတ်ပုံတင်ခြင်း လုပ်ငန်းများကို စီမံချက်များသတ်မှတ်၍ အရှိန်အဟုန်မြင့် လုပ်ဆောင်ခဲ့ပါသည်။

ကယား(ကရင်နီ)ပြည်တွင်လည်း ထိုအချိန်မှ စတင်၍ လယ်ယာမြေမှတ်ပုံတင် ခြင်းကိုလုပ်ဆောင်ခဲ့ပြီး ၂၀၁၈ခုနှစ် နှစ်လယ်ပိုင်းအထိ ရရှိထားသော အချက်အလက်များအရ ၉၀%ကျော် သော လယ်ယာမြေများကို မှတ်ပုံတင်ထားခြင်း ပြုလုပ်ထားခဲ့ပြီး ဖြစ်သည် ဟုလည်း သိရှိရပါသည်။

သို့သော်လည်း များစွာသောကန့်သတ်မှုများသည် လယ်ယာမြေမှတ်ပုံတင်ခြင်းဖြစ်စဉ်တစ်လျှောက်လုံးတွင် ဖြစ်ပေါ်နေပြီး လာဘ်ပေးလာဘ်ယူမှုများ၊ အာဏာ အလွဲသုံးစားမှုများ၊ များစွာသော လယ်ယာမြေများသည်လည်း မှတ်ပုံတင်ခြင်းပြုလုပ်ရန်အတွက် ကန့်သတ်မှု ခံနေရခြင်းများ၊ လက်ဦးမှု ရယူခြင်းများနှင့် စည်းလုံးညီညွတ်မှု ကွဲစေခြင်း စသောအခြေအနေများ ဖြစ်ပေါ်နေပါသည်။

အဓိကအားဖြင့် တိုင်းရင်းသားများ ဘိုးဘွားစဉ်ဆက် ကျင့်သုံးလာခဲ့ သော ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်များနှင့်ကိုက်ညီမှုများမရှိဘဲ ၎င်းတို့အား အဆုံးသတ်သွားအောင်လုပ် ဆောင်နေခြင်းများကိုဖြစ်ပေါ်စေပါသည်။

တစ်ဘက်တွင် ယင်းစနစ်သည် ကောင်းသယောင်ရှိသော်လည်း အတွင်းကျကျ ကြည့်လိုက်မည်ဆိုလျှင် တိုင်းရင်းသားဒေသရှိလယ်ယာမြေများကို မှတ်ပုံတင်ခြင်း စနစ်ဖြင့် ထိန်းချုပ်ခြင်းများလုပ်ဆောင်နေခြင်း၊ မြေကိုရောင်းကုန်အဖြစ်သို့ ဖြစ်စေကာ လက်ဝါးကြီးအုပ်စနစ်သို့တွန်းပို့နေ ခြင်းများကိုလုပ်ဆောင်နေခြင်းဖြစ်သည်။

ကယားပြည်နယ်ရှိ မြို့နယ်(၇)မြို့နယ်နှင့် မြို့နယ်ခွဲ(၁)မြို့တို့၏ မြေအသုံးချမှု မှတ်တမ်းများအရ ပုံစံ(၇) ထုတ်ပေးနိုင်သောမြေအမျိုးအစားများအထဲမှ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်၊ တောင်ယာ၊ စားကျက်မြေနှင့်အခြား လုပ်ထားသောအမျိုးအစား၏စုစုပေါင်းကေသည် (၁၇၁၆၉၇)ခန့်ရှိသည်ဟု ဖော်ပြထားပါသည်။

၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေအတည်ပြုပြီးချိန်နောက်ပိုင်းမှစတင်၍ ကယားပြည်နယ်အတွင်းတွင် လယ်ယာမြေမှတ်ပုံ တင်ခြင်းလုပ်ငန်းများကိုစတင်လုပ်ဆောင်ခဲ့ကာ ၂၀၁၆နှစ်ကုန်ပိုင်းတွင် (၁၄၅၇၅၇) ဧကကိုမှတ်ပုံတင်ထုတ်ပြီး ဖြစ်သည်ဟုသိရှိရပါသည်။

သို့သော်လည်း ထိုသို့ မှတ်ပုံတင်ခြင်းနှင့် ပတ်သက်ပြီး ဒေသခံများထံမှ အငြင်းပွားမှု များစွာဖြစ်သော အသံကိုကြားနေရပြီး ၎င်းတို့၏ လယ်ယာမြေများစွာသည်လည်း မှတ်ပုံတင်ခွင့်မရရှိသေးသော အခြေအနေများကိုလည်း ကြားသိ၊ တွေ့မြင် နေရပါသည်။

ထိုသို့သောအခြေအနေနှင့် ပတ်သက်ပြီး သတင်းအ ချက်အလက်များကို စိစစ်ခြင်းလုပ်ဆောင်နိုင်ရန်အတွက် ကယားပြည်လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ရက် မှ ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၅)စုမှကျေးရွာ (၁၆)ရွာအား လယ်ယာမြေမှတ်ပုံတင်ခြင်းပြီးစီးမှုနှင့် ပတ်သက်ပြီး သတင်း အချက်အလက်များကို ကောက်ယူခဲ့ရာ ၉၀% ကျော်သော ဒေသနေပြည်သူများ၏ လယ်မြေနှင့် ယာမြေများကိုသာ အဓိကဦးစားပေးပြီး လယ်ယာမြေမှတ်ပုံ တင်ခြင်းကို လုပ်ဆောင်နေသည်ကိုတွေ့ရှိရပါသည်။

တစ်နည်းအားဖြင့် တိုင်းရင်းသားဒေသများရှိ လယ်ယာမြေများကို မှတ်ပုံတင်ခြင်းများကိုလုပ်ဆောင်၍၎င်းတို့ကိုထိန်းချုပ်နိုင်ရန်အတွက် အဆင်သင့် ပြုလုပ် ပြီးဖြစ်နေပါသည်။

သို့သော်လည်း ၂၀၁၂လယ်ယာမြေဥပဒေအရ လယ်ယာမြေမှတ်ပုံတင်ခြင်းများကိုလုပ်ဆောင်ခြင်းများ သည် အခြေခံတောင်သူလယ်သမားများ၏ မြေယာအခွင့်အရေးအတွက်အမှန်တစ်ကယ်ထိရောက်လုံလောက် သော အကာအကွယ်ပေးခြင်းများမရှိသည့်အပြင် ၂၀၁၇ခုနှစ်တွင်ထိုဥပဒေကိုပြန်လည်ပြင်ဆင်ခြင်းပြုလုပ်ခဲ့ သော်လည်း သိသာပြောင်းလဲသောတိုးတက်ကောင်းမွန်မှုများမရှိသည့်အပြင် ပြစ်မှုပြစ်ဒဏ်များနှင့်ပတ်သက်၍ ပိုမို၍ကြီးမားအောင် လုပ်ဆောင်လာသည်ကိုလည်း တွေ့ရှိရပါသည်။

ထို့အပြင် ၂၀၁၂ခုနှစ် မတ်လ(၃၀)တွင် ပြဋ္ဌာန်းလိုက်သော မြေလွတ်မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေတွင်လည်း အဓိကအားဖြင့် လုပ်ငန်း (၄)မျိုးကိုလုပ်ကိုင်နိုင်ရန်အတွက် စီစဉ်ထားရှိလုပ်ဆောင်နေသည် ကိုတွေ့ရှိရပါသည်။

ဤဥပဒေ၏ရည်ရွယ်ချက်မှာ နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကိုအသုံးပြု၍ စီးပွားဖြစ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်း၊ အစိုးရက ခွင့်ပြုထားသောဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်စွာအသုံးချစီမံဆောင်ရွက်နိုင်ရန်အတွက်ရည်ရွယ်ထားရှိသော်လည်း ထိုထက်ကျော်လွန်၍ကြည့်မည်ဆိုလျှင် တိုင်းရင်းသားဒေသရှိမြေများကို မြေလွတ်မြေလပ်နှင့်မြေရိုင်းများဟူသောအဓိပ္ပါယ်ဖွင့်၍ ခေါင်းစဉ်တတ်ကာ အလွယ်တကူရယူလုပ်ဆောင်ရန်အတွက်ချဉ်းကပ်လုပ်ဆောင်နေမှုများဖြစ်နေပါသည်။

ဤအချက်ကိုကြည့်မည်ဆိုလျှင် ဥပဒေပါမူလရည်ရွယ် ချက်များ၏ ကျော်လွန်သက်ရောက်နိုင်မှုများသည် တိုင်းရင်းသားဒေသရှိမြေများအပေါ်သို့ခြိမ်းခြောက်မှုများကို များစွာဖြစ်စေပါသည်။ ၂၀၁၇ခုနှစ်တွင် မြေလွတ်မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြန်လည်ပြန်ဆင် ခြင်း များကိုပြုလုပ်ခဲ့သော်လည်း သိသာထင်ရှားသော တိုးတက်ပြောင်းလဲမှုများကိုမတွေ့ရဘဲ ဤလက်ရှိဥပဒေကို ပိုမိုအားကောင်းအောင် လုပ်ဆောင်နေခြင်းမျိုးများဖြစ်နေပါသည်။

ထို ၂၀၁၇ မြေလွတ်မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ(မူကြမ်း) ကို ပြန်လည် ပြင်ဆင်ခြင်းကို လွှတ်တော်နှစ်ရပ်တွင် အမြင်သဘောထားများကွဲလွဲ မှုများရှိခဲ့ပြီး တိုင်းရင်းသား ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အရပ်ဖက်ဆိုင်ရာအဖွဲ့အစည်းမှ ကိုယ်စားလှယ်များနှင့်သင့်လျော်သောပညာရှင်များပါဝင်နိုင်မှုကို လည်းကန့်သတ်ထားဆဲများရှိနေဆဲ ဖြစ်ပါသည်။

လက်ရှိ ကယား(ကရင်နီ)ပြည်၏ မြေအသုံးပြုမှုဆိုင်ရာမှတ်တမ်းများအရ လယ်ယာမြေမဟုတ်သော ကြိုးဝိုင်း/ပြင်၊ တောရိုင်း၊ မြေရိုင်း၊ အခြားနှင့်စိုက်ပျိုးခြင်းမပြုနိုင်သောမြေများ၏ ဧရိယာစုစုပေါင်း(၂,၇၈၄,၁၄၀) ဧကရှိသည်။

ထိုအထဲမှ သစ်တောဦးစီးဌာန၏စီမံခန့်ခွဲမှုအောက်တွင်တည်ရှိသော ကြိုးဝိုင်း/ပြင်ဧရိယာသည် (၁,၅၆၇,၀၆၀) ဧကဖြစ်ပြီး ကျန်ရှိသော မြေဧရိယာဧက (၁,၂၁၇,၀၈၀) သည် မြေလွတ်မြေလပ်နှင့် မြေရိုင်းများအဖြစ် သတ်မှတ်နိုင်ချေအများဆုံးဖြစ်သော မြေများအဖြစ်ယူဆနိုင်ပါသည်။

သို့သော်လည်း ထိုသို့သော မြေများ သည်

...(သို့) မြေအခွင့်အရေး

ဒေသခံတိုင်းရင်းသားများ မိမိတို့ဝမ်းစာရေးအတွက် အသုံးပြုသောစိုက်ပျိုးမြေများ၊ ထိန်းသိမ်းကာကွယ်ထားသောမြေနှင့်သစ်တောများ၊ ရိုးရာဓလေ့အရစီမံခန့်ခွဲသောမြေများ၊ ၎င်းတို့၏ရိုးရာဓလေ့ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှုများ၊ ၎င်းတို့၏နိုင်ငံရေးရပ်တည်မှု၊ လူ့ဂုဏ်သိက္ခာတို့နှင့်ဆက်စပ်မှုရှိသော မြေများဖြစ်ပါသည်။ သို့သော်လည်း ထိုသို့သော ဒေသခံတိုင်းရင်းသားများ၏မြေများအပေါ်သို့ ထိန်းချုပ်ခြင်းယန္တရားများကို တင်သွင်းလာခြင်းများသည်လည်း ဤဥပဒေနှင့်အတူ တစ်ပြိုင်နက်ရောက်ရှိလာပြီး ထိန်းချုပ်ခြင်းများကို စတင် လုပ်ဆောင်နေသည်ကိုတွေ့ရှိရပါသည်။

၂၀၁၂ခုနှစ်နောက်ပိုင်း မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေအတည်ဖြစ်ချိန်မှစတင်၍ ထိုဥပဒေကိုအသုံးပြု၍ကယား(ကရင်နီ)ပြည်တွင် မြေယာအခြေပြုအကြီးစားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ဆောင်ရန်အတွက် နိုင်ငံခြားအခြေစိုက်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများသည်လည်း ပြည်တွင်းရှိရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများနှင့်ပူးပေါင်းကာ စတင်ချဉ်းကပ်လုပ်ဆောင်မှုများရှိလာပြီး ကယား(ကရင်နီ)ပြည်အတွင်းရှိ ဖရူဆိုမြို့ နယ်အတွင်းရှိ ကျေးရွာ(၁၀)ရွာရှိ မြေဟက်တာ (၅၀,၀၀၀) ပေါ်တွင် လုပ်ဆောင်ရန် ချဉ်းကပ်လာမှုများ ရှိပါသည်။

ဤပမာဏသည် ကယား(ကရင်နီ)ပြည်၏ သစ်တောဦးစီးဌာနမှစီမံခန့်ခွဲမှုရှိသောမြေ၏ပြင်ပကျန်ရှိသောမြေ စုစုပေါင်း၏ ဆယ်ပုံတစ်ပုံခန့်သောပမာဏနှင့်ကိုက်ညီနေပါသည်။ (အကြောင်းအရာအသေးစိတ်ကို ထပ်မံလေ့လာလိုပါက (www.keanearthrights.org) ဝက်ဆိုဒ်တွင်လှပသောထိန်းချုပ်ခြင်း"ဟူသောအမည်ဖြင့်လည်းဖော်ပြထားပါသည်။)

သို့သော်လည်း ထိုသို့သော မြေများသည် ဒေသခံကျေးရွာများမှ ရွှေ့ပြောင်းတောင်ယာအတွက် စိုက်ပျိုးသောမြေများ၊ တိုင်းရင်း ဆေးဝါးဆေးမြစ်များ အတွက်ထားရှိသောမြေများနှင့်အခြားသောစိုက်ပျိုးခြင်း၊ မွေးမြူခြင်းများလုပ်ကိုင်ရန် အတွက်ထားရှိသော မြေများအပေါ်တွင်သာဖြစ်ပါသည်။

တစ်ဘက်တွင် ပြည်နယ်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက်ရည်ရွယ်ထားရှိသော်လည်း ထိုကဲ့သို့သောထိန်းချုပ်ခြင်းယန္တရားများသည် ဒေသခံပြည်သူများအပေါ် သို့ များစွာဆိုးကျိုးသက်ရောက်နိုင်ကြောင်းကို ဒေသခံပြည်သူများသည် ပွင့်လင်းမြင်သာစွာသိရှိခွင့်မရရှိဘဲ ထိုသို့သောယန္တရား၏အောက်သို့ ရောက်ခြင်းမသိရောက်နေကြရပါသည်။

၂၀၁၆ခုနှစ်၊ ဇန်နဝါရီလတွင်အတည်ပြုပြဋ္ဌာန်းလိုက်သော အမျိုးသားမြေအသုံးချမှုမူဝါဒသည်လည်း အတည်ပြုပြီးချိန်မှစတင်၍ ထိုမူဝါဒပါ အချက်အလက်များကိုမှီညမ်း၍ မြေနှင့်သက်ဆိုင်သော ဥပဒေများပြင်ဆင် ခြင်းပြုလုပ်ချိန်တွင် ထည့်သွင်းစဉ်းစားခြင်း၊ မူဝါဒပါ အချက်များကို အကောင်အထည်ဖော်ခြင်းမရှိဘဲ ဆက်လက်လစ်လျူရှုထားခြင်း ခံနေရပါသည်။

ထိုအမျိုးသား မြေအသုံးချမှုမူဝါဒပါအချက်အလက် များသည်လည်း တစ်နိုင်ငံလုံးရှိအခြေခံတောင်သူ လယ်သမား လူတန်းစားများ၊ တိုင်းရင်းသား လူနည်းစုများအတွက် လုံလောက်သော အကာအကွယ် ပေးခြင်းများမရှိသေးသော်လည်း ထိုမူဝါဒပါ အချက်များကို အသုံးပြု၍ အခြေခံတောင်သူလယ်သမားများ၊ တိုင်းရင်းသားများနှင့် မြေကိုအမှီပြု၍အသက်ရှင်ရပ်တည်နေကြသော လူတန်းစားများ၏ အခွင့်အရေးကိုပိုမိုအကာအကွယ်ပေးနိုင်ရန် လုပ်ဆောင်နိုင်ခြင်းမရှိသေးသည်ကိုတွေ့ရှိရပါသည်။

ထိုမူဝါဒ၏ အခန်း(၈)တွင်ဖော်ပြထားချက်အရ တိုင်းရင်းသားလူမျိုးများ၏ မြေအသုံးချမှု အခွင့်အရေးများ ဟူ၍အထူးပြုဖော် ပြထားရှိသော်လည်း ယနေ့ချိန်ထိသိသာထင်ရှားသောပြောင်းလဲမှုများ၊အခွင့်အရေးကို အကာအကွယ်ပေးခြင်းများကိုတိုင်းရင်းသားလူမျိုးများ အနေဖြင့် ဤမူဝါဒပါအခွင့်အရေးကိုပင် ခံစားနိုင်ရန်အလှမ်းဝေးကွာဆဲဖြစ်ပါ သည်။

ထို့အပြင် ဤမူဝါဒအတည်ပြုချိန်တွင်ပါဝင်လာသောဖြည့်စွက်သောပုဒ်မများသည်လည်းတိုင်းရင်းသားလူမျိုးများ၏ မြေအသုံးချမှုအခွင့်အရေးများကို ခံစားခွင့်ပြုထားသယောင်ရှိနေသော်လည်း အခြားတစ်ဘက်တွင် ခြိမ်းခြောက်မှုများစွာဖြစ်စေပါသည်။

အမျိုးသားမြေအသုံးချမှုမူဝါဒ၏ အပိုင်း(၈)ရှိ အပိုဒ်ခွဲ ၆၅(ဂ)သည် ဤ အမျိုးသားမြေအသုံးချမှုမူဝါဒ အတည်ပြုချိန်တွင် ထည့်သွင်းဖြစ်စွက်လာသောအပိုဒ်ခွဲတစ်ခုဖြစ်ပြီး မြေအသုံးချမှု၊ မြေနှင့်သက်ဆိုင်သော အငြင်းပွားမှုနှင့် ကျူးကျော်မှုများကိုဖြေရှင်းဆုံးဖြတ်ရာတွင် တည်ဆဲဥပဒေများနှင့်အညီ ဆုံးဖြတ်ရန်ဟူ၍ ဖော်ပြထားရှိပါသည်။

ဤမူဝါဒ၏အပိုင်း(၈)တွင် တိုင်းရင်းသားလူမျိုးများ၏မြေအသုံးချမှုအခွင့်အရေးများကို အကာအကွယ်ပေးရေး၊ အသိအမှတ်ပြုရေး၊ သက်ဆိုင်ရာတိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်ခွင့်ပြုရေး စသည်ဖြင့် ဖော်ပြ ထားသော်လည်း လက်ရှိမြေနှင့် သက်ဆိုင်သော ဥပဒေများ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများပြုရာတွင် တိုင်းရင်းသား လူမျိုးများတို့မြေနှင့် သက်ဆိုင်သော အခွင့်အရေးများကို လုံလောက်သော အကာအကွယ်ပေးမည့် ဥပဒေများဖြင့် ထည့်သွင်း အစားထိုးနိုင်ခြင်းမရှိသည့်အပြင် ပြစ်မှုပြစ်ဒဏ်များသည်လည်း ပိုမိုရှိပင်တိုးလာမှုများ ရှိနေသည်ကိုလည်း တွေ့ရှိရပါသည်။

ဤမူဝါဒ၏ အပိုဒ်ခွဲ ၆၅(ဂ)အရ မြေနှင့်ပတ်သက်သော အငြင်းပွားမှုများ၊ ကျူးကျော်မှုများကိုလက်ရှိတည်ဆဲ ဥပဒေများအရသာ ဆုံးဖြတ်ချက် ပြုလုပ်မည်ဆိုလျှင် တိုင်းရင်းသားများအနေဖြင့် ၎င်းတို့၏မြေယာအခွင့်အရေးကို မည်သို့မျှခံစားခွင့်ရရှိနိုင်မည်မဟုတ်ဘဲ ၎င်းတို့ဘိုးဘွားစဉ်ဆက်စီမံ၊ ပိုင်ဆိုင်၊ အသုံးပြုလာသော ၎င်းတို့၏ မြေ၊ အရင်းအမြစ်နှင့်သက်ဆိုင်သောအခွင့်အရေးများကို ဆက်လက်ဆုံးရှုံးနေရဦးမည်ဖြစ်ပါသည်။

တစ်ဘက်တွင်တိုင်းရင်းသားလူမျိုးများ၏မြေအသုံးချမှု အခွင့်အရေးကိုအသိအမှတ်ပြုသယောင်ဖော်ပြ၍ မူဝါဒတွင်ထည့်သွင်း ဖော်ပြထားရှိပြီးထိုကဲ့သို့သော ဖြည့်စွက် ပုဒ်မများဖြင့်ပြန်လည် ထိန်းချုပ်ထားခြင်းများကိုလည်း ပြုလုပ်နေသည်ကိုတွေ့ရှိပါသည်။

လက်ရှိ အမျိုးသားမြေအသုံးချမှုမူဝါဒနှင့် ဆန့်ကျင်၍ တည်ဆဲ လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ် နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ ၁၈၉၄ မြေသိမ်း ဥပဒေများကို ပြင်ဆင်ခြင်းများကို တောင်သူလယ်သမားများ၊ တိုင်းရင်းသားများနှင့် မြေယာအရေးလှုပ်ရှားဆောင်ရွက်သော လူထုအခြေပြုအရပ်ဖက်အဖွဲ့အစည်းများ၏ ကန့်ကွက်မှုများအကြားမှ အထက်ပါ ဥပဒေများကိုအတင်းတွန်းလုပ်ဆောင်နေပြီး ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ(၁၇) ရက်နေ့တွင် အမျိုးသားမြေအသုံးချမှုကောင်စီကို အစိုးရမှ ဖွဲ့စည်းခဲ့သည်။

လက်ရှိတည်ဆဲ အမျိုးသားမြေအသုံး ချမှု မူဝါဒကိုအခြေခံ၍ ပြင်ဆင်ခြင်းများမရှိဘဲ စကားလုံးများကိုသာ လိုက်လံပြင်ဆင်နေခြင်းများကိုပြုလုပ်နေခြင်းဖြင့် နိုင်ငံအဝှမ်းရှိ မြေကိုအခြေပြု၍မှီခိုရပ်တည်နေကြသော တောင်သူလယ်သမားများ၊ လုပ်ကွက်ငယ်တောင်သူများနှင့် တိုင်းရင်းသားများ၏မြေနှင့်သက်ဆိုင်သော အခွင့်အရေးများကို လစ်လျူရှုသကဲ့သို့ ဖြစ်နေပါ သည်။

အမျိုးသားအဆင့် အမျိုးသားမြေအသုံးချမှုကောင်စီကိုဖွဲ့စည်းပြီးနောက်ပိုင်းတွင် ပြည်နယ်နှင့်တိုင်း ဒေသကြီး၊ နေပြည်တော်ကောင်စီဒေသအသီးသီးသို့လည်း သက်ဆိုင်ရာ အဆင့်အလိုက် မြေအသုံးချမှုကော်မတီကို ဖွဲ့စည်းရန် လုပ်ဆောင်မှုများပြုလုပ်လာကြသည်။

အမျိုးသားမြေအသုံးချမှုမူဝါဒအရ သက်ဆိုင်ရာ အဆင့်အလိုက် မြေအသုံးချမှုကော်မတီဖွဲ့စည်းရာတွင် ဒေသခံအဖွဲ့အစည်းများရွေးချယ်ပေးထားသော တောင်သူ လယ်သမားကိုယ်စားလှယ်များ၊ ဒေသခံတိုင်းရင်းသား ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူများ၊ အမျိုးသမီးများနှင့် ရပ်မိရပ်ဖများတို့ကိုအဖွဲ့ဝင်အဖြစ် ပါဝင်စေရမည် ဖော်ပြထားသော်လည်း လက်တွေ့အကောင်အထည်ဖော်ဖွဲ့စည်းရာတွင် ကန့်သတ်မှုများစွာ ရှိနေပါသေးသည်။

ကယားပြည်နယ်တွင်လည်း ၂၀၁၈ခုနှစ်၊ ဇွန်လမှစတင်ကာ ပြည်နယ်အဆင့် ပြည်နယ်မြေအသုံးချမှုကော်မတီဖွဲ့စည်းခြင်းကိုလုပ်ဆောင်နိုင်ရန်အတွက် ပြည်နယ်သစ်တောဌာနမှဦးစီးကာ ပြည်နယ်အတွင်းရှိမှတ်ပုံတင်ထားသော လူမှုအသင်းအဖွဲ့များနှင့်ဆွေးနွေးတိုင်ပင်မှုများပြုလုပ်ခဲ့သည်။

သို့သော်လည်း ပြည်နယ် အတွင်းမြေယာအခွင့်အရေးတွင် ပါဝင်လှုပ်ရှားဆောင်ရွက်နေသော အဖွဲ့အစည်းများသည် ထိုသို့သော အစည်း အဝေးမျိုးတွင်ပါဝင်ရန် ကန့်သတ်ထားမှုများကြုံရပြီးကိုယ်စားလှယ်များအဖြစ် ပါဝင်ရန်အတွက် ကန့်သတ်ထားမှုများ ကြုံနေရပါသည်။

ဤသို့သောအရေးကြီးလှသည့် အမျိုးသားအဆင့်မြေဥပဒေရေးဆွဲမှုတွင် မြေယာအရေး ပါဝင်လှုပ်ရှားဆောင်ရွက်နေသောလူပုဂ္ဂိုလ်များ၊အဖွဲ့အစည်းများ၊ တတ်သိနားလည်သော ပညာရှင်များနှင့် စစ်မှန်သော လူထုကိုယ်စားလှယ်များ၏ပါဝင်မှုကို ကန့်သတ်ထားခြင်းသည်လည်း တရားမျှတမှု၊ လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာရှိမှု၊ တန်းတူညီမျှမှု ကိုထင်ဟပ်စေမည့် အမျိုးသားမြေဥပဒေသစ် သို့မဟုတ် ဖက်ဒရယ် မြေဥပဒေသစ် ပေါ်ထွန်းလာရေးအတွက်လည်း အဟန့်အတားဖြစ်စေမည်ဖြစ်ပါသည်။

တိုင်းရင်းသားတော်လှန်ရေးအင်အားစုများအနေဖြင့် နှစ်ပေါင်းခုနှစ်ဆယ်ခန့်ခုခံတော်လှန်ရေကို ဆင်နွဲ လာခဲ့ပြီးဖြစ်သော်လည်း တစ်နိုင်ငံလုံးငြိမ်းချမ်းရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲများတွင်ပါဝင်လာခဲ့ကြပါသည်။

သို့သော်လည်း မြေ၊ သယံဇာတနှင့်နယ်နမိတ်ဆိုင်ရာအရေးများနှင့်ပတ်သက်၍ နိုင်ငံရေးဆွေးနွေးပွဲများတွင် ထိရောက်သောပြောင်းလဲမှု အဆင့်သို့ရောက်ရှိရန်အတွက် ကန့်သတ်ထားခံနေရခြင်းများခံနေရသည်ကိုလည်း တွေ့ရှိရပါသည်။

ထိုသို့သောအခြေအနေတွင် ဖိနှိပ်အုပ်ချုပ်မှု၏ ထိန်းချုပ်ရေးယန္တရားများသည် တိုင်းရင်းသား ဒေသများသို့ အရှိန်အဟုန်ဖြင့်ဝင်ရောက်၍ နေရယူထိန်းချုပ်ခြင်းများကိုလုပ်ဆောင်နေပြီးဖြစ်သည်ကို ကယား ပြည်နယ်အတွင်းရှိ လယ်ယာမြေမှတ်ပုံတင်ခြင်းအခြေအနေများက သက်သေပြနေပါသည်။

ထိုသို့သောယန္တရား များ၏ ဝင်ရောက်လှုပ်ရှားထိန်းချုပ်မှုများသည် မြေပြင်အခြေအနေတွင်သာမက ဒေသနေတိုင်းရင်းသားများ၊ ဌာနေတိုင်းရင်းသားများ၏ စိတ်အတွင်းသို့ပါ ၎င်းတို့သတိမထားမိသောအချိန်တွင် ဝင်ရောက်နေရာယူထားနေပြီ ဖြစ်ပါသည်။

တိုင်းရင်းသားများအနေဖြင့် ၎င်းတို့မျှော်မှန်းသည့် အမျိုးသား တန်းတူညီမျှခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ လူမှုတရားမျှတမှုနှင့် လွတ်လပ်ခွင့်တို့အတွက် ထိုသို့နိုင်ငံရေးဆွေးနွေးပွဲမှတစ်ဆင့် ဆွေးနွေးကြစဉ်တွင် အခြားတစ်ဘက်မှ ၎င်းတို့၏ ဒေသအတွင်းသို့နည်းပေါင်းစုံအသုံးပြု၍ ဝင်ရောက်လာသော ဖိနှိပ်၊ ထိန်းချုပ်ခြင်း ယန္တရားများကို တုန့်ပြန်ရန်အတွက် မိမိတို့နိုင်သောအားဖြင့် ခုခံနေကြရပါသည်။

သို့သော်လည်း အရှိန်အဟုန်ကောင်း စွာဖြင့် နည်းလမ်းပေါင်းစုံဖြင့် ဝင်ရောက်လာနေသော ထိုဖိနှိပ်မှု ယန္တရားများသည်လည်း တိုင်းရင်းသားဒေသများအတွင်းသို့ အတိုင်းအတာတစ်ခု အထိဝင်ရောက်နေရာယူပြီးဖြစ်နေသည်။

ထို့ကြောင့် တိုင်းရင်းသားများအနေဖြင့် မိမိတို့၏ မြေ၊ သဘာဝ သယံဇာတနှင့် နယ်နိမိတ်များအရေးနှင့် ပတ်သက်၍ ထိန်းသိမ်းခြင်းများ၊ ကာကွယ်ခြင်းများအတွက် အရှိန်အဟုန်ဖြင့် မြှင့်တင် လုပ်ဆောင်ခြင်းများကိုလုပ်ဆောင်ရန် အတွက် သာမက ထိန်းချုပ်မှုအောက်မှ အရှိန်အဟုန်ဖြင့် ရုန်းထွက်ရန်၊ တန်ပြန်တုံ့ပြန်ရန်အတွက် လုပ်ဆောင်ရန် လိုအပ်ပါသည်။

ထိုသို့လုပ်ဆောင်ရာတွင်လည်း လူမျိုးစုတစ်စုအနေဖြင့်သာမက အခြားသော တိုင်းရင်းသားမျိုးနွယ်စုများနှင့်ပါ အင်အားပိုမိုကောင်းမွန်အောင် အောက်ခြေလူထု အဆင့်မှတစ်ဆင့် နိုင်ငံအဆင့်ထိတိုင် ဟန်ချက်ညီစွာ၊ ဗျူဟာကျနစွာ ချမှတ်၍လုပ်ဆောင်ရန်လိုအပ်ပါသည်။

ထို့အပြင် အခြားသော ဘဝတူ တိုင်းရင်းသားများ၏မြေယာအခွင့်အရေးအတွက်လည်းအတူတစ်ကွ ပူးပေါင်း၍ အမှန်တစ်ကယ်ထိ ရောက်မှုရှိသည့် နိုင်ငံ၏ မြေယာကဏ္ဍ တိုးတက်ပြောင်းလဲမှုများအတွက်လည်း ၎င်းတို့နှင့်ပူးပေါင်း၍တစ်ပြိုင်နက် ပူးပေါင်းလုပ်ဆောင်သွားရန် လိုအပ်ပါသည်။

နိုင်ငံသားများအားလုံးကို အကျိုးအမြတ်ဖြစ်ထွန်းစေမည့် နိုင်ငံရေး စနစ်တရပ်ပေါ်ထွန်းလာရေး အတွက်လည်း အမျိုးသားအဆင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်သကဲ့သို့ မြေကိုအမှီပြု၍ရှင်သန် နေထိုင်နေရသော နိုင်ငံ၏ အများဆုံး အခြေခံလူထုကို အကာအကွယ်ပေးနိုင်မည့် စစ်မှန်သောမြေယာကဏ္ဍပြုပြင်ပြောင်းလဲမှုများအတွက် အမျိုးသား မြေဥပဒေ သစ်တစ်ရပ် ပေါ်ထွန်းလာရေး သို့မဟုတ် တိုင်းရင်းသားတို့မျှော်မှန်းသော ဖက်ဒရယ်မြေ ဥပဒေသစ်ပေါ် ထွန်းလာရေးအတွက် အရှိန်အဟုန်မြှင့်၍ ဆက်လက်လုပ်ဆောင်သွားရန် လိုအပ်ပါသည်။

ဒီးမော့ဆိုမြို့နယ်အတွင်းရှိကျေးရွာတစ်ရွာမှ မှတ်တမ်းတင် ဆောင်ရွာနေစဉ်

ကူရာမဲ့နေတဲ့တောင်သူတွေဘဝ

ကန္တာရဝတီတိုင်း[မ်]

ကလေးတွေနဲ့မိခင်တွေ အမျိုးသမီးတွေအများစုလိုက်စီးလာတဲ့ ထော်လဂျီစက်တစ်စီးဟာဆိုရင် ဒီးမော့ဆိုမြို့နယ် တရားရုံးရှေ့ကို ပုံမှန် တစ်ပတ်တစ်ကြိမ် ရောက်ရှိလာစမြဲပါ။ သူတို့တွေဟာဆိုရင် ဒေါ်ဆိုရှေးကျေးရွာကနေလာကြတဲ့သူတွေဖြစ်ကြပါတယ်။

ထော်လဂျီစက်ပေါ်မှာဆိုလျှင် အမျိုးသမီးတွေနဲ့ကလေးငယ်တွေအပါအဝင် ဟင်းသီးဟင်းရွက်တွေ၊ ဟင်းခြောက်တွေ၊ထမင်းဗူးတွေက ပုလိုင်းတွေ၊ ခြင်းတောင်းတွေနဲ့အပြည့်တွေ့ရမှာဖြစ်ပါတယ်။

တရားရုံးချိန်းရှိတုန်း သူတို့ရဲ့ အမျိုးသားတွေအတွက် ထောင်ထဲမှာစားစရာတွေသယ်သွားနိုင်ဖို့အရောက်လာပို့ ပေးကြတာဖြစ်ပါတယ်။ တချို့ အမျိုးသားတွေကတော့ ဆိုင်ကယ်တွေနဲ့ စားစရာတွေသယ်လာပြီးတော့ သူတို့သားတွေကိုလာပို့ဖို့ ရောက်လာကြပါတယ်။

ဒေါ်ဆိုရှေးတောင်သူတစ်ဦးဖြစ်တဲ့ ဦးလှဖက “ကျနော့်သားကို ကျနော်လာကြည့်တာ ဘာမှလည်း မကျွေးနိုင်ဘူး၊ မယူလာနိုင်ဘူး။ ဒါပေမဲ့ သူ့ကိုတွေ့ချင်တော့ ရုံးချိန်းတိုင်း ကျနော်လာတယ်။ အရမ်းခက်ခဲပင်ပန်းတာပေါ့။ ဘာဖြစ်လို့လဲဆိုတော့အလုပ်လုပ်ဖို့လည်း သူ့ကလေးတွေလည်း အရမ်းငယ်သေးတယ်။ ကျနော်လည်း သူ့ကို မကူညီနိုင်ဘူး။ အချုပ်ကျတာလည်း ၂ လ ၃လ ပြည့်တော့မယ်။ သူ့ကိုလည်း သား၊ သမီးတွေကို ကျွေးမွေးဖို့လည်း မရှိတော့ဘူး။ တောင်ယာကိုလည်း ကျမကိုယ်တိုင်ပဲ လုပ်ရတယ်။ ကျမ လူလည်းမဂျိုးနိုင်ဘူး။ သူများကို သွားပြီးတော့ အကူအညီတောင်းတယ်။ ကျမကို လုပ်ကူပါ။ တစ်ချိန်ချိန် ပြန်လုပ်ကူပါမယ်။ အဲ့လိုပဲပြောတယ်။ ပိုက်ဆံလည်း မရှိဘူး။ လူလည်းမဂျိုးနိုင်ဘူး။ ပေးလည်းမပေးနိုင်ဘူး။” လို့ပြောပါတယ်။

ခင်ပွန်းအပါအဝင် သား၃ဦးပါ အချုပ်ကျနေသည့် ဒေါ်ပါစကွီးနာက သူမအနေနဲ့ တောင်ယာလုပ်ငန်းတွေကို လူငှားပြီး လုပ်လိုက်ရတဲ့အတွက် ငွေကြေးအကုန်အကျများခဲ့ရပြီး အရှုံးပေါ်နေတယ်လို့ ဆိုပါတယ်။

ဒေါ်ပါစကွီးနာ “အချုပ်ကျတာ ကျမသားသုံးယောက်နဲ့ သူ့အဖေနဲ့ လေးယောက်ပေါ့။ တောင်ယာလုပ်ဖို့ ကျမ လူငှါးရတယ်။ သူများကို စက်မောင်းခိုင်းရတယ်။ ကျမ လူငှါးတာ အယောက် ၈၀ - ၉၀ လောက်ရှိတယ်။ စပါးရိတ်ဖို့ စက်ပါထပ်ငှါးတော့ ပိုကုန်တယ်။ ပိုက်ဆံက ငါးသိန်းကုန်တယ်။ မကိုက်တော့ဘူး။ ရှုံးတယ်။ ဘာဖြစ်လို့လဲဆိုရင် သားလည်းမရှိ အမျိုးသားလည်းမရှိတော့ လူတွေအကုန်လုံးငှါးရတော့ မကိုက်တော့ဘူး။ သီးနှံတွေလည်း အရနည်းတယ်။ ကျမ ဝမ်းလည်းနည်းတယ်။ စိုးလည်း စိုးရိမ်တယ်။” လို့ ပြောပါတယ်။

ဘာမှမကူညီနိုင်တော့ တွေးကြည့်ရင် အရမ်းနဲ့ စိတ်ပင်ပန်းတယ်။” လို့ပြောပါတယ်။

ဒီးမော့ဆိုတရားရုံးရှေ့မှာ အမျိုးသားအမျိုးသမီးတွေနဲ့ တခြားတောင်သူတွေကို ဝန်းရံကြတဲ့ အရပ်ဖက်အဖွဲ့အစည်းတွေ သတင်းသမားတွေက စောင့်နေကြပါတယ်။

မကြာခင်မှာပဲ ဒီးမော့ဆိုမြို့နယ်တရားရုံးထဲကို ဒေါ်ဆိုရှေးတောင်သူတွေ ချုပ်ထားတဲ့ ရဲကားက ဝင်းထဲကိုရောက်လာ ပါတော့တယ်။

အချုပ်ကားပေါ်ကနေပါလာတဲ့သူတို့တွေကို စစ်တပ်က ပိုင်နက်ကျူးလွန်မှု ပုဒ်မနဲ့ ပြည်သူပိုင် ပစ္စည်းဖျက်ဆီးမှု ပုဒ်မ တွေနဲ့ တရားစွဲထားတဲ့ ဒေါ်ဆိုရှေးက တောင်သူတွေပဲဖြစ်ကြပါတယ်။

ဒေါ်ဆိုရှေးတောင်သူတွေဟာ တစ်ရွာလုံးမှာမှ စုစုပေါင်း အိမ်ထောင်စု ၂၇ အိမ်ရှိပါတယ်။ အဲဒီထဲကမှ အိမ်ထောင်စု ၁၅ စုထဲက အိမ်ထောင်ဦးစီးတွေ၊ မုဆိုးမတွေကို စစ်တပ်ကနေ ရာဇသတ်ကြီး၃၀၉ပုဒ်မ (၄၄၇)ပိုင်နက်ကျူးကျော်မှုနဲ့ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက် ၃၀၉ပုဒ်မ (၆/၁)နဲ့ တရားစွဲဆိုထားပါတယ်။

အဲဒီအတွက်နဲ့ ကျန်ခဲ့တဲ့မိသားစုတွေမှာဆိုရင်လည်း အလုပ်လုပ်ပေးမည့်သူမရှိတဲ့အတွက် မိသားစုအတွက် ရုန်းကန်နေကြရပါတယ်။

တရားစွဲဆိုခံရသူတစ်ဦး၏ မိသားစုဝင်ဖြစ်သော ဒေါ်ဖရေမာက “အခက်အခဲကတော့ အများကြီးရှိတာပေါ့။ တောင်ယာသွားမယ့်သူလည်း မရှိတော့ဘူး။ တောင်သူတွေကို စစ်တပ်ကအခုလိုတရားစွဲထောင်ချတဲ့အတွက် ကျန်ရစ်တဲ့မိသားစုတွေမှာလည်း အခက်အခဲတွေနဲ့ရင်ဆိုင်နေကြရတာပါ။

ယခုတပ်သိမ်းထားတဲ့ မြေယာတွေဟာဆိုရင် ဘိုးဘွားစဉ်ဆက်နေထိုင်လာတဲ့ ရွာဟောင်းကတောင်ယာတွေနဲ့ပဲ အနှစ်နှစ်အလလကြာ တောင်ယာကို ဆက်လုပ်လာခဲ့ပေမယ့်လို့ ၂၀၀၃၊ ၂၀၀၄ ခုနှစ်နောက်ပိုင်းမှာမှ အမြောက်တပ်(၃၆၀)က တပ်ရင်းလာတည်တဲ့အချိန်မှာ တပ်စခန်းအတွက် တောင်ယာတွေကို ဖယ်ပေးခဲ့ရပါတယ်။

ဒေါ်ဆိုရှေးရွာကို ၁၈၇၉ ခုနှစ်ကတည်းက ဒီးမော့ဆိုမြို့နယ် ဒေါ်လောခူရွာဘက်ကနေ လာရောက်နေထိုင်ခဲ့ကြတယ်လို့ ဒေသခံတွေပြောပြချက်အရ သိခဲ့ရပါတယ်။

၁၉၈၇ ခုနှစ် နယ်မြေမအေးချမ်းလို့ ဖြတ်လေးဖြတ် ဖြစ်ပြီးတော့ ဒေါ်ဆိုရှေးမှာနေထိုင်တဲ့သူတွေအားလုံးကို ပြောင်းရွှေ့ ခိုင်းလိုက်ပါတယ်။ အများစုကတော့ စံပြ(၆)မိုင်ရွာဘက်ကို ခေတ္တတစ်ဖြုတ် ပြောင်းရွှေ့နေထိုင်ခိုင်းခဲ့ပါတယ်။

အဲဒီလိုပြောင်းရွှေ့နေထိုင်ခိုင်းပြီးတော့ သေနတ်သံတွေမကြားတော့တဲ့အချိန်ကြရင် ပြန်လာနေထိုင်လို့ရတယ်လို့ စစ်တပ်ကနေ နုတ်ကတိပေးခဲ့ပါတယ်လို့လို့ ဒေါ်ဆိုရှေးတောင်သူ တစ်ဦးဖြစ်တဲ့ ဦးပါးရယ်ကပြောပါတယ်။

“အဲဒီဖြတ်လေးဖြတ်ခေတ်မှာ ဒကစမ္ပူးမောင်ကြည်က ခနတစ်ဖြုတ်ကျနော်တို့ကို စံပြ(၆)မိုင်လာနေခိုင်းတယ်။ ပြီးရင် ဒကစမ္ပူးမောင်ကြည်က ဘာပြောလဲဆိုရင် ခင်ဗျားတို့အဲဒီမှာခနနေပြီးစစ်သံတိတ်တဲ့အချိန် ဗုံသံပေါက်ကွဲပြီးတဲ့အချိန် ကျရင် ဒေါ်ဆိုရှေးရွာဟောင်း ပြန်လာနေနိုင်တယ်လို့ နုတ်ကတိနဲ့ ပေးခဲ့တာရှိတယ်။” လို့ဦးပါးရယ်က ပြောပါတယ်။

စံပြ(၆)မိုင်မှာ ခေတ္တသွားရောက်နေထိုင်ခဲ့ကြတဲ့ အချိန်ကစပြီးလည်းလုပ်ကိုင်စားသောက်စရာမြေနေရာမရှိတဲ့အတွက် ရွာဟောင်းကတောင်ယာမြေယာကိုသာဆက်လက်လုပ်ကိုင်လာခဲ့ကြပါတယ်။

ဖြတ်လေးဖြတ်တုန်းက ဒေါ်ဆိုရှေးရွာကနေပြောင်းရွှေ့ခဲ့ခဲ့ရတဲ့ ဒေသခံတွေတချို့ဟာ စံပြ(၆)မိုင်မှာတချို့၊ လွိုင်ကော်မြို့နယ် လွိုင်လင်လေး (ဒေါတနော) ရွာ၊ ကယန်းကြတ်ခူရွာ၊ ဒေါ်လောခူရွာဟောင်းစတဲ့ရွာတွေဘက်မှာပြန့်ပြီးနေထိုင်စားသောက်ခဲ့ကြရပါတယ်။

လက်ရှိစံပြ(၆)မိုင်မှာ ပြောင်းရွှေ့နေထိုင်ကြတဲ့သူတွေအများစုက ရွာဟောင်းကနေပြောင်းခဲ့ပေမယ့်လည်း ရွာဟောင်းက တောင်ယာမြေပေါ်မှာပဲ သီးနှံတွေ ပြန်လည်လုပ်ကိုင်စားသောက်ခဲ့ ကြတာ ယခုအချိန်ထိပါ။

အခုလိုတရားစွဲထောင်ချခံရတာနဲ့ပတ်သက်လို့ တောင်သူတွေများ အားကိုးစရာမဲ့နေကြတယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံရဲ့တရားရေးက အင်အားကြီးတဲ့သူက ပိုပြီး အသာရနေတာ ဖြစ်တဲ့အတွက် အခုလို တောင်သူတွေအပေါ် တရားစွဲဆိုထားတဲ့အပေါ် နစ်နာမှုတွေသာ ရင်ဆိုင်နေရတဲ့အပေါ်မှာ တောင်သူတွေက သူတို့ရဲ့ ထုံးတမ်းဓလေ့နဲ့သာ အဆုံးသတ်စေချင်တယ်လို့ ဒေါ်ဆိုရှေးတောင်သူ ဦးပါးရယ်က ပြောပါတယ်။

“ဘယ်လိုမျိုး အဆုံးသတ်ချင်လဲဆိုရင် တရားရေးမှာ အဆုံးမသတ်ချင်ဘူး ကျနော်တို့ ရိုးရာဓလေ့နဲ့ တရားစီရင်ချင်တယ်။ ဒါဆိုကျနော်တို့ ရိုးရာဓလေ့ဆိုအဆုံးသတ်ပဲ။ ပြောရမယ်ဆိုရင် ကျနော်တို့ ရိုးရာဓလေ့ဟာဆိုရင် သူတစ်ပါးကို မထိခိုက် မစော်ကားဘူး။” လို့ ဦးပါးရယ်ကပြောပါတယ်။

ဒီလိုတရားစွဲထားတဲ့အပေါ်မှာ သက်ဆိုင်ရာတွေကလည်း တိုင်းရင်းသားတွေကို အကာအကွယ်ပေးတဲ့ ဥပဒေတွေ တရားလွှတ်တော်ရှေ့နေ ဦးမြင့်သွင်က ပြောပါတယ်။

“တိုင်းရင်းသားတွေအတွက်ဆိုရင် မြေလွတ် မြေရိုင်း ဥပဒေတွေမှာ ဘယ်လို ပြန်ဌာန်းပြီး ၂၀၁၈ မှာ အသစ်ရေးထားတာလဲ။ သစ်တောဥပဒေတွေမှာ ဘယ်လိုရေးထားတာလဲ၊ အထောက်အထားမရှိတဲ့ မြေနဲ့ ပတ်သက်ရင် ဘယ်လို လျော့ကြေး နစ်နာကြေးတွေပြန်ပေးဖို့ ဘယ်တွေလုပ်ရမလဲဆိုတာ အစိုးရတွေမှာလည်းဆိုင်တယ်၊ လွှတ်တော်မှာလည်း ဆိုင်တယ်၊ လွှတ်တော်ကိုယ်စားလှယ်လည်း ဆိုင်တယ်။” လို့ ပြောပါတယ်။

လက်ရှိမှာတော့ ကယား(ကရင်နီ)ပြည်နယ်အတွင်းမှာ ဒီးမော့ဆိုမြို့နယ် ဒေါ်ဆိုရှေ့ကျေးရွာတောင်သူတွေကို စစ်တပ်က ပိုင်နက်ကျူးလွန်မှု ပုဒ်မ ၄၄၇ဖြင့် ၁၁ဦး၊ ပြည်သူပိုင် ပစ္စည်းဖျက်ဆီးမှု ပုဒ်မ ၆/၁ ဖြင့် ၂ ဦး၊ ပုဒ်မ၄၄၇နှင့် ပုဒ်မ ၆/၁ (ပုဒ်မ၂၃) ဖြင့် ၄ဦး စုစုပေါင်း တရားစွဲဆိုခံရသူ ဒေါ်ဆိုရှေ့ တောင်သူ ၁၇ ဦးနှင့်လွိုင်ကော်မြို့နယ်အတွင်းတွင် တောင်သူ ၃ ဦး စစ်တပ်က တရားစွဲထားပြီး ၎င်းတို့ထဲမှ လွိုင်ကော်အကျဉ်းထောင်ထဲတွင် ၉ ဦးဖမ်းထားပါတယ်။

၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလတွင် စတင်ဖြန့်ချိသည်။

လူငယ်တွေကြားမှာ ပြန်ပြီးရောက်လာတဲ့ ခေါင်ရည်ခွက်

စိုးထိုက်အောင်

ကရင်နီလူမျိုးတို့ရဲ့ ခေါင်ရည်သောက်တဲ့ခွက်ဟာဆိုရင် ဝါးနှီးတို့နဲ့ ယှက်လုပ်ထားတဲ့ခွက်ကို ခေါင်ခွက်လို့ အများက သတ်မှတ်ခေါ်ဝေါ်လေ့ရှိကြပါတယ်။

အဲဒီခေါင်ခွက်ဖြစ်လာဖို့ဆိုရင် ဝါး၊ နှီး၊ ဓါး ၊ နှီးအချောသပ်ဖို့ ဓါးငယ်လိုပါမယ်။ ပြီးတော့ ခွက်ရဲ ့အတင်ါင့်တွေမှာ ပြန်ချုပ်ဖို့အပ်နဲ့ချည်ရှိဖို့လိုပါတယ်။ နောက်ဆုံးအနေနဲ့ခွက်ကို သစ်စေးနဲ့ပြန်သုတ်ရတယ်ဆိုတော့ သစ်စေးလိုမယ် ပီးရင်တော့ အသုံးပြုလို့ရပါပြီ။

ဒီလိုခေါင်ရည်ခွက်တွေကို ကရင်နီမျိုးနွယ်စုတွေ ပြုလုပ်လေ့ရှိတဲ့ ရိုးရာဓလေ့ပွဲတိုင်းမှာ ဧည့်သည်တွေကို ခေါင်ရည်နဲ့တိုက်လေ့ရှိပါတယ်။ ဒီနောက်ပိုင်းမှာတော့ ရိုးရာခေါင်ရည်ခွက်တွေက တဖြည်းဖြည်းနဲ့ရှားလာပြီးတော့ ရိုးရာပွဲတွေတိုင်းမှာ ကော်ခွက်တွေ၊ ဖန်ခွက်တွေက အစားထိုးနေရာယူလာခဲ့ကြပါတယ်။

ခေတ်ရေစီးကြောင်းအရ တဖြည်းဖြည်းနဲ့ ရိုးရာခေါင်ခွက်က ရိုးရာဓလေ့ပွဲတွေမှာ သိပ်ပြီး အသုံးမပြုကြတော့သလို၊ ဈေးဆိုင်တန်းခေါင်ရည်ရောင်းတဲ့ ဒီးမော့ဆိုမြို့ဈေးဆိုင်ထဲမှာလည်း သိပ်မတွေ့ရတော့ပါဘူး။

အသုံးပြုလာသူနည်းပါးလာသလို ခေါင်ခွက်ပြုလုပ်တဲ့သူလည်း လိုအပ်မှ မှာသူရှိမှသာလျှင် ယှက်လုပ်ကြပါတယ်။

ဒီလိုခေါင်ရည်ခွက်ကို အခုခေတ်လူငယ်တွေကြားမှာတော့ ဖိုးဘွားစဉ်ဆက်က ပြုလုပ်လာတဲ့ ရိုးရာဓလေ့ခေါင်ခွက်တွေကို ပြန်လည်ဖော်ထုတ်နေကြပါပြီ။

အဲဒီလိုလူငယ်တွေထဲမှာမှ ဖရူဆိုမြို့ ထီးတရဲရပ်ကွက်မှာနေတဲ့ ခူးပကူးတင်ဝင်းဟာဆိုရင်လည်း ဝါးလက်မှု အတတ်ပညာတွေနဲ့ ခေါင်ခွက်တွေကို ပြုလုပ်ပြီး ဈေးကွက်တွေမှာ ပြန်လည်ရောင်းချနေပါတယ်။

“ကျတော် အနေနဲ့ကတော့ ဒီလုပ်ငန်းကိုလုပ်တာက အမြတ်ရဖို့ လုပ်တာမဟုတ်ပဲနဲ့ ကိုယ့် ရိုးရာကို သူများတွေသိလာအောင်၊ သူများတွေလဲ တန်ဖိုးထားလာအောင်၊ကိုယ့် လူမျိုးလဲးဒီလုပ်ငန်းရှိနေပါလားဆိုပီးတော့ သိလာအောင်ပေါ့၊ နည်းနည်းပါးပါးလဲး ဝင်ငွေရလာအောင်ပေါ့။” လို့ ခူးပကူးတင်ဝင်းက ပြောပါတယ်။

သူဟာခေါင်ခွက်တွေကို ယှက်လုပ်ပြီးတော့ ဒီးမော့ဆိုမြို့မောဒူခရှေ့ဆိုင်မှာ ရောင်းတယ်လို့ ပြောပါတယ်။ သူဒီလိုဝါးလက်မှုနဲ့ ခေါင်ရည်ခွက်တွေကို ယှက်လုပ်ပြီးတော့ ရောင်းချနေသလိုတခြား စကောတွေ၊ ပလိုင်းတွေ၊ ဝါးခမောက်တွေ၊ ဝါးပလွေတွေကိုလည်း ယှက်လုပ်တယ်လို့ သိရပါတယ်။

အခုလို ဝါးလက်မှုပစ္စည်းလုပ်ရတဲ့ ရည်ရွယ်ချက်က ရိုးရာဓလေ့တစ်ခုကို ဖော်ထုတ်တဲ့ နေရာမှာ ရိုးရာပစ္စည်း၊ ယဉ်ကျေးမှုပစ္စည်းကလည်းမရှိမဖြစ်လိုအပ်သလို ကရင်နီအမျိုးသားတို့ရဲ့ လက္ခဏာစတာတွေကို လေးစားတန်ဖိုးထားတဲ့ ပုဂိုလ်တွေ ဝယ်ယူအသုံးပြုနိုင်အောင်နှင့် တစ်ခြားနိုင်ငံခြားသွားလာတဲ့သူတွေ လက်ဆောင်ဝယ်နိုင်အောင် ရောင်းချနေတာဖြစ်တယ်လို့ ခူးပကူးတင်ဝင်းက ပြောပါတယ်။

လက်ရှိသူ့ရဲ့ ဝါလက်မှုပညာနဲ့ပြုလုပ်ထားတဲ့ ခေါင်ခွက်တွေ စတာတွေကို ယဉ်ကျေးမှုထာန၊ နိုင်ငံခြားသားတို့ ဒေသခံတို့ နိုင်ငံခြားရောက်နေတဲ့ ကရင်နီမျိုးနွယ်စုတို့က ဝယ်ယူအားပေးလျက်ရှိတယ်လို့သိရပါတယ်။

ခေါင်ခွက်ကတော့ အများဆုံးမှာယူတဲ့သူတွေရှိပြီး ပိုပြီးတော့လည်း ရောင်းရတယ်လို့ ဆိုပါတယ်။

ကျတော်တို့ဆိုင်မှာလာဝယ်တဲ့သူတွေကတော့ အထူးသဖြင့် ယဉ်ကျေးမှုဌာနက လာဝယ်တာရှိတယ်၊ တင်သခံတွေလာဝယ်တာရှိတယ်၊ နိုင်ငံခြားသားတွေ၊ နိုင်ငံခြားကိုရောက်နေတဲ့တင်သခံတွေလဲးပြန်မှာတာရှိတယ်၊ ပီးတော့မှာ လာဝယ်ပီးတော့ အမေရိကန်တို့၊ဆွစ်ဇာလန်နိုင်ငံတွေကို ပို့တာလဲးရှိတယ်ပေါ့နော်။

“လာမှာတဲ့လူတွေကျတော့ သူတို့ကြိုက်တဲ့ အမျိုးအစားအလိုက် ဝါးခမောက်တွေ၊ ဝါးပလွေတွေ၊ ဝါးနဲ့လုပ်ထားတဲ့တစ်ခြားအသုံးဆောင်ပစ္စည်းတွေ ပေါ့နော်။များသောအားဖြင့် အခုမှာတာကတော့ ခေါင်ခွက်တွေ ပေါ့နော်။” လို့ ခူးပကူးတင်ဝင်းက ရှင်းပြပါတယ်။

သူရဲ့ခေါင်ခွက်တွေနဲ့တခြားဝါးလက်မှုတွေ ရောင်းချဖို့ ဈေးကွက်ကိုတော့ ကယားပြည်နယ်ခရီးသွားလာရေးလုပ်ငန်းနဲ့ချိတ်ဆက်ပီးတော့ မှလည်း ချိတ်ဆက်ထားတယ်လို့သိရပါတယ်။

တိုင်းရင်းသားတို့ရဲ့ လက်မှုပညာထုတ်ကုန်ပစ္စည်းတွေ ဈေးကွက်ဖော်ဆောင်ပေးဖို့ နိုဝင်ဘာလ ၁၈ရက်နေ့မှ ၂၀ ရက်နေ့အထိ ကယားပြည်နယ်လွှတ်တော်ဝန်းထဲမှာလည်း ဈေးပွဲတော် ကျင်းပပြုလုပ်သွားပါတယ်။

တခြားမတူညီတဲ့ လက်မှုထုတ်ကုန်တွေကို ဈေးကွက်တွင်းဖော်ဆောင်နိုင်ဖို့တော့ အခက်အခဲရှိနေသေးတယ်လို့ International Trade Centre (kayah) အဖွဲ့မှ Craft program and business officer ကိုသုအောင်ခိုင်က ပြောပါတယ်။

"ဘာလို့ ဆိုအဓိက သူတို့မှာ လုပ်တတ်တဲ့သူများတယ်။ ခက်တာက ဈေးကွက်ကို သွားရတဲ့နေရာမှာ အရမ်းအခက်အခဲ ဖြစ်တယ်။ သူတို့က ဈေးကွက်မရှိဘူးလို့ပြောကြတယ်ပေါ့နော်။ တစ်ဘက်မှာ ကျတော့လဲ ဟိုတယ်တွေကျတော့ သူတို့က ဒီ ကယားတင်သထွက်ပစ္စည်းတွေကိုသုံးချင်တယ်။ ဒါပေမဲ့ ဘယ်နားမာ ဝယ်ရမလဲမသိဘူး။ အဲ့လို မျိုးဖြစ်နေတယ်ပေါ့နော်။"လို့ ပြောပါတယ်။

တိုင်းရင်းသားတို့ရဲ့ လက်မှုပညာရပ်ဖြင့် ထုတ်လုပ်တဲ့ ထုတ်ကုန်တွေ မပပျောက်စေဖို့ အခုလို ဈေးပွဲတော်တွေလုပ်လာတဲ့အတွက်လည်း ရိုးရာခေါင်ရည်ခွက်ဟာ လူငယ်တွေကြား ဈေးကွက်တွေကြား ပြန်လည်ရောက်ရှိလို့လာနေပါပြီ။

မြန်မာဝက်များ မီဇိုရမ်သို့တင်သွင်းနိုင်ရေး လွှတ်တော်တွင်တင်ပြ

ခိုန်မိုးသုန်

မြန်မာဝက်များ မီဇိုရမ်သို့တင်သွင်းနိုင်ရေး လွှတ်တော်တွင်တင်ပြ

ခိုန်မိုးသုန်

ဝက်ရောဂါမကူးစက်စေရေးအတွက် မီဇိုရမ်ပြည်နယ်သို့တင်သွင်းခွင့် အချိန်ကန့်သတ်မရှိ တားမြစ်ပိတ်ပင်သည့်မန်မာဝက်များအား တင်သွင်းခွင့်ပြုရန် ZNP ပါတီဥက္ကဋ္ဌ လွှတ်တော်ကိုယ်စားလှယ် Pu Lalduhoma က မီဇိုရမ်လွှတ်တော်တွင် တင်ပြဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံမှ ဝက်များ မီဇိုရမ်ပြည်နယ်သို့ တင်သွင်းခွင့် ပိတ်ပင်မည့်အစား တင်သွင်းလာသော ဝက်များ၏ကျန်းမာရေးအခြေအနေများကို နယ်စပ်တွင် သချာစစ်ဆေးပြီးကာ တင်သွင်းခွင့်ပြုရန် Pu Lalduhoma က ယမန်နေ့က ကျင်းပသောလွှတ်တော်တွင်တင်ပြဆွေးနွေးခဲ့သည်ဟု မီဇိုရမ်ရုပ်သံသတင်းဌာန Zonet တွင်ဖော်ပြထားသည်။

မီဇိုရမ်ပြည်နယ် တိရစ္ဆာမွေးမြူရေးနှင့် ကုသရေးဌာန (AH&Vety) ဝန်ကြီး Dr K Beichhua ကလည်း လွန်ခဲ့သော ၂၀၁၃၊ ၂၀၁၆ခု နှင့် ၂၀၁၈ ခုနှစ်များတွင် မြန်မာဝက် များတွင် PRRS ခေါ် ဝက်ရောဂါဖြစ်ပွားခဲ့ပြီး ပြည်သူများ အခက်တွေ့ရကြကြောင်း၊ ယခုလို မီဇိုရမ်တွင် ဝက်သား ရှားပါးလာရခြင်းမှာ အဆိုပါ ဝက်ရောဂါကြောင့်ဟု ဆိုသည်။

ယခုနှစ်တွင်လည်းမန်မာနိုင်ငံမှာ PRRS ဝက်ရောဂါထက်ကြာက်မက်ဖွယ်ကောင်းသော ဝက်ရောဂါ African Swine Fever (ASF) ထပ်မှန်ဖြစ်ပွားခဲ့သောကြောင့် ယခုလို တားမြစ်ပိတ်ပင်ရခြင်းဖြစ်ပြီး အဆိုပါ African Swine Fever (ASF) ခေါ် ဝက်ရောဂါမှမီဇိုရမ်ပြည်နယ်ကို ကာကွယ်တဲ့အနေဖြင့် ၂၀၁၉ ခုနှစ် ဇွန်လ ၁၉ ရက်နေစ၍ မန်မာဝက်များ မီဇိုရမ်ပြည်နယ်သို့ တင်သွင်းခွင့်ကို အချိန် အကန့်အသတ်မရှိ ပိတ်ပင်ထားခြင်းဖြစ်သည်ဟု ဝန်ကြီး Dr K. Beichhua ကပြောသည်။

ထို့ကြောင့်ယခုလောလောဆယ်တွင် မြန်မာနိုင်ငံဘက်မှဝက်များ တင်သွင်းခွင့် မပြုနိုင်သေးသော်လည်း အိန္ဒိယနိုင်ငံ အတွင်း အခြားသောပြည်နယ်များမှ ဝက်များကိုမူ တင်သွင်းခွင့်ရှိသည်ဟု ဝန်ကြီးက ဆက်ပြောသည်။

အစိုးရတပ်နှင့် မွန်ပြည်သစ်တပ် ပစ်ခတ်၊ ဘုရားသုံးဆူ နယ်စပ်ဂိတ် ပိတ်

ကေအိုင်စီ

အစိုးရတပ်နှင့် မွန်ပြည်သစ်ပါတီ တပ်ဖွဲ့ဝင်များ ကြာအင်းဆိပ်ကြီးမြို့နယ်ဘုရားသုံးဆူမြို့တောင်ဘက်ထိုင်း-မြန်မာ နယ်စပ်ဒသအခေါ် ဂျပန်ရေတွင်းအနီး၌ နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ပစ်ခတ်မှုဖြစ်ပွားခြင်းကြောင့် ဘုရားသုံးဆူ နယ်စပ်ဂိတ်နှင့် စာသင်ကျောင်းများအားလုံး ပိတ်ထားရသည်ဟု ဘုရားသုံးဆူမြို့ခံများက ကအိုင်စီသို့ ပာသည်။

“ဂျပန်ရေတွင်းအနီးမှာ ခုထိပစ်နေတုန်းပဲ။ နယ်စပ်လမ်း ပိတ်ထားတယ်၊ မပေးသွားတော့ဘူး။ လက်နက်အကြီးအသေး ပစ်ကြတာ ခုကြားနေရတယ်။ မြို့ပေါ်မှာ ဆိုင်ကယ်တောင် တစ်စီးမှ မသွားလာတော့ဘူး” ဟု ဘုရားသုံးဆူမြို့နေ ဦးခိုင်ဝင်းက နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ကအိုင်စီသို့ ပြောသည်။

နှစ်ဖက်ပစ်ခတ်မှုကြောင့်မန်မာ-ထိုင်း နယ်ခြားရေးရာ ဘာသာပြန် ဆောင်ရွက်ပေးနေသူကိုခင်မောင်ဝင်း၏ မျက်ခုံးစောင်းတွင် သနတ်ကျည်ထိမှန်ကာ ထိုင်း နိုင်ငံ ကန်ဘူရီဆေးရုံသို့ပို့ဆောင်ထားရပြီး ဘုရားသုံးဆူ-ကြာအင်းဆိပ်ကြီး လမ်းမကြီး တစ်လျှောက် ခရီးသွားပြည်သူများ သွားလာမှု ယာယီ ပြတ်တောက်သွားသည်ဟု ဘုရားသုံးဆူမြို့သို့ ယာဉ်လိုင်းပြေးဆွဲသူများက ပာသည်။

ပစ်ခတ်မှုဖစ်ရခြင်းသည် ထိုင်းနိုင်ငံဘက်က အဆောက်အဦး ကျူးကျော်ဆောက်ထားသည်ဟုဆိုကာ အစိုးရတပ်မတော် ဘက်မှ သွားရောက်စစ်ဆေးနေစဉ် မွန်ပြည်သစ်ပါတီဘက်မှ ပစ်ခတ်ခြင်းဖြစ်သည်ဟုဘုရားသုံးဆူမြို့ အစိုးရ တာဝန်ရှိသူထံမှ သိရသည်။

ယခုဖြစ်စဉ်အပေါ် အတည်ပြုနိုင်ရန်မွန်ပြည်သစ်ပါတီမှ တာဝန်ရှိသူများကိုကအိုင်စီက ဖုန်းဖြင့် ဆက်သွယ်သော်လည်း ဆက်သွယ်၍ မရသေးခြင်းကြောင့် သီးခြားအတည်ပြုနိုင်ခြင်းမရှိ ဖြစ်နေသည်။

“ ဂျပန်ရေတွင်းမှာ ခုထိ မွန်နဲ့ပစ်နေတုန်းပဲ။ မွန်က အရင်ပစ်တယ်။ နယ်မြေ ရှင်းလင်းနေတုန်းပဲ။ ထိခိုက်မှုရှိတယ်” ဟု ပစ်ခတ်မှု အခြေအနေကို အစိုးရ နယ်ခြားစောင့်တပ်ဘက်မှ အမည်မဖော်လိုသည့်ဗိုလ်ကြီးအဆင့်ရှိသူတစ်ဦးက ကအိုင်စီသို့ ပြောသည်။

မွန်ပြည်သစ်ပါတီအနေဖြင့် ဦးသိန်းစိန်အစိုးရလက်ထက်တွင် တပ်မတော်နှင့် ပဋိပက္ခဖြစ်ခဲ့ပြီး ဒဒိန်၊ တာင်ကလေး၊ ထီဖိုးနိုင်း၊ အဘစ်နှင့် အခြားနယ်မြေခံဂိတ်များ လက်လွတ်ဆုံးရှုံးခဲ့ရဖူးသည်။

ယခု NLD အစိုးရလက်ထက်တွင် တစ်နိုင်ငံလုံးအပစ်ခတ်ရပ် စဲရေး NCA လက်မှတ်ရေးထိုးခဲ့ပြီးနောက် ခွဲထွက်DKBA ကရင်အဖွဲ့၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) တို့နှင့် မကြာခဏ ထိတွေ့ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။

စစ်ပဋိပက္ခနယ်မြေတွင် အကြမ်းဖက်ခံရသည့်အမျိုးသမီးများ တရားမျှတမှု မရရှိသေး

သျှမ်းသံတော်ဆင့်

စစ်ပဋိပက္ခ နယ်မြေ အတွင်း အကြမ်းဖက်ခံရသည့် အမျိုးသမီးများ တရားမျှတမှု ရရှိရန် ခက်ခဲနေသေးကြောင်း သိရသည်။

စစ်ပဋိပက္ခ အတွင်း ဖစ်ပွားသည့် အကြမ်းဖက်မှုအခြေအနေများကို တရားမျှတမှု ရရှိစေရန် ပစ်ဒဏ်ကင်းလွတ်ခွင့် များရပ်တန့်ပေးရန်လည်း အမျိုးသမီးအဖွဲ့ချုပ် (မြန်မာနိုင်ငံ) WLB ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

“တရားမျှတမှုရရှိရေးပစ်ဒဏ်ကင်းလွတ်ခွင့်များရပ်တန့်ပေး” ဆောင်ပုဒ်ဖြင့် အခမ်းအနားကိုနိုဝင်ဘာ ၂၅ ရက် ကျရောက်သည့် ငံငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့ အနေဖြင့် သျှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံ မြို့ တွင် ကျင်းပသည်။

ထိုအခမ်းအနားကို လားဟူ အမျိုးသမီးအဖွဲ့အစည်း၊ သျှမ်း အမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေး အသင်း (SWAN) ၊ မိတ်ဖက် အဖွဲ့အစည်း ဖစ်သည့် ကျိုင်းတုံ လူငယ်စင်တာ တို့နှင့် ပူးပေါင်း ကာ အမျိုးသမီးအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။

လက်ရှိ သျှမ်းပြည်နယ်၊ ကချင်ပြည်နယ် ၄ ရခိုင်ပြည်နယ်အတွင်း စစ်ပွဲ ပဋိပက္ခများဖြစ်ပွားရာဒေသများတွင် အာဏာပိုင်များ၊ ဩဇာအာဏာရှိသူများနှင့် လိင်ပိုင်း ဆိုင်ရာ ကျူးလွန်မှုများတွင် အကြမ်းဖက် မှု ကျူးလွန်သူများ ထိရောက်သည့် အပြစ်ပေးအရေးယူခံရခြင်းမရှိဘဲ ပစ်ဒဏ်မှ ဆက်လက် ကင်းလွတ်နေသည့်ဟု WLB ၏ ထုတ်ပြန်ချက် တွင်ရေးသားထားသည်။

အကြမ်းဖက်မှု ၄ ပတ်သက်ပြီး WLB အတွင်းရေးမှူး နော်ဆဲဆဲ က “ စစ်ပွဲ ဖစ်တဲ့ဒေသမှာ တိုင်းရင်းသား အမျိုးသမီးတွေ ပိုခံရတယ်။ စစ်ပွဲ အတွင်းမှာ လက်နက်ကိုင် အာဏာပိုင်းတွေက တိုင်းရင်းသား အမျိုးသမီးတွ ပစ်မှုကျူးလွန်တာ တွေရှိတယ်” ဟု ကျိုင်းတုံမြို့ တိုင်းလို ခန်းမဆောင်တွင် ပြုလုပ်သည့် အခမ်းနားတွင် ပြောကြားသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် အမျိုးသမီးများအကြမ်းဖက်ခံရမှု၊ မုဒိမ်းမှု နှင့် အခြား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုများသည် နေရာ အနှံ့ကြုံတွေ့ နေရကြောင်း သိရသည်။

၂၀၁၈-၂၀၁၉ ခုနှစ်တွင် WLB ၏ အကြမ်းဖက်မှု မှတ်တမ်းအရ ၂၃၈ မှုရှိပြီး တရားမျှတမှု မရရှိကြောင်း သိရသည်။

“မြန်မာပြည် အနှံ့မှာ မုဒိမ်းမှုတွေ၊ အကြမ်းဖက်မှတွတိုးလာတယ်။ ဒါက တရားမျှတမှုအတွက် တရားစိုးမှုကအားနည်းနေတယ်” ဟုနော်ဆဲဆဲကဆိုသည်။

ထို့ပြင် ယခုနောက်ပိုင်း အမျိုးသမီးပေါ်အကြမ်းဖက်မှုတွင် လူငယ်အချင်းချင်းကြား၊ ချစ်သူအချင်းချင်းကြား ကာမလိမ်ညာမှုရှိလာကြောင်း၊ ထို့ပြင် အမျိုးသမီးများပေါ်ကျူးလွန်သည့် မုဒိမ်းမှုများဖြစ်လာပါက ပိုက်ဆံဖြင့် ဖြေရှင်းနေကြသည်ကို တွေ့မြင်ရကြောင်းလည်း အမျိုးသမီးအရေး ဆောင်ရွက်သူများက ပြောသည်။

WLB သည် “ တရားမျှတမှု ရရှိရေးပစ်ဒဏ်ကင်းလွတ်ခွင့်များ ရပ်တန့်ပေး” ဟူသည့်ဆောင်ပုဒ်နှင့်အညီ အမျိုးသမီး အပေါ် အကြမ်းဖက်မှု ပပျောက်ရန်၊ တရားမျှတမှု ရရှိရန်၊ ပြည်တွင်းစစ် ရပ်တန့်ရန်၊ စစ်မှန်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရန်နှင့် ကျားမတန်းတူရေးမှတဆင့် ဆက်လက်ကြိုးစားသွားမည်ဟုလည်း ထုတ်ပြန်ချက်တွင်ရေးသား ထားသည်။

ကမ္ဘာ့ဘဏ်၏ လူထုစီမံကိန်းအပေါ် လူမှုအဖွဲ့အစည်း ပေါင်း ၅၀ ကန့်ကွက်

ကေအိုင်စီ

ကမ္ဘာ့ဘဏ်၏ချေးငွေ အစီအစဉ်ဖြင့်မြန်မာနိုင်ငံအရှေ့ပိုင်း ပဋိပက္ခသည်ဒေသများတွင် အကောင်အထည်ဖော် သွားမည့် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေး လူထုစီမံကိန်း (Peaceful and Prosperous Communities Project-PPCP)ကို ပြည်တွင်း၊ ပြည်ပ လူမှုအဖွဲ့အစည်းပေါင်း ၅၀ က လက်မှတ်ထိုးကန့်ကွက်လိုက်ကြောင်း ကရင်ငြိမ်းချမ်းရေးအထောက်အကူပြု ကွန်ယက် (KPSN)က ပြောသည်။

နေပြည်တော်ဗဟိုအစိုးရနှင့်ကမ္ဘာ့ဘဏ်အကြား ဆွေးနွေးညှိနှိုင်းခဲ့သည့် အမေရိကန်ဒေါ်လာ သန်း၂၅၀ သုံးစွဲကာ အကောင်အထည်ဖော်မည့် ၎င်းစီမံကိန်းသည် ပဋိပက္ခကိုသာ ပိုမိုဆိုးရွားစေလိမ့်မည်ဟု KPSN ကဆိုသည်။

KPSNပြောခွင့်ရန်ဝါးခူရီးက “ကျမတို့မင်တာကလက်ရှိအခြေအနေအရလက်နက်ကိုင်ပဋိပက္ခကလည်း ရှိနေတုန်း၊မြန်မာအစိုးရကလည်း ဒီမိုကရေစီအစိုးရပြည့်ပြည့်ဝဝ မရှိသေးဘူး။ ဗဟိုအစိုးရရဲ့အုပ်ချုပ်မှုယန္တရားကို တိုင်းရင်းသားဒသတွေမှာ လာပြီးတိုးချဲ့ချင်တဲ့ ရည်ရွယ်ချက်အပြင် ပဋိပက္ခလည်း ပိုတိုးလာမှာဖစ်သလို လူ့အခွင့်အရေး ချိုးဖောက်မှုတွေလည်းများလာမယ်” ဟု ဝင်ဘာ ၂၅ရက်တွင် ကေအိုင်စီသို့ ပြောသည်။

ဖွံ့ဖြိုးရေး စီမံကိန်းများကိုဒသခံတိုင်းရင်းသားများ အနေဖြင့် လိုချင်သော်လည်း လက်ရှိ တည်ငြိမ်မှုအပေါ် အာမခံချက်ပေးနိုင်သည့်နိုင်ငံရေး ပြဿနာဖြေရှင်းမှု မရှိသေးသည့်အတွက် အကောင်အထည်ဖော်သင့်သည့် အချိန် မဟုတ်ဟုလည်း နော်ဝါးခူရီးက ဆက်ပြောသည်။

ကမ္ဘာ့ဘဏ်ကမူ အဆိုပါစီမံကိန်းသည် မြန်မာပြည်၏ ပဋိပက္ခခံစားနေရသည့်ဒသရှိလူအဖွဲ့အစည်းများအတွက် စီးပွားရေးအခွင့် အလမ်းများနှင့်ဝန်ဆောင်မှု အရည်အသွေးများကို မြှင့်တင်ပေးရန်ရည်ရွယ်သည်ဟု ဟဆိုထားသည်။

သို့သော် ကမ္ဘာ့ဘဏ်က စီမံကိန်းနှင့် ပတ်သက်၍ အစိုးရနှင့်သာ ညှိနှိုင်းခဲ့သလို အကောင်အထည်ဖော်ရာတွင် အစိုးရစိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများကသာ လုပ်ဆောင်မည်ဖစ်သည့်အတွက် တိုင်းရင်းသားနယ်မြေများသို့ အုပ်ချုပ်ရေးတိုးချဲ့ခြင်းသာ ဖြစ်စေသည်ဟု KPSN က ထောက်ပြပြောဆိုသည်။

ထို့အပြင် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေး လူထုစီမံကိန်းတွင် သုံးစွဲမည့် ဒေါ်လာ ၂၅၅ သန်းကို ကမ္ဘာ့ဘဏ် သို့ပန်ဆပ်ရမည်ဖြစ်သည်။ စီမံကိန်းကို ၂၀၁၈ ခုနှစ်တွင် နေပြည်တော်၌ မြန်မာနိုင်ငံရရှည် ဖွံ့ဖြိုး တိုးတက်ရေးအစီအစဉ်မူဘောင်အတွင်းအစပျိုးရေးဆွေးနွေးခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ပဋိပက္ခဖြစ်ရခြင်း အကြောင်း အရင်းများတွင် ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျခြင်းသည် အဓိကပါဝင်သည်ဟု မူဘောင်တွင် ဖော်ပြထားသည်။

သို့သော်ပြည်တွင်းစစ်ဖစ်ပွားခြင်းသည် ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျခြင်းကြောင့် မဟုတ်ဘဲတန်းတူ ညီမျှအာဏာ ခွဲဝေကျင့်သုံးမှု မရှိခြင်းကြောင့် အဓိကဖြစ်ပြီး ၎င်းအချက်ကို ၂၀၁၈ ဖွဲ့စည်းပုံအခြေခံဥပဒေက ပိုမိုဆိုးရွားစွာ ဆက်လက်တည်တံ့နစေသည်ဟု KPSN က တုံ့ပြန် ပြောသည်။

စီမံကိန်းသည်ပဋိပက္ခ ခံစားခဲ့ရသည့် မွန်၊ ကရင်၊ ကရင်နီ (ကယား) စသည့်ဒသများတွင် အခြေခံအဆောက်အအုံများ စီးပွားရေးစျေးကွက်ဖန်တီးမှုနှင့် ဝန်ဆောင်မှု ပေးသည့် အစီအစဉ်များပါဝင်သည်။

စီမံကိန်း အကောင်အထည်ဖော်ရန်ဆိုင်ရာ ပြည်နယ် အစိုးရ တာဝန်ရှိသူများ၊ တိုင်းရင်းသား လူမှုအဖွဲ့အစည်း အနည်းငယ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်တချို့နှင့်တွဲ့ဆုံမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ကရင်နီ လူ့အခွင့်အရေးအဖွဲ့ပြောခွင့်ရဗညားက “ လုပ်ငန်းဖော်ဖို့ ကနဦး ကွင်းဆင်းတဲ့ပုံစံမျိုးနဲ့ကျနော်နဲ့တော့ လာတွေ့သွားတယ်။ လွိုင်ကော်မှာပါ။ ဒါပေမဲ့ ကျနော်တို့ တစ်ဖွဲ့ထဲ အဓိက လာတွေ့တာဖြစ်ပြီးတော့မှ ကျန်တဲ့လူမှုအဖွဲ့အစည်း အများစုနဲ့ အထူးသဖြင့် ဖွံ့ဖြိုးရေးလုပ်နေတဲ့ အစုအဖွဲ့တွေ ငြိမ်းချမ်းရေးလုပ်နေတဲ့ အစုအဖွဲ့တွေနဲ့ တွေ့သွားတာ မရှိပါဘူး။ ကျနော်ဒို့ကို လာတွေ့သွားတာက ဒုက္ခသည်နေရာပြန် လည်ချထားရေးကိစ္စနဲ့ ဆက်စပ်ပြီးတော့ လာတွေ့သွားတာပဲရှိပါတယ်” ဟု ကေအိုင်စီသို့ ပြောသည်။

ထိုသို့တွေ့ဆုံရာတွင် အဆိုပါ စီမံကိန်းသည့်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကိုဖော်ဆောင်မည့်အပြင် ဒုက္ခသည်ပြန် လည်ထူထောင်ရေး လုပ်ငန်းစဉ်စီမံကိန်းများပါနိုင်ရန်ဆိုသည့် အချက်ကိုသာ ဆွေးနွေးပြီးအဆိုပါ ငွေကြေးချးယူမှုပုံစံ၊ ပြန်လည်ပေး ဆပ်ရမည့် ပုံစံနှင့် မည်သူမည်ဝါ ကိုင်တွယ်သွားမည်နှင့် CSOအဖွဲ့အစည်းများ၏ ပါဝင်မှုအခန်းကဏ္ဍများကို လုံးဝ မသိရှိရဟု ဗညားက ဆက်ပြောသည်။

ထို့အပြင် ပဋိပက္ခပိုမို ဆိုးရွားစေမည့် မည်သည့် စီမံကိန်းများကို မဆိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ နောက်ပိုင်းမှသာ လုပ်ဆောင်ရန်နှင့်ဒေသခံလူမှုအဖွဲ့ အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အစိုးရတို့ ဆွေးနွေးမှုများ ပါဝင်ရန်လို အပ်ပြီး ဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲရာတွင် ဌာနေတိုင်းရင်းသား အခွင့်အရေးကို မဖြစ်မနေ လေးစားရမည်ဟု KPSN ၏ ထုတ်ပြန်ချက်၌ အကြံပြုထားသည်။

စီမံကိန်း ပထမ သုံးနှစ်ကာလတွင် မွန်၊ ကရင်၊ ကရင်နီ(ကယား)ပြည်နယ်၊ ပဲခူးနှင့် တနင်္သာရီတိုင်းဒေသကြီး များကိုရွေးချယ်ထားပြီး အကောင်အထည်ဖော်မှု ဒုတိယနှစ် အကုန်တွင် ဆန်းစစ်မှု ပြုလုပ်ကာ ငြိမ်းချမ်းရေး ဖြစ်စဉ်အပေါ် မူတည်၍ ရွမ်း၊ ကချင်ပြည်နယ်နှင့် ဖြစ်နိုင်ခြေရှိသည့် ဒေသများတွင် ချဲ့ထွင်မည်ဟု သိရသည်။

လူမျိုးရေးခွဲခြားမှုကို ဆန့်ကျင်သည့် အောင်ပွဲခံမှုကို ပြုလုပ်ခဲ့သည့် ဒီဂျောင်နှင့် ဝှစ်ချ်နယ်ဒန်

ဘုန်းကြီး

ဟော်လန်အသင်းနှင့် အက်စတိုနီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည့် ၂၀၂၀ ယူရို ခြေစမ်းပွဲတခုတွင် ဟော်လန်ကစားသမားများ ဖြစ်ကြသည့် ဒီဂျောင်နှင့် ဝှစ်ချ်နယ်ဒန်တို့သည် လူမျိုးရေးခွဲခြားမှုကို ဆန့်ကျင်သည့် ထူးခြားသည့် အောင်ပွဲခံမှုတခုကို ပြုလုပ်ခဲ့သည်။

ဟော်လန်အသင်းက အက်စတိုနီးယားအသင်းကို ၅ ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ယင်းပွဲတွင် ဝှစ်ချ်နယ်ဒန်၏ ပွဲချိန် ၆ မိနစ်တွင် ဂိုးသွင်းယူခဲ့အပြီးတွင် ဝှစ်ချ်နယ်ဒန်က ဒီဂျောင်ကိုခေါ်ကာ သူ၏ လက်မောင်းနှင့် ဒီဂျောင်၏ လက်မောင်းကို ကိုယ်စီ လက်ညှိုးထိုးပြကာ အောင်ပွဲခံခဲ့သည်။

ကနဦးတွင် ယင်းအောင်ပွဲခံမှုကို ပရိသတ်များကို ရွှုပ်ထွေးစေခဲ့သော်လည်း ပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ဝှစ်ချ်နယ်ဒန်က ယင်းအောင်ပွဲခံမှုသည်လူမျိုးရေးခွဲခြားမှုကို ဆန့်ကျင်ကြောင်း ပြသလိုသည့် အဓိပ္ပာယ်ဖြင့်ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်းပြန်လည်းရှင်းလင်းခဲ့သည်။

ယင်းအပြင်ဘောလုံးလောကတွင်လက်တလော အသားရောင် ခွဲခြားမှုနှင့် လူမျိုးရေးခွဲခြားမှုများ ပြင်းထန်စွာ ဖြစ်ပေါ်လျက်ရှိသည်ကိုလည်း မီးမောင်းထိုးပြလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ဝှစ်ချ်နယ်ဒန်သည် မိမိသာ ကွင်းထဲတွင် ဘောလုံးကစား နေချိန်အတွင်း အသားရောင်ခွဲခြားမှုနှင့် လူမျိုးရေး ခွဲခြားမှုများကို ရင်ဆိုင်ရပါက ကွင်းတွင်းမှ ထွက်ခွာသွား မည်ဖြစ်ပြီး အသားရောင် ခွဲခြားမှုနှင့် လူမျိုးရေး ခွဲခြားမှုများကို ရှက်ရွံ့ကြောင်လည်း ပြောကြားခဲ့သည်။

ယခု ၂၀၁၉၂၀၂၀ဘောလုံးရာသီတွင်နာမည်ကြီး ဘောလုံးအသင်းများနှင့် ကစားသမားတွေကိုပါ ဆက်တိုက်ဆိုသလို အသားရောင် ခွဲခြားမှုနှင့် လူမျိုးရေး ခွဲခြားမှုများ ဖြစ်ပေါ်လျက်ရှိရာ နိုင်ငံတကာ ဘောလုံးလိဂ်များမှလည်း အသားရောင် ခွဲခြားမှုနှင့် လူမျိုးရေး ခွဲခြားမှုများကို ဆန့်ကျင်သည့် လှုပ်ရှားမှု အမျိုးမျိုးကို ပြုလုပ်လျက်ရှိသည်။

REF: Dailymail

ကမ္ဘာ့လစာ အများဆုံး ရရှိသည့် ဘောလုံးသမား ၅ ဦး အကြောင်း

ဘုန်ဒီ

ဘောလုံးလောကဟာ ငွေကြေးအမြောက်အမြား ရင်းနှီးမြှုပ်နှံထားကြတဲ့ အားကစားနည်း တစ်မျိုး ဖြစ်ပါတယ်။ နာမည်ကြီး ဥရောပ လိဂ်တွေများ ကစားနေကြတဲ့ နာမည်ကြီး ကစားသမားတွေလည်း ၁ လကို ပေါင် သန်းနဲ့ ချိန် ရရှိနေကြပါတယ်။

ယခု တစ်ကြိမ်မှာတော့ ကမ္ဘာ့လစာ အများဆုံး ဘောလုံးသမားတွေရဲ့ လခဝင်ငွေ အသေးစိတ်ကို ဖော်ပြတင်ဆက်ပေးလိုက်ပါတယ်။

၁. မတ်ဆီ (တစ်ပတ် ပေါင် ၉ သိန်း)

သမိုင်းတစ်လျှောက်အကောင်းဆုံး ဘောလုံးသမားလို့ သတ်မှတ်ကြတဲ့ ဘာစီလိုနာ အသင်းခေါင်းဆောင် လီယိုနယ် မတ်ဆီဟာ တစ်ပတ်ကို ပေါင် ၉ သိန်း ရရှိပါတယ်။ ဒါကြောင့် တစ်လကို မျှမ်းမျှ ပေါင် ၃.၆ သန်းအထိရရှိနေပြီး တစ်နှစ်ကို လုပ်ခလစာ ပေါင် ၄၃.၂ သန်းခန့် ရရှိနေကာ ကမ္ဘာတွင် လစာအများဆုံး ရရှိသည့် ဘောလုံး သမားများထဲတွင် နံပါတ် ၁ နေရာတွင် ရပ်တည်နေသည်။

၂. စီ ရိုနယ်ဒို (တစ်ပတ် ပေါင် ၈.၅ သိန်း)

မတ်ဆီရဲ့ မဟာပြိုင်ဘက် ရိုနယ်ဒိုဟာ လစာမှာတော့ မတ်ဆီကို ပေါင်း ၅ သောင်း ပိုနည်းပြီး ရရှိကာ နံပါတ် ၂ နေရာမှာ ရပ်တည်နေပါတယ်။ ရိုနယ်ဒိုဟာ တစ်ပတ်ကို ပေါင် ၈.၅ သိန်းရရှိနေသောကြောင့် တစ်လကို ပေါင် ၃.၄ သန်း ရရှိလို့ နေပါတယ်။ တစ်နှစ်ကိုတော့ ပေါင် ၄၀.၈ သန်းခန့် ရရှိနေကာ နံပါတ် ၂ နေရာတွင် ရပ်တည်နေသည်။

၃. အန်တိုနီယို ဂရစ်ဇ်မန် (တစ်ပတ် ပေါင် ၇.၂၅ သိန်း)

မတ်ဆီရဲ့ အသင်းဖော်ဖြစ်တဲ့ အန်တိုနီယို ဂရစ်ဇ်မန်ဟာ တစ်ပတ်ကို ပေါင် ၇.၂၅ သိန်း ရရှိနေကာ နံပါတ် ၃ နေရာတွင် ရပ်တည်နေသည်။ တစ်လကို ပေါင် ၂.၉ သန်း ရရှိနေပြီး တစ်နှစ်ကို ၃၄.၈ သန်း ရရှိနေသည်။

၄. နေမာ (တစ်ပတ် ပေါင် ၆.၇၅ သိန်း)

ဘရာဇီး စူပါစတား ကစားသမား နေမာဟာ ပြောင်ရွှေ့ကြေး အမြောက်အမြားနဲ့ ဘာစီလိုနာကနေ ပီအက်ဂျီကို ပြောင်းရွှေ့ခဲ့အပြီးမှာတော့ တစ်ပတ်ကို ပေါင် ၆.၇၅ သိန်း ရရှိပါတယ်။ တစ်လ ဆိုရင်တော့ ပေါင် ၂.၇ သန်း ရရှိပါတယ်။ တစ်နှစ်ဆိုရင် ပေါင် ၃၂.၄ သန်း အထိ ရရှိနေပါတယ်။

၅. လူးဝစ် ဆွာရက် (တစ်ပတ် ပေါင် ၆.၂၅ သိန်း)

မတ်ဆီရဲ့ အသင်းဖော် နောက်တစ်ယောက်ဖြစ်တဲ့ ဆွာရက်ဟာ တစ်ပတ်ကို ပေါင် ၆.၂၅ ရရှိပြီး နံပါတ် ၅ နေရာမှာ ရပ်နေပါတယ်။ ဆွာရက်ရဲ့ တစ်လ လုပ်ခလစာဟာ ပေါင် ၂.၅ သန်းရှိပြီး တစ်နှစ်ကို ပေါင်သန်း ၃၀ ရရှိပါတယ်။

ယခုတွတ်ချက်ပေးထားသော နှုန်းထားသည် အခြားသော ဆုကြေးများအပြင် ကြေငြာနှင့် ပုံရိပ်အသုံးပြုခွင့်တို့မှ ရရှိလာသည့် ဝင်ငွေများကို ထည့်တွက်ထားခြင်း မရှိပါ။ သက်ဆိုင်ရာ ကစားသမားတို့၏ ကလပ်အသင်းများမှ ပေးအပ်သည့် ပုံမှန် လစာငွေကို အခြေခံ တွက် ချက်ထားခြင်း ဖြစ်ပါသည်။

REF: https://www.thesun.co.uk/

ပရိသတ်တွေ သူ့ကို ယုံကြည်ပေးဖို့ တောင်းဆိုလိုက်သည့် ဂရစ်ဇ်မန်

ဘုဒီ

စပိန် လာလီဂါကလပ်အသင်းဖြစ်သည့် အက်သလက်တီကိုအသင်းကနေ ပြည်တွင်း အင်းအားကြီး ပြိုင်ဘက်အသင်းဖြစ်သည့် ဘာစီလိုနာအသင်းကို ပြောင်းရွှေ့ခဲ့သည့် အန်တိုနီယို ဂရစ်ဇ်မန်သည် ပရိသတ်များအနေဖြင့် မိမိကို ယုံကြည်မှု ပေးကြပါရန် တောင်းဆိုမှု ပြုလုပ်ခဲ့သည်။

ကန်တလန်အခြေစိုက်အသင်းတွင် ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရသည့် ဂရစ်ဇ်မန်သည် မိမိအနေဖြင့် လက်ရှိအသင်းနှင့် လျင်လျင်မြန်မြန် အသားကျရန် အခက်အခဲများ ကြုံတွေ့နေရသောကြောင့် ယခုလို တောင်းဆိုခဲ့ခြင်း ဖြစ်သည်။

ယင်းအပြင် ဘာစီလိုနာအသင်းသည် သူ၏ အသင်းဟောင်း အက်သလက်တီကိုအသင်းနှင့် နှိုင်းယှဉ်လျှင် ကွဲပြားခြားနားပြီး အသားကျရန် မလွယ်ကူကြောင်းလည်း သတင်းမီဒီယာတခုနှင့် သီးသန့်အင်တာဗျူး တခုတွင် ဝန်ခံပြောကြားခဲ့သည်။

ယခင်နွေရာသီအပြောင်းအရွှေ့၏ရေပန်းအစားဆုံးအပြောင်းအရွှေ့တခုဖြစ်ခဲ့သည့် ကမ္ဘာ့ဖလား ချန်ပီယံ ဂရစ်ဇ်မန်၏ အပြောင်းအရွှေ့တွင် ချောမွေ့စွာ ပြီးမြောက်ခဲ့ခြင်းမရှိကြောင်းလည်း သိရသည်။

ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၂၀ ဖြင့် အက်သလက်တီကိုအသင်းနှင့် စာချုပ်ဖျက်သိမ်းကာ ဘာစီလိုနာကို ရောက်ရှိလာသည့် ဂရစ်ဇ်မန်သည် အသင်းသစ်အတွက် ၁၇ ပွဲ ကစားပေးထားပြီး ၅ ဂိုးသွင်းယူပေးထားသည်။

REF: www.fcbarcelona.com/

မန်ယူနိုက်တက်အသင်း မန်စီးတီးအသင်း၏ ဝင်ငွေရရှိမှုနှုန်းကို လိုက်မှီခြင်း ခံရ

ဘုဒီ

မန်ချက်စတာစီးတီးအသင်းသည် အစဉ်အလာကြီးမားသည့် မြို့ခံပြိုင်ဘက်များဖြစ်ကြသည့် မန်ချက်စတာ ယူနိုက်တက်ကို ဆယ်စုနှစ်တစ်ခုအတွင်း ပထမဆုံးအကြိမ်အဖြစ် ဝင်ငွေရရှိမှုနှုန်းကို လိုက်မှီခဲ့ပြီဖြစ်သည်။

၂၀၀၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ၁၀ ကျော်စာ နှိုင်းယှဉ်ထားသည့် ဝင်ငွေရရှိမှုနှုန်းပြ ဇယားအရ လွန်ခဲ့သည့် ၁၀ နှစ်ခန့်တွင် မန်ယူနိုက်တက်နှင့် မန်စီးတီးတို့ ဝင်ငွေရရှိမှုနှုန်းသည် နှစ်စဉ် ပေါင်သန်း ၂၀၀ နီးပါး ကွာဟနေ ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် လိုက်မှီခဲ့ပြီဖြစ်ကြောင်း သိရသည်။

ချန်ပီယံလိဂ်ဝင်ခွင့် လွဲချော်နေခဲ့သောကြောင့် ဝင်ငွေမြောက်မြားစွာ ဆုံးရှုံးခဲ့ရသည့် မန်ချက်စတာယူနိုက်တက်အသင်း၏ ဝင်ငွေသည် လွန်ခဲ့သည့် ဆယ်စုနှစ်က နှုန်းထားထက် သိသိသာသာ ကျဆင်းလာပြီး မန်ချက်စ တာစီးတီးအသင်းကလည်း ပူးမား ကုမ္ပဏီနှင့် ပေါင်သန်း ၆၅၀ တန် ဂျာစီ စပွန်ဆာသစ် စာချုပ်သစ်တခုကို ချုပ်ဆိုနိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ ဝင်ငွေရရှိမှု နှုန်းထားကို လိုက်မှီခဲ့ခြင်း ဖြစ်သည်။

စာရင်းဇယားများအရမန်ယူနိုက်တက်အသင်းသည် ယခင်ဘောလုံးရာသီက ဝင်ငွေ ပေါင်သန်း ၆၇၁ သန်း ရှိခဲ့သော်လည်း ယခုနှစ်တွင် ပေါင်သန်း ၅၆၀ သာ ရရှိတော့မည့် အခြေအနေနှင့် ကြုံတွေ့နေရသည်။

မန်ချက်စတာစီးတီးအသင်းသည် အဘူဒါဘီ အာရပ်စော်ဘွားတွေ ပိုင်ဆိုင်ပြီး နောက်ပိုင်းတွင် အသင်းကို အင်းအားကြီးအသင်းဖြစ်လာရန်ငွေကြေးအကုန်ကျခံ တည်ဆောက်ခဲ့ပြီး ဆုဖလား အောင်မြင်မှုအပြင် ဘဏ္ဍာဝင်ငွေအပိုင်းတွင်လည်း သိသိသာသာ တိုးတက်လာသည်ကို တွေ့ရသည်။

REF: DVB

ဘာစီလိုနာအတွက် ပွဲ ၇၀၀ ပြည့် ကစားသည့်ပွဲတွင် မတ်ဆီ စံချိန်သစ် တင်

ဘုဒီ

စပိန် လာလီဂါကလပ် ဘာစီလိုနာအတွက် ကစားသမားဘဝ တစ်လျှောက် ပွဲ ၇၀၀ ပြည့် ကစားခဲ့ပြီဖြစ်သည့် မတ်ဆီသည် ယင်းပွဲတွင် ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ချန်ပီယံလိဂ်တွင် မတူသည့် ပြိုင်ဖက်အသင်း ၃၄ သင်းကို ဂိုးသွင်းယူနိုင်သည့် ပထဆုံး ကစားသမားဆိုသည့် မှတ်တမ်းသစ်တခုကို စိုက်ထူနိုင်ခဲ့သည်။

အသက် ၃၂ နှစ်အရွယ် မတ်ဆီသည် ဒေါ့မွန်နှင့် နိုဝင်ဘာလ ၂၈ ရက်နေ့က ကစားခဲ့သည့် ချန်ပီယံလိဂ် အုပ်စုပွဲတွင် ဘာစီလိုနာအသင်းအတွက် ပွဲ ၇၀၀ မြောက်ကစားပေးခဲ့တာဖြစ်ပြီး ၁ ဂိုးသွင်းယူကာ ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်ကာ မှတ်တမ်းသစ်တခုကို စိုက်ထူနိုင်ခဲ့ခြင်း ဖြစ်သည်။

ပွဲပေါင်း ၇၀၀ ပြည့်ခဲ့သည့် မတ်ဆီသည် ဘာစီလိုနာအသင်း၏ အကယ်ဒမီထွက်ဖြစ်ပြီးအသင်းအတွက် ၆၁၃ ဂိုးအထိ သွင်းယူထားနိုင်သည့် အံ့ဖွယ် ကမ္ဘာ့ အကောင်းဆုံးကစားသမားတစ်ဦးဖြစ်သည်။

ယခု ဘောလုံးရာသီတွင် မတ်ဆီသည် ၁၃ ပွဲကစားကာ သွင်းဂိုး ၁၀ ဂိုးနှင့် ဂိုးဖန်တီးမှု ၈ ကြိမ်ပြုလုပ်ထားကာ သူ၏ အကောင်းမွန်ဆုံး ခြေစွမ်းကို ဆက်လက် ထိန်းထားနိုင်သည့် ကစားသမား တစ်ဦးဖြစ်သည်။

အာဂျင်တီးနား အသင်းခေါင်းဆောင် မတ်ဆီသည် မကြာခင်ကြေ ညာတော့မည့် ballon d'or ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကိုလည်း စံချိန်တင် ဆွတ်ခူးရန် ရေပန်းစားနေသည်။

REF: www.fcbarcelona

ကြော်ငြာ ကိစ္စ ဆက်သွယ်လိုပါက ..... ဖုန်း – ၀၉၂၆၂၁၇၂၉၃၅

၂၀၀၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့

အောင်ကောင်းစံ ကိုယ်ပိုင်အထက်တန်းကျောင်း

အမှတ်(၆၀)၊စဝ်စံထွန်းလမ်း၊ဈေးရှေ့ရပ်ကွက်၊ဖယ်ခုံမြို့၊ (ဖုန်း) ၀၉-၄၂၈၁၃၆၀၄၂၇၊ ၀၉-၄၂၈၁၅၇၀၅၅

မသူဇာနွယ်(ရပ/၉၄)
မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ဇီဝ

မအက်စတာ(ရပ/၈၄)
သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ

မောင်အောင်ထွန်းမြင့်(ရပ/၁၀၃)
သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ

မောင်သက်ပိုင်စစ်(ရပ/၇၉၆)
သင်္ချာ၊ ဓာတု၊ ရူပ၊ ဘောဂ

မောင်သန်းဇော်မျိုး(ရပ/၈၃၆)
သင်္ချာ၊ ဓာတု၊ ရူပ

၂၀၁၇-၂၀၁၈ ပညာသင်နှစ် အောင်ကောင်းစံ ကိုယ်ပိုင်အထက်တန်းကျောင်း(ဖယ်ခုံမြို့) မှ တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရှင်များ

စဉ်	ခုံအမှတ်	အမည်	ဂုဏ်ထူးရဘာသာများ	နေရပ်လိပ်စာ
၁	ရပ/၉၄	မသူဇာနွယ်	မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ဇီဝ	စံကား၁ ညောင်ပင်သာ
၂	ရပ/၈၄	မအက်စတာ	သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ	မိုးနဲမြို့
၃	ရပ/၇၉၆	မောင်သက်ပိုင်စစ်	သင်္ချာ၊ ဓာတု၊ ရူပ၊ ဘောဂ	ညောင်ကုန်း(၅)၊ ဖယ်ခုံမြို့
၄	ရပ/၁၀၃	မောင်အောင်ထွန်းမြင့်	သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ	မိုင်းဆတ်မြို့
၅	ရပ/၀၃၆	မောင်သန်းဇော်မျိုး	သင်္ချာ၊ ဓာတု၊ ရူပ	ခေါင်းအိရွာ
၆	ရပ/၀၇	မတင်ဇာထွေး	သင်္ချာ၊ ဇီဝ	မင်းချောင်းရေသာရွာ
၇	ရပ/၇၂	မခြူးကောနိုင်	ဓာတု၊ ဇီဝ	လွိုင်ကော်မြို့
၈	ရပ/၈၈	မမျိုးမင်းထွေး	ဓာတု၊ ဇီဝ	ရွှေစမ်းရွာ
၉	ရပ/၉၀	မသီရိပြည့်ပြည့်ထွန်း	ဓာတု၊ ဇီဝ	တောင်ကြီးမြို့
၁၀	ရပ/၀၆၀	မလင်းလတ်ဝင်း	ဓာတု၊ ဘောဂ	ကရားရွာ(နောင်ဖိုး)
၁၁	ရပ/၁၀၂	မောင်စိုင်းကော်မြင့်	သင်္ချာ	ဟောက်မယ်မြို့
၁၂	ရပ/၇၈	မချောဒီဒီစံ	ဇီဝဗေဒ	စံကား၁ ဆည်ခေါင်း
၁၃	ရပ/၁၀၉	မကြူကြူလွင်	ဓာတုဗေဒ	ညောင်ကုန်း(၃)၊ ဖယ်ခုံမြို့
၁၄	ရပ/၇၇၆	မတင်ကြည်	ဘောဂဗေဒ	လဘီရွာ
၁၅	ရပ/၇၈၄	မမြပန်းနိုင်	ဘောဂဗေဒ	လဘီရွာ
၁၆	ရပ/၈၀၂	မောင်နိုင်ထူး	ဘောဂဗေဒ	လဘီရွာ
၁၇	ရပ/၈၂၄	မပန်းဖြူ	ဘောဂဗေဒ	လဘီရွာ
၁၈	ရပ/၈၇၄	မကေနိုင်ဦး	ဘောဂဗေဒ	လဘီရွာ
၁၉	ရပ/၈၂၆	မအေးသခင်ဖြူ	ဘောဂဗေဒ	ဈေးနောက်ရပ်ကွက်
၂၀	ရပ/၈၃၁	မဝင်းနုဒီမိုး	ဘောဂဗေဒ	စံကား၁ ညောင်ပင်သာ
၂၁	ရပ/၈၃၃	မမြဲမြဲမိုး	ဘောဂဗေဒ	ညောင်ကုန်း(၅)၊ ဖယ်ခုံမြို့
၂၂	ရပ/၈၆၃	မနန်းအေးသန်း	ဘောဂဗေဒ	လုံကာရွာ
၂၃	ရပ/၈၈၆	မငြိမ်းငြိမ်းထွေး	ဘောဂဗေဒ	ကရားရွာ(နောင်ဖိုး)
၂၄	ရပ/၁၁၂၆	မငွေသီ	ဘောဂဗေဒ	လွယ်ကျိုင်းရွာ
၂၅	ရပ/၂၀၆၅	မောင်စိုင်းစိုးသီဟ	ပထဝီ	ခေါင်းအိရွာ
၂၆	ရပ/၁၀၅၁	မတွယ်တာမိုး	ဘောဂဗေဒ	စံကား၁ ညောင်ပင်သာ
၂၇	ရပ/၁၀၁၈	မယဉ်ယဉ်နု	ဘောဂဗေဒ	ဘောရှိရွာ

အောင်မြင်သူ စုစုပေါင်း ၉၀ ဦး
ဂုဏ်ထူးရှင်ပေါင်း ၂၇ ဦး
အောင်ချက် ၆၀%

သွေးလှူဒါန်းလိုပါက -
လှိုင်ကော်ပြည်သူ့ဆေးရုံကြီး
(အမျိုးသားသွေးဌာန)
ဆက်သွယ်ရန်ဖုန်း
၀၉၇၈၆၄၉၉၉၈၇၊ ၀၉၄၅၂၈၇၉၅၆၆

ကြော်ငြာ
ကိစ္စ
ဆက်သွယ်
လိုပါက
ဖုန်း –
၀၉၂၆၂၇၂၉၃၅

Advertise with us

KANTARAWADDY TIMES

Bi-monthly Journal:

Online:
www.kantarawaddytimes.org
www.facebook.com/kantarawaddytimes

Contact:
Phone : 09262172935

ကိုထိန်လင်း

သံပန်း ၊ သံတံခါး ၊ ဖြူန်းအုတ်ရိုက်စက်နှင့်
စက်ကရိယာတီထွင်မှုလုပ်ငန်း
မင်း/၂၈ ၊ နန္ဒာလမ်း ၊ မင်းစုရပ် ၊ လွိုင်ကော်မြို့ ၊ (ရုပ်ရှင်ရုံတောင်ဘက်)
"ရွှေညောင်ပင်" အထွေထွေစက်မှုလုပ်ငန်း ၊ အကွက်အမှတ် (၅၀၀) စက်မှုဇုန်
၀၉ - ၃၆၀၅၈၉၈၂ / ၀၉ - ၂၅၇၉၁၇၂၇၉

“နိုင်ငံ့ဂုဏ်ဆောင် ကစားသမား တွေကို အလေးထားပေးပါ”

Photo -San Nyo Nyo Facebook

ဥုးစေရယ်

တရုတ်နိုင်ငံရဲ့ U 16 Boy’s Cricket T20 2019 မှာ အကောင်းဆုံး ကစားသမားဆု ၂ ဆုရခဲ့တဲ့ခရစ်စတိုဖာဟာဆိုရင် အားကစားမှာထူးချွန်ပြီးတော့ တိုင်းနှင့်ပြည်နယ် အဆင့်သာမက နိုင်ငံ့လက်ရွေးစင် တစ်ဦးလည်း ဖြစ်ပါတယ်။

ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ တရုတ်နှင့် ဟောင်ကောင်တို့မှာ မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် သွားရောက် ယှဉ်ပြိုင်ခဲ့ရသူ ဖြစ်ပါတယ်။

သူကတော့ ကယားပြည်နယ် ဖရူဆိုမြို့နယ် အထက် တန်းကျောင်းမှာ ဒသမတန်း(ဆယ်တန်း) မှာ ပညာသင်ယူနေပါတယ်။ ခရစ်ကတ်(Cricket)ကို ကစားခဲ့တာ လွန်ခဲ့တဲ့ သတ္တမတန်း(၇)တန်းနှစ် ကတည်းက လို့ဆိုပါတယ်။

သူဝါသနာပါတဲ့ အားစကားနည်းဖြစ်လို့ ဆယ်တန်းရောက်တဲ့အခါမှာတော့ နိုင်ငံခြားကိုသွားယှဉ်ပြိုင်ရဖို့ အခွင့်အရေးရလာပါတယ်။

"အားကစားဘက်မှာ သွားရင်တော့ အဆုံးထိ သွားဖို့ရည်မှန်းထားပါတယ်။ တစ်ဝက်တစ်ပျက်တော့ မလုပ်ဘူးပေါ့။ အောင်မြင်တဲ့အထိ ကြိုးစားသွားမယ်ပေါ့။ သူများနိုင်ငံသွားတဲ့အခါမှာ အခက်ခဲရှိတာပေါ့။" လို့ ခရစ္စတိုဖာကသူ့ရဲ့ရည်မှန်းချက်ကို ပြောပြသွားပါတယ်။

ခရစ်ကတ်(Cricket) ကစားချိန်ဆိုရင် အသင်းတစ်သင်းနှင့်တစ်သင်း စည်းလုံးညီညွတ်မှုရှိရင် ဘာအခက်အခဲမှမရှိပဲ ကစားလို့ အရမ်းကောင်းတဲ့ ကစားနည်းလို့ ခရစ္စတိုဖာက ပြောပါတယ်။

သူက "ပြိုင်ပွဲတွေ ရှိတဲ့အချိန်ဆို ကိုယ်နိုင်ဖို့ကလည်း အရေးကြီးတယ်လေ။ အဲချိန်မှာဆိုရင် ကိုယ့်စိတ်က အရမ်းစိတ်လှုပ်ရှားတယ်ပေါ့။ တစ်ခါတစ်လေတော့ စိတ်ဓာတ်ကျတာတွေ ရှိတယ်။ ကိုယ့် အသင်းက မကောင်းရင် စိတ်ဓာတ်ကျရတယ်။" လို့ ပြောပါတယ်။

ဒီတစ်နှစ်အတွင်း အကောင်းဆုံးဆုအနေနဲ့ တရုတ် နိုင်ငံမှာသွားကစားခဲ့တုန်းက ဆု ၂ဆုအပြင် စင်ကာပူနိုင်ငံမှာ သွားကစားခဲ့တုန်းကလည်း ဆုရခဲ့တယ်လို့ဆိုပါတယ်။

အကောင်းဆုံး ကစားသမား၊ အကောင်းဆုံး ဆုပေါ့။ ဒီလိုရဖို့ မလွယ်ဘူးပေါ့။ ဒီလို ရဖို့လည်း တစ်ခါမှမမျှော်မှန်းထားဘူး။ ကစားတာကောင်းရင် ရတယ်။ ကစားတာ မကောင်းရင်တော့ မရဘူးပေါ့။ ဒါပေမဲ့ ဒီလိုဆုကိုရဖို့က ခက်ခဲတယ်။"လို့ ခရစ္စတိုဖာက ပြောပြသွားပါတယ်။

အကောင်းဆုံးဆုတွေရယူပြီးနိုင်ငံတကာတွေမှာ သွားကစားတဲ့သူအနေနဲ့ နိုင်ငံတော်က ထောက်ပံ့ငွေတွေ ပေးတာတွေမရှိဘူးလို့ ပြောပါတယ်။

"သူများနိုင်ငံမှာသွားကစားတဲ့ချိန်မှာတော့ကိုယ့်စရိတ်ကိုပဲပေါ့။ အမေနဲ့ အစ်ကိုတွေပဲ ထောက်ပံ့ပေးတာပေါ့။ အဆင်ပြေသလိုပဲ သွားလာနေရတာပေါ့။"လို့ ခရစ္စတိုဖာက နိုင်ငံကိုယ်စားပြုအဖြစ် နိုင်ငံရပ်ခြားမှာ ယှဉ်ပြိုင်ကစားခဲ့ရပေမဲ့ နိုင်ငံတော်ရဲ့ အထောက်အပံ့ကို မရရှိကြောင်းကို ဆက်ပြောပါတယ်။

ဒီလိုနိုင်ငံ့လက်ရွေးစင် တစ်ဦးဖြစ်လာပြီးတိုင်းပြည်အတွက် နိုင်ငံအတွက် မြို့နယ်အတွက်မိသားစု အတွက် ဂုဏ်ယူစရာ တစ်ခုဖြစ်အောင် ကြိုးစား ဆောင်ရွက်နိုင်ခဲ့လို့ မိသားစုအားလုံးက သူ လိုအပ်တာတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနေတယ်လို့ ခရစ္စတိုဖာ အစ်ကိုဖြစ်သူ ကိုဗျားရယ်က ပြောသွားပါတယ်။

"ဒီကနေ သူသွားမဲ့နေရာ(လွိုင်ကော်) အထိ

အဆက်ဖတ်ရန် စာမျက်နှာ ၁၉ သို့

Sweet Dream စပရိန်မွေ့ရာ၊ ပရိဘောဂ၊ မင်္ဂလာခန်းဝင်ပစ္စည်းအမျိုးမျိုး၊ ခန်းဆီးလိုက်ကာ နှင့် အိမ်တွင်းအလှဆင်လုပ်ငန်း

ဆိုင် (၁) ➡ (ရှမ်း/၃၃) လောပိတလမ်း၊ ရှမ်းစုရပ်။ ဖုန်း – ၀၉-၅၆၀၀၃၅၉၊ ၀၉၄၂၈၀၀၂၉၅။ ဆိုင် (၂) ➡ နှစ်ထပ်ဈေးအပေါ် ထပ် မြောက်ဖက်ခြမ်း။ ဖုန်း – ၀၉-၂၆၀၀၉၀၉၇

နုခက် လယ်ယာသုံးစက်နှင့် ဆောက်လုပ်ရေးသုံးပစ္စည်းဆိုင်

ဆိုင် (၁) ဗဟိုဈေး၊ လွိုင်ကော်မြို့။ Ph: 083 21180, 21870/ 09-5600333
ဆိုင် (၂) ပဒေသာလမ်း၊ ဓမ္မာရုံ၊ လွိုင်ကော်မြို့။ Ph: 083 22007/ 09-5600777
ဆိုင် (၃) ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုးဗြဲမြို့။ Ph: 09-49400030
ဆိုင် (၄) ဒီးမော့ဆို၊ လမ်းခွ၊ ဒေါင်ခါး။ Ph: 083 40347, 09-31015896
ဆိုင် (၅) ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့။ Ph: 081 56078

နုခေတ် မိသားစု လယ်ယာသုံးစက်နှင့် ဆောက်လုပ်ရေးသုံး ပစ္စည်းဆိုင်မှ တလနှစ်ကြိမ် ထုတ် Kantarawaddy Times ဂျာနယ်ကို လစဉ် အစောင် (၄၀) ဖြင့် လစာကို လှူဒါန်းသည်။